# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၂ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၅၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံသို့ရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ် (သတင်းစဉ်)

**စတော့ဟုမ်း ဇွန် ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ကနေဒါနိုင်ငံမှ အဲယားကနေဒါလေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ဇွန် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြင်သစ်နိုင်ငံ ချားလ်းစ်ဒီဂေါလေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာသံအမတ်ကြီး ဦးဟန်သူနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထိုမှတစ်ဆင့် ဆွီဒင်လေကြောင်းလိုင်းဖြင့် ဆွီဒင်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**ကြိုဆို**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မွန်ပြည်နယ် သထုံမြို့စက်မှုနယ်မြေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်သို့ ရောက်ရှိပြီး သထုံမြို့စက်မှုနယ်မြေအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ သထုံမြို့စက်မှုနယ်မြေသို့ ရောက်ရှိကြပြီး စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသည့် အဆောက်အအုံများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကိုစစ်ဆေးရာ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ကော့စတစ်ဆိုဒါစက်ရုံ (သထုံ)အဖြစ်မှ စက်မှုနယ်မြေ (သထုံ)အဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်၊ ရေနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ထားမှု၊ စက်မှုနယ်မြေအတွင်း Solar Process နည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် စိစစ်ညှိနှိုင်းနေမှု၊ ပြည်တွင်းပြည်ပ စက်မှုလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် Expression of interest ခေါ်ယူထားမှု၊ ရင်းနှီးမြှုပ်နှံရန် အဆိုပြုလာသည့်လုပ်ငန်းများ၊ စိစစ်ရွေးချယ်သွားမည့် လုပ်ငန်းစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


## ကောင်းမွန်တဲ့ နှစ်နိုင်ငံကြားဆက်ဆံရေး ဆက်လက်ထိန်းသိမ်းပြီး လူငယ်တွေအချင်းချင်း အပြန်အလှန်ဆက်ဆံမှုက အလွန်အရေးကြီးပါတယ်


စာမျက်နှာ » ၈


## ကာတာ၌ အစာရေစာပြတ်လပ်မှုကို စိုးရိမ်နေရချိန်တွင် အီရန်က လေယာဉ်လေးစင်းဖြင့် ရိက္ခာများပို့ဆောင်


စာမျက်နှာ » ၁၀



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဂုဏ်ယူရခြင်းသည် အဓိက

ဌာနဆိုင်ရာဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ ပြည်သူ့အတွက် ဆောင်ရွက်ပေးမှုမရှိခြင်း၊ ဆောင်ရွက်ပေးရန် အချိန်ဆွဲခြင်း၊ အချို့သောလုပ်ငန်းကိစ္စရပ်များတွင် အစိုးရအဖွဲ့လမ်းညွှန်မှုများစေရန်မှားယွင်းသော တင်ပြချက်များကို အစိုးရ အဖွဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများက တင်ပြနေခြင်းများကို သက်သေအထောက်အထားများဖြင့် တိုင်ကြားပါက အစိုးရအနေဖြင့် ထိရောက်စွာအရေးယူပေးရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများသို့ လာရောက်သော ပြည်သူများကို လိုအပ်သောလမ်းညွှန်မှုများပေး၍ လွယ်ကူမြန်ဆန်အောင် ကူညီပေးခြင်းမျိုးရှိရမည့်အစား ငွေကြေးတစ်စုံတစ်ရာပေးမှ၊ နီးစပ်ရာပွဲစားမှတစ်ဆင့် ဆောင်ရွက်မှအလုပ်ဖြစ်အောင် တမင်ဖန်တီးထားကြောင်း၊ ပြည်သူ့ဝန်ထမ်းများကြားရှိ အဂတိလိုက်စားမှုကို စနစ်တကျဖြေရှင်းရန် လိုအပ်နေဆဲဖြစ်ကြောင်း စသည်ဖြင့် ဌာနဆိုင်ရာဝန်ထမ်း (ဝါ) နိုင်ငံ့ ဝန်ထမ်း (ဝါ) ပြည်သူ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ မကြာသေးမီက ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဝန်ထမ်းများက ပြည်သူလူထုအပေါ် လာဘ်လာဘဖန်တီးရယူမှုများ လျော့နည်းကျဆင်းလာအောင် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်တွင်းဆွေးနွေးမှု၊ ပြန်လည်ရှင်းလင်းဖြေကြားမှုတို့က ဝန်ထမ်းများနှင့် ပြည်သူများအကြား ဆက်ဆံရေး၏ပကတိအခြေအနေသည် နိုင်ငံ၏အပြောင်းအလဲဟု ဆိုသည့်ကာလသို့ ရောက်လာသည့်တိုင်အောင် မပြောင်းလဲသေးဟု ပြဆိုနေသည့်သဖွယ်ပင်ဖြစ်သည်။ သို့မဟုတ်ပါက ပြည်သူအများအပြားနှင့်ဆက်ဆံနေရသည့်နေရာ စားပွဲတစ်လုံးမှ ပါးစပ်ပေါက်တစ်ပေါက်ကြောင့် ကျန်ဝန်ထမ်းများပါ ရောနှောရှုမြင်ခံရခြင်းလည်း ဖြစ်နိုင်သည်။

နိုင်ငံတည်ဆောက်ရေးတွင် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများမှာ အဓိကနေရာတွင် ရှိနေသူများဖြစ်ပြီးကျွမ်းကျင်မှု၊ အရည်အချင်းပြည့်ဝမှု၊ အပတ်တကုတ်ကြိုးပမ်းအားထုတ်မှု၊ ကျင့်ဝတ်နှင့်သစ္စာစောင့်သိရိုသေမှုတို့က ကောင်းမွန်သောအုပ်ချုပ်ရေးတစ်ရပ်ကို ဖြစ်ပေါ်လာစေသည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသောစကားနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေးနှင့်ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေးတို့မှာ အခြေခံအကျဆုံးသော လိုအပ်ချက်များပင်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ပြဋ္ဌာန်းထားရာတွင် ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ရေး၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာထမ်းဆောင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားလာစေရန်နှင့်အရည်အချင်းနှင့် စွမ်းဆောင်ရည်တိုးတက်နေစေရန် အစဉ်ကြိုးစားရေး၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရေး၊ တရားသဖြင့် ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာခြင်းကို ရှောင်ကြဉ်ရေး စသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းထားရာ ကျင့်ဝတ်လိုက်နာသူ၊ စာရိတ္တမြင့်မားသူများပြားလာသည်နှင့်အမျှ ဝန်ထမ်းလောကအပေါ် အများပြည်သူတို့၏ အမြင်မှာလည်း ပို၍ပို၍ကောင်းမွန်လာမည်သာ ဖြစ်သည်။

မကြာသေးမီက UNDP နှင့် မြန်မာနိုင်ငံ စစ်တမ်းသုတေသနအဖွဲ့တို့မှ ကောက်ယူဆောင်ရွက်ခဲ့သည့် စစ်တမ်းတွင် ဖြေဆိုသူ ဝန်ထမ်းများ၏ ၉၁ ရာခိုင်နှုန်းက မိမိတို့၏ အလုပ်ကိုနှစ်သက်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ရသည်ကို ဂုဏ်ယူကြောင်း ဖြေဆိုခဲ့ကြပြီး ၉၇ ရာခိုင်နှုန်းကလည်း လူထုကိုအကျိုးပြုနိုင်သောကြောင့် မိမိတို့၏ အလုပ်အပေါ် စိတ်ကျေနပ်ကြရကြောင်း ဖြေဆိုခဲ့ကြသည်။ ထို့အပြင် ဖြေဆိုသူများ၏ ၉၂ ရာခိုင်နှုန်းက မိမိတို့အကျိုးစီးပွားထက် အများပြည်သူကို အလုပ်အကျွေးပြုရမည့်တာဝန်အား ဦးထိပ်ပန်ဆင်မှုကို တန်ဖိုးထားကြကြောင်း ဖြေဆိုခဲ့ကြသည်ကို စစ်တမ်းတွင် ဖော်ပြထားသည်။

စင်စစ်အားဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြရာတွင် နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကိုထမ်းရသူအဖြစ် ဂုဏ်ယူခြင်းသည်သာ အဓိကဖြစ်ပြီး ဝန်ထမ်းဘဝ၊ ဝန်ထမ်းလစာဖြင့် ချမ်းသာကြွယ်ဝခြင်းကို မမျှော်မှန်းအပ်သည့်အလျောက် အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတို့ကို ပြည်သူ့မျက်နှာထောက်ထား၍ ရှောင်ရှားကြရမည်ဖြစ်ပါကြောင်း။ ။




# မဟာဗောဓိတစ်ထောင်တွင် သစ်ပင်တစ်ထောင်စိုက်ပျိုး၍ သမ္ဗုဒ္ဓေတွင် အမှိုက်ကောက်သန့်ရှင်းရေးကုသိုလ်ယူ



**မုံရွာ ဇွန် ၁၁**

မြန်ပြည်တစ်ဝန်း စိမ်းရောင်လွှမ်းဖို့ သစ်ပင်စိုက်ကြပါစို့ ဟူသောဆောင်ပုဒ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အဖွဲ့နှင့်အတူ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ အပါအဝင် လူထုလူတန်းစားအလွှာအသီးသီး စုပေါင်း၍ ဇွန် ၁၁ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေထိုင်တော်မူ ရုပ်ပွားတော်ကြီးရှေ့တွင် မိုးရာသီ သစ်ပင် ၁၀၀၀ စိုက်ပျိုးကြသည်။

သစ်ပင်တစ်ထောင် စိုက်ပျိုးခြင်းနှင့်အတူ ကမ္ဘာကျော်မိုးညှင်းသမ္ဗုဒ္ဓေစေတီတော် ပရိဝုဏ်အတွင်းနှင့် ဘေးပတ်လည်ရှိ အမှိုက်သရိုက်များကို ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် ဦးဆောင်၍ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကောက်ယူသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ပန်းတစ်ခင်း စမ်းတစ်စင်းရယ်နဲ့

✻ စိတ်ကူးရယ်ချိုချို
ပန်းကိုလို ပန်းကိုပျိုး၊
စံနမူ မြတ်နှလုံး
အပြုံး ကွပ်ရိုး။

✻ မွှေးမွှေးရယ်ကြူကြူ
လေယူရာကြည်ကြည်မွေ့၊
ပန်းကိုခင် ပန်းကိုစိုက်
ပန်းကြိုက်သူတွေ့။

✻ ပန်းမြေရယ်ဖုံဖုံ
ပန်းရိပ်မြုံ ရောင်စုံခင်း၊
ပြုံးအစဉ် မေတ္တာဖွဲ့
လှတဲ့မြင်ကွင်း။

✻ ပန်းလေပြည် ချိုချိုမွှေး
ဆိုဆိုတေး သံသာစဉ်၊
ပန်းရိပ်လွင်ပြင်။
ပန်းတစ်ခင်းရယ်နှင့်
စမ်းတစ်စင်း စီးသံလွင်
တူပျော်ယှဉ် အေးရိပ်ပွား၊
စာကိုခင်
ကဗျာသွင် ဤစာချိုး
မြတ်နိုးစေသား။ ။

**ဖိုလေးလုံးသောင်းကိုကို**

## ရိုးရာယုံကြည်မှုများနှင့် ဓလေ့ထုံးစံများကို မနုဿဗေဒရှုထောင့်မှ ကွင်းဆင်းသုတေသနပြု

**မန္တလေး ဇွန် ၁၁**

ထိုင်းနိုင်ငံ Chiang Mai University, Faculty of Social Sciences နှင့် ရတနာပုံတက္ကသိုလ် မနုဿဗေဒဌာနတို့ပူးပေါင်း၍ လူ့အဖွဲ့အစည်းအတွင်းရှိ ရိုးရာယုံကြည်မှုများနှင့်ဓလေ့ထုံးစံများနှင့် ကျေးရွာလူထု၏ စားသုံးမှုပုံစံပြောင်းလဲလာမှုကို မနုဿဗေဒရှုထောင့်မှလေ့လာခြင်းခေါင်းစဉ်ဖြင့် ဇွန်လပထမပတ်က မန္တလေးမြို့အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်အနီး တောင်သမန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သမန်ကျေးရွာ၊ ဆီမီးထွန်းကျေးရွာ၊ ထန်းတောကျေးရွာ၊ အိုးဘိုကျေးရွာတို့တွင် ကွင်းဆင်းသုတေသနပြုလုပ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၁-၆-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ *ရှေ့စုံမှ*

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စက်မှုနယ်မြေ(သထုံ)ပတ်ဝန်းကျင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုပါ ထည့်သွင်းအကောင်အထည်ဖော်ရန်၊ ဆောင်ရွက်ပြီးခဲ့သော စက်မှုလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်၊ အတွေ့အကြုံများကို အခြေခံပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်၊ ဒေသခံများ အလုပ်အကိုင်ရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့အား စက်မှုနယ်မြေ(သထုံ) အစည်းအဝေးခန်းမ၌ Energeia Asset Management (EAM)ကုမ္ပဏီ တာဝန်ခံက Solar Process နည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်မည့် စီမံချက်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်မှုနယ်မြေအတွင်း ဆိုလာပြား တပ်ဆင်မည့် အဆောက်အအုံနှင့် အထည်ချုပ်စက်ရုံ ဆောင်ရွက်မည့် အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

စက်မှုနယ်မြေ (သထုံ)အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် စက်ရုံမြေ ဧရိယာ ၆၇၈ ဧကပေါ်တွင် ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားသည့် စက်မှုလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ ကုမ္ပဏီခုနစ်ခုက အဆိုပြုလွှာများ တင်သွင်းခဲ့ကြကြောင်း၊ ယင်းအဆိုပြုလွှာများကို စက်မှုဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့များဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပြီး နယ်မြေဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံအတွက် အကျိုးရှိမည့် စက်မှုလုပ်ငန်းများကို ဦးစားပေးရွေးချယ်နေကြောင်း သိရသည်။

အဆိုပြုလွှာ တင်သွင်းခဲ့သည့် လုပ်ငန်းများအနက်မှ သဘာဝဆေးဖက်ဝင်အပင်များမှ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်း၊ သစ်ဥသစ်ဖုများမှ ထုတ်လုပ်သည့် အချိုရည်နှင့် သစ်သီးခြောက်လုပ်ငန်း၊ ဒေသထွက်ရော်ဘာများအား အရည်အသွေးမြင့်သန့်စင်ခြင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ရော်ဘာဆက်စပ်ပစ္စည်းလုပ်ငန်းများကို စိစစ်လျက်ရှိပြီး လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်မှုနယ်မြေ(သထုံ)တွင် ဆောင်ရွက်ရန် လျာထားသည့် Solar Process နည်းပညာသုံး 30 MW လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် လုပ်ငန်းအား အသေးစိတ်လေ့လာမှုများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်း ဆောင်ရွက်နိုင်ပါက စက်မှုနယ်မြေ (သထုံ)အတွင်းရှိ စက်ရုံများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ပံ့ပိုးနိုင်မည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သထုံမြို့ စက်မှုနယ်မြေအား ကြည့်ရှုစစ်ဆေးစဉ်**
(သတင်းစဉ်)

# ဇွန်လဒုတိယအပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၁**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုမိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာသွန်းနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် ဇွန်လဒုတိယ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ဇွန်လဒုတိယ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ကိုးပေမှ ၁၁ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# ရန်ကုန်မြို့တော် သန့်ရှင်းလှပရေးအတွက် စုပေါင်းအမှိုက်ကောက်ကမ်ပိန်းပြုလုပ်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် Clean Yangon Organizer များ ပူးပေါင်းကာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ စုရပ်သတ်မှတ်ပြီး မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့ ဆောင်ပုဒ်နှင့်အညီ အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်ဖ်အုပ်စုများဖွဲ့ကာ သတ်မှတ်ထားသော ရန်ကုန်မြို့လမ်းများပေါ်တွင် အမှိုက်ကောက်ခြင်း ကမ်ပိန်းဆောင်ရွက်ကြသည်။




ယင်းအမှိုက်ကောက် ကမ်ပိန်းတွင် တို့ပြည်၊ တို့ရွာ၊ တို့နေရာသန့်ရှင်းစေဖို့ ဝိုင်းဝန်းစို့၊ လမ်းပေါ်က အမှိုက်တိုင်းဟာ နိုင်ငံသားတိုင်းအတွက် ရှက်စရာပါ။ ရေမြောင်းများ၊ လမ်းကြားများသည် အမှိုက်ပုံမဟုတ်၊ အမှိုက်ဆိုတာ စနစ်တကျပစ်ဖို့ စည်းကမ်းမဲ့ပစ်ဖို့မဟုတ်၊ မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့ ဆောင်ပုဒ်များ ကိုင်ဆောင်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ၊ Clean Yangon Organizer မှအဖွဲ့ဝင်များသည် အဖွဲ့ ၄၂ ဖွဲ့ဖွဲ့ကာ စုစုပေါင်း ၁၀၀၀ ဖြင့် ရန်ကုန်မြို့လမ်းများပေါ်ရှိ အမှိုက်များကို ကောက်သိမ်းကြသည်။ အဆိုပါ အမှိုက်ကောက်သိမ်းနေမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

**သတင်း-ဓာတ်ပုံ-ဇော်မင်းလတ်**

# မုန်တိုင်းကြောင့်ပျက်စီးမှုများအား ပြန်လည်စိစစ်

**တောင်ပြိုလက်ဝဲ ဇွန် ၁၁**

တောင်ပြိုလက်ဝဲရေိယာအတွင်း မိုရာမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်အဆောက်အအုံများကို ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရပ်ကွက်/ကျေးရွာများအတွင်း မောင်တောမြို့နယ်ကုန်သွယ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော် ဦးဆောင်သောအဖွဲ့များက အသေးစိတ်ပြန်လည် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့စိစစ်မှုများဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများတင်ပြသည့် နေအိမ်ပျက်စီးမှုစာရင်းနှင့် လက်ရှိမြေပြင်ပျက်စီးရာတွင် ဆုံးရှုံးမှုတန်ဖိုးများ အမှန်ဟုတ်၊မဟုတ် အဖွဲ့ခွဲပြီး ပြန်လည်စိစစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တစ်နာရီ မိုင် ၄၀အထိ တိုက်ခတ်နိုင်

**နေပြည်တော် ဇွန် ၁၁**

မြန်မာ့ပင်လင်ပြင်အခြေအနေမှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# ပညာသင်ကြားရန် အခက်အခဲရှိသူများအား တက္ကသိုလ်ပညာသင်ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၁၁

**ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ပဉ္စမအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နိုဗိုတယ်ဟိုတယ်၌ကျင်းပရာ ဆေးတက္ကသိုလ်အပါအဝင် အခြားသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅ ဦးအား ပညာသင်ဆုများရရှိသွားသည်။**



"ပညာရေးအတွက် ထောက်ပံ့ပေးတယ်ဆိုတာ သူတို့ရဲ့ ဘဝကို ပြောင်းလဲပေး လိုက်တာပါ။ သူတို့သင်ယူချင်တဲ့ ပညာရပ်ကို အဆင်ပြေချောမွေ့စွာသင်ယူနိုင်ဖို့ ထောက်ပံ့ပေးခြင်းလည်း ဖြစ်ပါတယ်။ ပညာရေးက သူတို့ရဲ့ဘဝကို ပြောင်းလဲသွားနိုင်မှာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ပညာသင်ကြားဖို့ အခက်အခဲဖြစ်နေတဲ့ ကျောင်းသား ကျောင်းသူတွေကို ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်"ဟု ရွှေပါရမီပညာရေးဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က မိန့်ကြားသည်။

ကျောင်းသား ကျောင်းသူ တစ်ဦးချင်းလည်း ပညာသင်ဆုနှုန်းမှာ ဆေးတက္ကသိုလ်အတွက် ငွေကျပ် ၈၀၀၀၀၊ ၉၀၀၀၀၊ ၁၀၀၀၀၀၊ သွား/ဆေးတက္ကသိုလ်အတွက် ငွေကျပ် ၈၀၀၀၀၊ ၉၀၀၀၀၊ နည်းပညာ/ဆိုက်ဘာတက္ကသိုလ်အတွက် ငွေကျပ် ၇၀၀၀၀၊ ၈၀၀၀၀၊ သတင်းအချက်အလက်နှင့် ရေကြောင်းအတွက် ငွေကျပ် ၇၀၀၀၀၊ ၈၀၀၀၀၊ သူနာပြုအတွက် ငွေကျပ် ၅၀၀၀၀၊ ၆၀၀၀၀၊ ပညာရေးတက္ကသိုလ်အတွက် ငွေကျပ် ၄၀၀၀၀၊ ၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ပညာသင်ဆုများကို ၂၀၁၃ ခုနှစ်ကတည်းက နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ် ကျောင်းသား အသစ် ၈၅ ဦးအပါအဝင် တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူစုစုပေါင်း ၇၂၅ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ် စတင်တက်ချိန်မှ ဘွဲ့ရသည်အထိ နှစ်စဉ်၊ လစဉ် သတ်မှတ်ထားသော ထောက်ပံ့ကြေးငွေများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါ ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားသို့ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့လည်း တက်ရောက်ပြီး ပညာရေးနှင့် စပ်လျဉ်း၍ မုဒိတာစကားများ ပြောကြားပေးခဲ့သည်။

ယခုနှစ်အတွက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နှင့် ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရပြီး ပညာသင်ကြားရန် ငွေကြေးအခက်အခဲဖြစ်နေသော ကျောင်းသား ကျောင်းသူ ၈၅ ဦးအား ပညာသင်ဆုများ ရရှိခဲ့သည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## The Asia Banker Leadership Achievement Awards 2017 ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၁၁**

စင်ကာပူနိုင်ငံအခြေစိုက် The Asia Banker Leadership Achievement Awards 2017 ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ဇွန် ၈ ရက် ညနေပိုင်းကစင်ကာပူနိုင်ငံတွင် ကျင်းပရာ The Asia Banker မှ ပေးအပ်သော **"အနာဂတ်လူငယ် ဘဏ်လုပ်ငန်းရှင်ဆု (The Promising Young Banker in Myanmar)"**ဆုကို ဒေါ်နန်းလိုင်းခမ်း ရရှိခဲ့ကြောင်း သိရသည်။ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ "အနာဂတ်လူငယ်ဘဏ်လုပ်ငန်းရှင်ဆု"များကို အာရှပစိဖိတ်ဒေသရှိ ဘဏ်များမှ ၁၁ ဦးနှင့် မြေထဲပင်လယ်ဒေသရှိဘဏ်များမှ သုံးဦး စုစုပေါင်း ၁၄ ဦး ရွေးချယ်ခြင်းခံရသည်။

The Asia Banker မှ သုံးနှစ်တွင် တစ်ကြိမ်သာ ရွေးချယ်ပေးအပ်သော "The Promising Young Banker" ဆုသည် ၂၀၁၄ မှ ၂၀၁၆ ခုနှစ် ကာလအတွင်း ဘဏ်လုပ်ငန်းများကို တိုက်ရိုက် ဦးစီးဆောင်ရွက်နေသည့် အသက်(၄၀)နှစ်အောက် လူငယ်လုပ်ငန်းရှင်များထဲမှ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများကို ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်မှု၊ ဦးစီးဦးဆောင်နိုင်မှုနှင့် အခက်အခဲများကို ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု စသည်တို့အပေါ် အခြေခံအကဲဖြတ်ပြီး၊ အနာဂတ်တွင် ဘဏ်လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုမည့် အလားအလာကောင်းများရှိသည့် လူငယ်ဘဏ်လုပ်ငန်းရှင်များကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ အာရှဒေသတစ်ခွင်ရှိ အောင်မြင်ဦးဆောင်နေသော ဘဏ်များ၏ အကြီးတန်းအုပ်ချုပ်မှုအရာရှိများမှ ကိုက်ညီသူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး ဘဏ်နှင့်ပတ်သက်သော သတင်းထောက်များ၊ လေ့လာဆန်းစစ်သူများ (Analysts)၊ ဘဏ်နှင့် အခြား ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူများ၏ အမြင်များပေါ်တွင် ထပ်မံ၍သေချာစွာ အဆင့်ဆင့် ရွေးချယ်ကာ၊ ၎င်းရွေးချယ်ခံရသူများအား The Asian Banker သုတေသနအဖွဲ့၏ နှိုင်းယှဉ်လေ့လာ သုံးသပ်ချက်များအပေါ်မူတည်၍ အကြံပေးအဖွဲ့သို့ တင်ပြရခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်နန်းလိုင်းခမ်း ဒုတိယအမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို နှစ်စဉ် ပထမနေရာမှ ငါးနှစ်ဆက်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ကြိုတင်ခွန်အမြောက်အမြားကိုလည်း စနစ်တကျပေးသွင်းထားသည်။ ထို့အပြင် ဒေါ်နန်းလိုင်းခမ်း ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည်လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သောနေရာများတွင် ထိရောက်စွာ ကူညီပံ့ပိုးလှူဒါန်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်မှ ယနေ့ထိငွေကျပ် ၁၂၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဒေါ်နန်းလိုင်းခမ်းအား Forbes မဂ္ဂဇင်းကလည်း ၂၀၁၆ ခုနှစ်တွင် အနာဂတ်တွင် စောင့်ကြည့်ရမည့် အာရှတိုက်အတွက် လူငယ်အမျိုးသမီး စီးပွားရေးထူးချွန်လုပ်ငန်းရှင် တစ်ဦးအဖြစ် ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရသည်။ ဒေါ်နန်းလိုင်းခမ်းသည် ၂၀၁၅ ခုနှစ်တွင် "နိုင်ငံ့စွမ်းဆောင်ရှင်ဆု" (နိုင်ငံတော်နှင့် ပြည်သူအတွက်လူမှုရေး အကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)နှင့် "အမျိုးသမီးထူးချွန်စီးပွားရေးလုပ်ငန်းရှင်ဆု" (နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးပြုမှု အကောင်းဆုံး အဖွဲ့အစည်းဆု)တို့ကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ "ထူးချွန်အမျိုးသမီးဂုဏ်ပြုဆု"နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ "မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု စွမ်းဆောင်ရှင်ဆု"တို့ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူမှုထူးချွန်ဆု-ပထမအဆင့်ကိုလည်းကောင်း ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**






## မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) အသင်းမှ စီစဉ်သည့် မြန်မာရာဇဝင်ထဲကခေါင်းဆောင်မှု ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက အမှာစကားပြောကြားပြီး စာရေးဆရာ ဦးကျော်ကျော်လှိုင် (SMART) ၏ ကိုယ်ရေးအကျဉ်းအား မိတ်ဆက်ပေးသည်။ ထို့နောက် စာရေးဆရာ ဦးကျော်ကျော်လှိုင် (SMART) က မြန်မာရာဇဝင်ထဲက ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့် စာတမ်းဖတ်ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်က ဦးကျော်ကျော်လှိုင် (SMART) အား အမှတ်တရလက်ဆောင် ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာသောဧည့်သည်တော်များက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇွန် ၁၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၇၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၄၅ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မောင်လမြိုင်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၂ ဒသမ ၉၅ လက်မစီ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၉၂ လက်မနှင့် မြောက်ဦးမြို့တွင် ၂ ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**(မိုး/ဇလ)**

## အလယ်တန်းအဆင့် ရေဆေးပန်းချီပြိုင်ပွဲကျင်းပ

**သဲကုန်း ဇွန် ၁၁**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (SVA)ရှန်တီ စေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အလယ်တန်းအဆင့် ရေဆေးပန်းချီဆွဲပြိုင်ပွဲကို မေ ၉ ရက် နံနက်က ပြန်/ဆက်ဦးစီးဌာန ကလေးစာဖတ် ခန်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အထက သဲကုန်းကျောင်းသား ကျောင်းသူများက "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်"ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးနိုင်လင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငါးဖမ်းဆီးမှုမရှိရေး မြစ်၊ချောင်းများအတွင်း လိုက်လံစစ်ဆေး

**ပွင့်ဖြူ ဇွန် ၁၁** မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သား/ငါးထုတ်လုပ်မှုတိုးမြှင့်စေရေးနှင့် ရေအောက်သယံဇာတများ ပေါကြွယ်ဝစေရန်ရည်ရွယ်၍ မိုးဦးကာလ ငါးရစ်ငါးသန်များ သားပေါက်ကာလတွင် မြစ်၊ ချောင်းများအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ဘက်ထရီလျှော့တိုက်နည်းဖြင့် ငါးဖမ်းဆီးမှုမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဇွန် ၁၀ ရက် နံနက်ပိုင်းမှစတင်ကာ ပွင့်ဖြူမြို့နယ် နယ်နိမိတ်အတွင်းရှိ သံကိုင်းကျေးရွာနှင့် နန်းတော်ကျွန်းကျေးရွာအကြားရှိ ရေဝတီမြစ်ရိုးတစ်လျှောက် ငါးဖမ်းဆီးမှုများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

❊ ကျောဖုံးမှ

ယနေ့အထိ တပ်မတော်အရာရှိ ရုပ်အလောင်းသုံးလောင်းနှင့် စစ်သည် ရုပ်အလောင်းနှစ်လောင်း အပါအဝင် အမျိုးသားရုပ်အလောင်း ၂၆ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၃ လောင်း၊ ကလေးရုပ်အလောင်း ကိုးလောင်းနှင့် ကျား၊ မ မခွဲခြားနိုင် ရုပ်အလောင်း တစ်လောင်း စုစုပေါင်းရုပ်အလောင်း ၅၉ လောင်း ရှာဖွေတွေ့ရှိပြီးဖြစ်သည်။


ပင်လယ်ပြင်အတွင်း ရာသီဥတု ကောင်းမွန်မှု အခြေအနေအပေါ်မူတည်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ပျက်ကျခဲ့သည့် Y-8 လေယာဉ် ပြန်လည်ရှာဖွေတွေ့ရှိရေးနှင့် ရုပ်အလောင်းများပြန်လည်ဆယ်ယူရရှိနိုင်ရေးအတွက် ယနေ့တွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က စန်းလန်းကျေးရွာကမ်းခြေ၌ အခြေပြု၍လည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)က ရဟတ်ယာဉ်ဖြင့်လိုက်ပါ၍လည်းကောင်း ရှာဖွေမှုများအား ကြီးကြပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဒေသခံပြည်သူများအတွက် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မိသားစု၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် NGO အဖွဲ့အစည်းများက ချက်ပြုတ်စီမံ၍ အသင့်စားသုံးနိုင်ရေး လိုက်လံဝေငှပေးခဲ့သည်။


ရှာဖွေတွေ့ရှိသော ရုပ်အလောင်းများကို သယ်ဆောင်လာစဉ်

ပင်လယ်ပြင်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများမှ ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာယခုအချိန်အထိရုပ်အလောင်း ၂၇ လောင်းအား ရုပ်အမည်ခွဲခြားမှု ပြုလုပ်နိုင်ခဲ့ပြီး ကျန်ရှိရုပ်အလောင်း ၃၂ လောင်းအား ဥပဒေရေးရာဆေးပညာကျွမ်းကျင်သူများက ဆေးဘက်ဆိုင်ရာ စစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာမိသားစုများက ကြည့်ရှုစစ်ဆေးခြင်းများဖြင့် ရုပ်အမည်အတည်ပြုနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။ ယနေ့နံနက်ပိုင်းတွင် အမျိုးအမည်ခွဲခြားနိုင်ပြီး ကျန်ရစ်သူမိသားစုများက အတည်ပြုနိုင်သည့် ရုပ်အလောင်းလေးလောင်းကို ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ရာ စုစုပေါင်း ရုပ်အလောင်း ၂၃ လောင်းအား သင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




# မုံရွာမြို့ကမ်းနားလမ်းတစ်လျှောက် သာယာလှပရေးအတွက် ကျူးကျော်နေသူများကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းမည်

**မုံရွာ ဇွန် ၁၁**

မုံရွာမြို့နယ်အတွင်း ပေ ၁၂၄၅၀ အရှည်ရှိသော ချင်းတွင်းမြစ်ရေဘေးကာကွယ်ရေးတာတမံပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသောဈေးဆိုင်နှင့် နေအိမ် ၆၀ ၏ ပိုင်ရှင်များကို ဇွန် ၁၆ ရက် နောက်ဆုံးထား ဖယ်ရှားရန်အကြောင်းကြားထားပြီးဖြစ်ရာ လိုက်နာခြင်းမရှိပါက ဆည်မြောင်းတာတမံ အက်ဥပဒေပုဒ်မ (၁၀)အရ တရားစွဲဆိုအရေးယူခြင်းနှင့်အတူ မုံရွာဆိပ်ကမ်းသင်္ဘောဆိပ်ကမ်းပေါ်တင်ထားသော ယခင် ချင်းတွင်းမြစ်သွား သင်္ဘောဟောင်းကြီးများကိုလည်း သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ကာ ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာချင်းတွင်းမြစ် ကမ်းနားတစ်လျှောက် သာယာလှပရေးအတွက် တာပေါင်ပေါ်မှာ ပန်းအလှပင်တွေနဲ့ အရိပ်ရပင်တွေ စိုက်သွားမှာဖြစ်သလို လမ်းဘေးမီးတိုင်တွေမှာ လဲဖို့ကျန်သေးတဲ့မီးကွေးတွေအစား 84Watt ရှိတဲ့ LED မီးလုံးတွေ လဲလှယ်တပ်ဆင်မှာဖြစ်ပါတယ်။ အပန်းဖြေနားနေခုံတွေကိုလည်းဂေါက်ကွင်းပေါက်အထိ ကြော်ငြာကုမ္ပဏီတွေနဲ့ချိတ်ဆက်ပြီး ထပ်မံဖြည့်တင်းသွားပါမယ်။ ဒါ့အပြင် လမ်းဘေးကတ်တုံးတွေကို ဆေးသုတ်ပြီး အပင်ကြီးတွေရဲ့ ကိုင်းတွေရှင်းတာနဲ့ အတူ အပင်ကြီးတွေကို ထုံးသုတ်ပေးသွားမှာဖြစ်ပါတယ်။ ၁၂၄၅၀ ပေရှည်တဲ့ ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ ရန်ပုံငွေကျပ် ၁၉၁ ဒသမ ၈၃ သန်းနဲ့ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၃၁ ဒသမ ၉၁ သန်း စုစုပေါင်းငွေကျပ် ၆၂၃ ဒသမ ၇၄ သန်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ တည်ဆောက်ထားတာပါ။ ချင်းတွင်းတာရိုးပေါ်မှာ ကျူးနေကြတဲ့ လူနေအိမ်နဲ့ဈေးဆိုင်တွေကို ဖယ်ခိုင်းတဲ့အချိန်ရောက်လို့မှမဖယ်ရင် ဥပဒေအရအရေးယူ ဆောင်ရွက်သွားမယ့်အပြင် တာရိုးအတွင်းမြစ်ဘက်မှာရှိတဲ့ ချမ်းလှတို့ ချမ်းအေးတို့လို သင်္ဘောအဟောင်းကြီးပေါ်မှာနေတဲ့ ကျူးကျော်တွေကိုဖယ်ပြီး သင်္ဘောတွေကို နေရာတစ်ခုသတ်မှတ်ဖယ်ရှားသွားမှာ ဖြစ်ပါတယ်"ဟု မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဝင်တစ်ဦးက ပြောသည်။



မုံရွာကမ်းနားတစ်လျှောက် သာယာလှပရေးအတွက် နေ့စဉ်သယ်ယူဆောင်ရွက်လျက်ရှိသော သဲကျောက်လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ထားသော ၁၃ တန်အထက် ပိုမိုတင်ဆောင်ခြင်းမပြုရန်အပြင် သဲကျောက်သမားများက မြစ်ရေနှင့် သဲကျောက်များထွက်ကျဖိတ်စဉ်ခြင်းမရှိအောင် လုံလောက်သောအစီအမံများရှိ မရှိကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် သဲကျောက်တင်ယာဉ်များအနေဖြင့် မုံရွာကမ်းနားလမ်းသာယာလှပရေးအတွက် ကမ်းနားလမ်းတစ်လျှောက် မောင်းနှင်သယ်ဆောင်ခြင်းမပြုဘဲ ကြားလမ်းတစ်ခုမှ သယ်ယူပို့ဆောင်ရန်နှင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိပါက အရေးယူခြင်းအပြင် လုပ်ငန်းပိတ်သိမ်းခြင်းများအထိ ဆောင်ရွက်ခြင်းဖြင့် စည်းကမ်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

"လက်ရှိကမ်းနားလမ်းတစ်လျှောက်လမ်းပြင်ရာမှာ ဘာသွားတွေ့သလဲဆိုတော့ သတ်မှတ်ထားတဲ့ လမ်းခံနိုင်ဝန် ၁၃ တန်ထက် ကျောက်သဲတွေတင်မောင်းတဲ့အတွက် ပျက်တယ်ဆိုတာကိုပါ။ ဒါ့အပြင် မြစ်ရေတွေ ကတ္တရာလမ်းပေါ် နေ့စဉ် ရက်ဆက်ကျတဲ့အတွက်လည်း လမ်းပျက်စေသလို သဲကျောက်တင်ယာဉ်တွေအနေနဲ့ လုံလောက်တဲ့အဖုံးကိုအုပ်ထားတာမရှိဘဲ ဟန်ပြအနေနဲ့သာအုပ်ထားတာကြောင့် သဲနဲ့ကျောက်တွေလမ်းပေါ်ကျရောက်နေတာတွေကို ကြပ်မတ်ရမှာဖြစ်ပါတယ်။ ဒါမှသာ ကမ်းနားလမ်းတစ်လျှောက် သာယာလှပမှာဖြစ်ပါတယ်"ဟု အစိုးရအဖွဲ့တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် ကမ်းနားလမ်းတစ်လျှောက်၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးနှင့် လွှတ်တော်ရှေ့တွင် Landscaping များပြုလုပ်၍ ပန်းအလှပင်များစိုက်ပျိုးထားသလို မီးတိုင်များမှ မီးကွေးများအစား 84Watt LED မီးလုံး ၂၂ လုံး တပ်ဆင်ထားပြီး ကမ်းနားလမ်းတာပေါင်ပေါ်တွင် နားနေထိုင်ခုံငါးခုနှင့်အမိုးပါထိုင်ခုံငါးခု ပြုလုပ်ထားကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

✻ ကျောဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

❖ ကျောဖုံးမှ

ဆွဲချနိုင်လောက်တဲ့ မြောင်းအသစ်ဖောက်လုပ်ဖို့ စီမံကိန်းကို အမေရိကန်ဒေါ်လာသန်း ၁၀၀ သုံးစွဲဖို့စီမံချက်ရေးဆွဲပြီးဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ယခုအခါတွင် ရန်ကုန်မြို့လယ်ခေါင်မြို့နယ်နှင့် အခြားမြို့ပေါ်ရပ်ကွက်များတွင် မိုးသည်းထန်စွာရွာသွန်းလိုက်ပြီဆိုလျှင် ရေပြည့်ရေလျှံမှုသည် လမ်းမပေါ်တွင်လည်းကောင်း၊ ရပ်ကွက်များတွင်လည်းကောင်း ဖြစ်ပေါ်နေကြောင်း သိရသည်။ အများဆုံးဖြစ်ပေါ်သည့်နေရာများသည် တာမွေမြို့နယ် ဈေးပတ်ဝန်းကျင်ပုဇွန်တောင်၊ ဆူးလေဘုရားဝန်းကျင်၊ သမိုင်းလမ်းဆုံမှ ကျိုက်ဝိုင်းဘုရားလမ်းတစ်လျှောက်၊မြေနီကုန်း၊ စမ်းချောင်းနှင့် သာကေတ၊ ဒေါပုံမြို့နယ်ရပ်ကွက်များ၊ မြောက်ဥက္ကလာပမြို့နယ် ဆင်ခြေဖုံးရပ်ကွက်များ၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းနှင့် ၁၂ လုံးတန်း မှတ်တိုင်ပတ်ဝန်းကျင်နှင့် အခြားရပ်ကွက်နေရာများတွင်လည်း ရေပြည့်ရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"တချို့ မြို့နယ်တွေမှာဆိုရင် မိုးသည်းထန်စွာရွာလို့ ရေလျှံတယ်ပေါ့။ အဲ့ဒီမှာ ဘာကိုတွေ့ရလဲဆိုရင် တချို့လူနေအိမ်တွေဟာ ကိုယ့်အိမ်ရှေ့မှာ ကွန်ကရစ်တွေကို အသေပိတ်ထားတာတွေ့ရတယ်။ တစ်ပေအကျယ်လောက်ရှိတဲ့ ရေမြောင်းကို ခြောက်လက်မလောက်ရှိတဲ့ ရေမြောင်းတွေအဖြစ်နဲ့လည်းတွေ့ရတယ်။ ဒါက YCDC အနေနဲ့ ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး လုပ်တဲ့အခါမှာ တွေ့ရှိရတဲ့အခက်အခဲတွေပါ။ ရေစွန့်ထုတ်စနစ်တွေ မလုံလောက်ဘဲ လူနေထူထပ်မှုကလည်း ပိုမိုများပြားလာပါတယ်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေလည်း ရှိနေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

လက်ရှိကာလတွင် ရန်ကုန်မြို့ပေါ်ရှိ ရေမြောင်းများသည် မိုးရွာသွန်းမှုများပြားလာလျှင် လမ်းမပေါ်သို့ရေများပြည့်လျှံလာကြောင်း သိရသည်။ ထိုရေများအား ရုတ်တရက်ရေမြောင်းများမှ တစ်ဆင့် မစီးဆင်းနိုင်ခြင်းသည် ထိုရေမြောင်းများ၌ပင် ရေများပြည့်လျှံနေပြီး အချိန်အတော်ကြာမှသာလျှင် တဖြည်းဖြည်းစီးဆင်းနိုင်သည့် ရေမြောင်းများဖြစ်နေသောကြောင့်ဖြစ်သည်။ ရေများဆွဲချနိုင်သည့် ရေထွက်ပေါက်အရေအတွက်နည်းပါးခြင်း၊ ရေစုကန်ဧရိယာများပျောက်ဆုံးခြင်းနှင့် လူဦးရေထူထပ်လာမှု၊ အမှိုက်စွန့်ပစ်မှုစည်းကမ်းမဲ့သောကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေမြောင်းဆက်သွယ်ဖွဲ့စည်းမှုများ ကာလကြာရှည်လာသည်နှင့်အမျှ အားနည်းခြင်းနှင့် အသစ်ဖောက်လုပ်ရမည့် ရေမြောင်းများရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း ရန်ကုန်မြို့ပေါ်နေပြည်သူများ၏ ဝိုင်းဝန်းအကြံပေးပြောကြားချက်များအရ သိရသည်။

# နှလုံးသားမှ စကားသံများ မျှဝေခံစားကြစို့လား . . .

သပြေ




ခေတ်သစ်ကျေးကျွန်ပုံစံ ဖြစ်ရပ်မှန်ဇာတ်လမ်းတိုများကို လူငယ်လူရွယ်တစ်စုက တစ်ပုဒ်ပြီးတစ်ပုဒ် သရုပ်ဖော်တင်ဆက်နေမှုက ရင်နင့်ဖွယ်အတိဖြစ်သည်။

လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာကြသည့် အမျိုးသား၊ အမျိုးသမီးငယ်လေးများကိုယ်တိုင် သူတို့၏ အတွေ့အကြုံများကို ခံစားချက်ကိုယ်စီဖြင့် မျှဝေပေးနေကြသည်။

“နှလုံးသားမှ စကားသံများ မျှဝေခံစားကြစို့လား...” (Let’s all Listen together, with open hearts forever) ခေါင်းစဉ်ဖြင့် လူကုန်ကူးခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Horizon ဟိုတယ်တွင် ကျင်းပရာ လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာခဲ့ကြသည့် လူငယ်လူရွယ်များက ကိုယ်တိုင်ကြုံတွေ့ခံစားရမှုများကို ပါဝင်သရုပ်ဖော်တင်ဆက်ရင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

ဖြစ်ရပ်မှန် ခေတ်သစ်ကျေးကျွန်ဇာတ်လမ်းများအတွက် ဇာတ်ညွှန်း၊ ဇာတ်ကွက်များကို ဇွန်လ ၅ ရက်မှ ၉ ရက်အထိ ပြုလုပ်ခဲ့သော နေရပ်ထံပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ တက်ရောက်လာသူ ၃၄ ဦးတို့၏ တွေ့ဆုံဆွေးနွေးမှုနှင့် အကြံပြုချက်များမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်းလည်း သိရသည်။

“လူကုန်ကူးမှု ပြဿနာများဟာ ခေတ်သစ်ကျေးကျွန်ပုံစံအဖြစ်နဲ့ တဖြည်းဖြည်း ကြီးထွားလာပြီး နိုင်ငံတိုင်း ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတစ်ရပ်ဖြစ်ပါတယ်။ လူကုန်ကူးမှုဟာ အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်တဲ့ ပြစ်မှုကြီးဖြစ်ပြီး ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှု နောက်ကျတဲ့ နိုင်ငံများမှာ ပိုပြီးထိခိုက်နစ်နာတာကို တွေ့ရပါတယ်”ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် မြင့်ထူးက တွေ့ဆုံဆွေးနွေးပွဲ၌ အဖွင့်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

လူကုန်ကူးခံရသူများအတွက် စွမ်းရည်မြှင့်တင်ပေးခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ပြည်ထဲရေးဝန်ကြီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဝေါလ်ဗီရှင်းမြန်မာ (World Vision-Myanmar)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဝေါလ်ဗီရှင်းမြန်မာနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများအပြင် အထူးဖိတ်ကြားထားသူများလည်း တက်ရောက်ဆွေးနွေးကြသည်။

“လူကုန်ကူးမှုဟာ နိုင်ငံဖြတ်ကျော် ဖြစ်ပွားတတ်တဲ့ သဘောသဘာဝရှိတဲ့အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဟာလည်း အလွန်ပင်အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒေသတွင်းသဘောတူညီမှုများ၊ နိုင်ငံတကာသဘောတူညီမှုများနဲ့အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးကို မြန်မာနိုင်ငံအနေနဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်”ဟု ရဲမှူးချုပ်မြင့်ထူးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းတို့ဖြင့် လူမှောင်ခိုတားဆီးကာကွယ်ရေးစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပြီး ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ၂၀၀၇ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ငါးနှစ်စီမံကိန်း နှစ်ကြိမ်ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ ယခုအခါ တတိယငါးနှစ်စီမံကိန်းအဖြစ် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

“ဒီလိုတွေ့ဆုံပွဲကျင်းပရခြင်းဖြင့် ပြန်လည်လွတ်မြောက်လာသူများကိုယ်တိုင်ငင်းတို့ရဲ့အတွေ့အကြုံတွေကို အချင်းချင်း ပြန်လည်မျှဝေနိုင်ပြီး ရရှိတဲ့ အကြံပြုချက်တွေဟာလည်း လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒီအကြံပြုချက်များအရ လိုအပ်ချက်များကို မူတည်ပြီး လာမည့်လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ရဲမှူးချုပ် မြင့်ထူးက ပြောကြားသည်။

> **“လူကုန်ကူးမှုပြဿနာများဟာ ခေတ်သစ်ကျေးကျွန်ပုံစံအဖြစ်နဲ့ တဖြည်းဖြည်း ကြီးထွားလာပြီး နိုင်ငံတိုင်း ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတစ်ရပ် ဖြစ်ပါတယ်။ လူကုန်ကူးမှုဟာ အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်တဲ့ ပြစ်မှုကြီးဖြစ်ပြီး ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံများမှာ ပိုပြီးထိခိုက် နစ်နာတာကို တွေ့ရပါတယ်”**

နေရပ်ထံ ပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲမှ ဆွေးနွေးထားသည့် အကြံပြုချက်များကို ဖတ်ကြားတင်ပြရာ ကြိုတင်တားဆီးကာကွယ်ရေး (Prevention) ကဏ္ဍအတွက် အကြံပြုရာတွင် “ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းအပါအဝင် လူတိုင်းကို အလွယ်တကူ မယုံကြည်ရန်၊ မိမိသွားရောက်လုပ်ကိုင်မည့် အလုပ်အကြောင်းကို သေသေချာချာ ဂဃနဏ သိရန်၊ သွားရောက်လုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းလိပ်စာကို မိသားစုထံတွင် ပေးခဲ့ရန်၊ ပွဲစားနှင့် ပတ်သက်၍ ရရှိနိုင်သော သတင်းအချက်အလက်၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာကို မိသားစုဝင်များအား ပေးထားရန်၊ မိမိသွားရောက်လုပ်ကိုင်မည့်ဒေသ၏ ဘာသာစကား၊ ဒေသအခြေအနေကို လေ့လာထားရှိရန်၊ သွားရောက်လုပ်ကိုင်မည့် အလုပ်နှင့် မိမိကျွမ်းကျင်မှု ရှိ/မရှိ၊ မရှိပါက သေချာစွာ လေ့လာထားနိုင်အောင် အသိပညာပေးခြင်းများ ပြုလုပ်ပေးရန်”အပါအဝင် စုစုပေါင်း(၆)ချက်မှာ အထူးသတိထားရမည့်အချက်များ ဖြစ်နေသည်။

ကာကွယ်စောင့်ရှောက်ရေး(Protection)ကဏ္ဍအတွက် အကြံပြုချက်များအနက်မှ “အိမ်နီးချင်းနိုင်ငံရှိ အချို့ဂေဟာများနှင့် ရဲစခန်းများမှ ဝန်ထမ်းများသည် လူကုန်ကူးခံရသူများကို ရိုက်နှက်ခြင်း၊ လုံလောက်သော အစားအစာထောက်ပံ့မှု မရှိခြင်း၊ နာမကျန်းဖြစ်ပါက ဆေးဝါးကုသမှု မပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ပြုလုပ်ပေးရန် အစရှိသည့် အပြုအမူများဖြင့် ခွဲခြားဆက်ဆံခြင်းများ မပြုလုပ်ရန်အတွက် နှစ်နိုင်ငံအစည်းအဝေးများတွင် ညှိနှိုင်းဆောင်ရွက်ပေးရန်အချက်နှင့် နေရပ်ထံ ပြန်လည်ရောက်ရှိပြီးနောက် လူကုန်ကူးခံရသူများအားလုံး၏ ကျန်းမာရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ စီးပွားရေးပြန်လည်ထူထောင်ရေးများအား ထောက်ပံ့ပေးရန်နှင့် ကူညီဆောင်ရွက်ပေးသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်” အချက်များ အပါအဝင် စုစုပေါင်း(၈)ချက် အကြံပြုထားမှုမှာလည်း အရေးပါသည့် အချက်များဖြစ်၍ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲပြီး သက်ဆိုင်ရာဌာနများပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပေသည်။

မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး (Policy and Cooperation)ကဏ္ဍအတွက် အကြံပြုရာတွင် “နယ်စပ်များရှိ တရားဝင်စစ်ဆေးရေးဂိတ်များအပြင် တရားဝင်မဟုတ်သော နယ်စပ်ဂိတ်ပေါက်၊ ဂယ်ပေါက်များကို အသုံးပြု၍ လူအများအပြားသည် ခိုးဝင်ခြင်း၊ ခိုးထွက်ခြင်း၊ ပွဲစားများက လူခိုးထုတ်ခြင်း ပြုလုပ်နေပါသဖြင့် လူဝင် လူထွက်နှင့် ကားအဝင်အထွက်များကို လူဝင်မှုကြီးကြပ်ရေး၊ လူကုန်တားရဲတပ်ဖွဲ့စသည့် အဓိကဌာနများပါဝင်သည့် စစ်ဆေးရေးအဖွဲ့များဖွဲ့ကာ စနစ်တကျတိကျစွာ စစ်ဆေးဖော်ထုတ်ရန် အချက်၊ လူကုန်ကူးရာတွင် ကုန်ပစ္စည်းများအကြား လူကုန်ကူးခံရသူများကို ဝှက်၍ ခေါ်သွင်း၊ ခေါ်ထုတ်သည့် နည်းလမ်းများကို ယနေ့အချိန်အထိ အသုံးပြုနေဆဲဖြစ်သောကြောင့် ကားများကိုလည်း သေသေချာချာ အသေးစိတ်စစ်ဆေးပေးရန်၊ ရှောင်တခင်စစ်ဆေးခြင်းများလည်း ပြုလုပ်ရန်”အချက်နှင့် “နယ်စပ်ဂိတ်စောင့်များနှင့် လူကုန်ကူးသူပွဲစားများ ပူးပေါင်း၍ လူကုန်ကူးမှုကို စီးပွားဖြစ်ကျူးလွန်နေကြခြင်းကို ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်သည့် နည်းလမ်းတစ်ရပ် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရန်” အချက်များ အပါအဝင် စုစုပေါင်း(၅)ချက် အကြံပြုထားရာ အရေးပါလှသဖြင့် လုပ်ငန်းစီမံချက်တွင် ထည့်သွင်း၍ ထိရောက်စွာ ဆောင်ရွက်သင့်ပေသည်။

ထို့အပြင် တရားစွဲဆိုရေး (Prosecution) ကဏ္ဍအတွက် အကြံပြုရာ၌ “တရားသူကြီးမှ နစ်နာသူများပြောသော စကားများကို အလေးအနက် နားထောင်ပေးရန်၊ တရားရင်ဆိုင်စဉ်အတွင်း နစ်နာသူနှင့် မိသားစုအား ခြိမ်းခြောက်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ပေးပါရန်၊ တရားရုံးမှ တရားခံများကို အမိန့်ချမှတ်ပြီးပါက နစ်နာသူများထံ အကြောင်းကြားပေးရန်၊ အမိန့်ချမှတ်ပြီးပါက နစ်နာသူများ၏ ရပိုင်ခွင့်များ၊ လျော်ကြေးများ ရ/မရ စသည့်နောက်ဆုံးသတင်း အခြေအနေကို နစ်နာသူထံ အကြောင်းကြားပေးရန်၊ မြန်မာပွဲစားများကို ထိထိရောက်ရောက်ဖော်ထုတ်ပြီး အဓိကတရားခံများကို ကွင်းဆက်လိုက်၍ ဖမ်းဆီးအရေးယူပေးရန် အချက်များ အပါအဝင် စုစုပေါင်း (၁၃)ချက်မှာလည်း အရေးကြီးသော အချက်များဖြစ်၍ သက်ဆိုင်ရာအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်”ဟု မြင်ပါသည်။

ထို့နောက် လူကုန်ကူးခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နော်သားဝါးက ၁၉၉၂ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူ ၃၇၀၀ ကျော်ကို ပြန်လည်လက်ခံနိုင်ခဲ့ကြောင်း၊ ထိုင်း၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများမှာ လူကုန်ကူးခံရသူများကို အဓိက ပြန်လည်လက်ခံခဲ့ရကြောင်း၊ လူကုန်ကူးခံရသူများ၏ လိုအပ်ချက်အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ဆောင်နိုင်ရန် ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များ ထောက်ပံ့ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် ဧပြီလအထိ လူကုန်ကူးခံရသူ စုစုပေါင်း ၇၇၂ ဦးကို လူမှုဝန်ထမ်းဦးစီးဌာန ဘတ်ဂျက်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာရဲတပ်ဖွဲ့ဘတ်ဂျက်တို့အပြင် ယူနီဆက်ဖ်နှင့် အိုင်အိုအမ်တို့၏ ကူညီမှုများအပါအဝင် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

လူမဆန်သည့် ပြစ်မှုဖြစ်သော လူကုန်ကူးမှုကို တားဆီးကာကွယ်ရေးအတွက် ဝေါလ်ဗီရှင်းမြန်မာအဖွဲ့အစည်းအနေဖြင့်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်များအတွင်း စီမံချက်ဒေသများ သတ်မှတ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများအပြင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး တက်ကြွစွာ ဆောင်ရွက်လျက်ရှိနေသည်။

ဝေါလ်ဗီရှင်းရုံးသည် အမေရိကန်နိုင်ငံတွင်တည်ရှိပြီး အမေရိကန်အစိုးရနှင့် ဩစတြေးလျအစိုးရတို့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ပြီး လူကုန်ကူးမှုတိုက် ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေသည်။ ၎င်းအဖွဲ့က “Four P & One C” ဟုခေါ်တွင်သည့် ကြိုတင်တားဆီးကာကွယ်ရေး (Prevention)၊ ကာကွယ်စောင့် ရှောက်ရေး (Protection)၊ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး (Policy)၊ တရားစွဲဆိုရေး (Prosecution) နှင့် စွမ်းရည်မြှင့်တင်ရေး (Capacity Building)” နည်းဗျူဟာတို့ဖြင့် ဆက်စပ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုအဖွဲ့က “ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကြောင့် နိုင်ငံတကာသို့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အခြားအာရှနိုင်ငံများသို့ ရွှေ့ပြောင်းမြန်မာအလုပ်သမားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုကာ သွားရောက်လုပ်ကိုင် လျက်ရှိသည်”ဟု လည်းကောင်း၊ ကုလသမဂ္ဂ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအဖွဲ့၏ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်သော ကိန်းဂဏန်းများကို ရည်ညွှန်းပြီး “ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းတွင်ပင် မြန်မာရွှေ့ပြောင်းအလုပ်သမားပေါင်း ၂ ဒသမ ၃ သန်းခန့်ရှိပြီး ထက်ဝက်ခန့်ကသာ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည်” ဟု လည်းကောင်း၊ အခြားသော ကိန်းဂဏန်းများကို ရည်ညွှန်းပြီး “မလေးရှားနိုင်ငံတွင် ခုနစ်သိန်းခန့်၊ စင်ကာပူနိုင်ငံတွင်တစ်သိန်းမှ နှစ်သိန်းကြားရှိနေသည်”ဟု လည်းကောင်း စောင့်ကြည့်ပြီး သတိပေးထောက်ပြထားသည်။

ထို့အပြင် ယင်းအဖွဲ့အစည်းအနေဖြင့် ရပ်ရွာစောင့်ကြည့်ရေးအဖွဲ့ ၃၃ ဖွဲ့၊ အဖွဲ့ဝင်ပေါင်း ၁၀၄၁ ဦး၊ ရပ်ရွာအတွင်း လူကုန်ကူးမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသော ကလေး အဖွဲ့ ၄၉ ဖွဲ့မှ အဖွဲ့ဝင် ၁၃၅၀ တို့ဖြင့် လက်တွဲဆောင်ရွက်နေကြောင်း၊ နေရပ်ပြန်လာသူ ၄၄၄ ဦးကျော်ကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် ကူညီနိုင်ခဲ့ပြီး ၂၃၅ ဦးကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီထောက်ပံ့နိုင်ခဲ့ကြောင်း၊ နေရပ်ထံပြန်လာသူများ တွေ့ဆုံပွဲ (၈)ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ၂၅၇ ဦး တက်ရောက်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ၁၅၇၆ ဦးအား စွမ်းရည်မြှင့်သင်တန်းများ တက်ရောက်စေခဲ့ကြောင်း၊ လူကုန်ကူးမှုနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၆၆၅၂ ဦး ပါဝင်ဆင်နွှဲမှုဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ယင်းအဖွဲ့၏ ဌာနကိုယ်စားလှယ်က တက်ရောက်ဆွေးနွေးခဲ့သည်။

*စာမျက်နှာ ၇ သို့*

# လွိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)ဖွင့်ပွဲ အခမ်းအနားများ ကျင်းပ

နေပြည်တော် ဇွန် ၁၁

**ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် လွိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းနှင့် ဘီလူးချောင်းတံတား (ရှမ်းပိုင်း) ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းကျင်းပသည်။**

ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို မြို့တွင်းလမ်းအပိုင်းရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ လမ်းများကို တိုးချဲ့ခြင်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်လိုက်သည့် လွိုင်ကော်မြို့တွင်းလမ်း သုံးမိုင်ကို ကတ္တရာကွန်ကရစ်(AC)ဖြင့် အဆင့်မြှင့်တင်ခြင်း ပါဝင်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း သုံးမိုင် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရအဖွဲ့သစ်၏ ပထမနှစ်အတွင်း ပေ ၅၀ နှင့်အထက် တံတား ၂၆ စင်း တည်ဆောက်ပေးခဲ့ပြီး ပေ ၁၈၀ နှင့်အထက် တံတားအဖြစ် ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း သံလွင်မြစ်ကူး(တာတမော့)တံတားနှင့် ဒေါ်နိုးကူးတံတားများကို အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း / တံတားများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ မြို့မိမြို့ဖ ဦးပေါလူချမ်း၊ လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဘီလူးချောင်းတံတား(ရှမ်းပိုင်း) ဖွင့်**

ဆက်လက်၍ ဘီလူးချောင်းတံတား (ရှမ်းပိုင်း) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ မြို့မိမြို့ဖ ဦးပေါလူချမ်း၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်တို့က ဘီလူးချောင်းတံတား (ရှမ်းပိုင်း) အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့က ဘီလူးချောင်းတံတား (ရှမ်းပိုင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဒေသခံပြည်သူများ၊ ဧည့်သည်တော်များနှင့်အတူ ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ယနေ့ဖွင့်လှစ်သည့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)သည် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်း၌ တည်ရှိပြီး တံတားအရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

**(သတင်းစဉ်)**



# မော်ကျွန်းနှင့် ကျိုက်လတ်ဆက်သွယ်သော ကျေးရွာ ၃၀ ကျော် အကျိုးပြု အောင်တံခွန်ကားကူးတံတားဖွင့်



**မော်လမြိုင်ကျွန်း ဇွန် ၁၁**

မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စု ဓမ္မာရုံကျေးရွာနှင့် ကျိုက်လတ်မြို့နယ် ဖောင်ရိုးချောင်းကျေးရွာသို့ ဆက်သွယ်သော အောင်တံခွန်ကားကူးတံတားသစ်ဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အောင်တံခွန်ကားကူးတံတားထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဦးဝင်းငွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ ဆရာတော် ဘဒ္ဒန္တကုမာရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တံတားအလှူရှင် ရန်ကုန်မြို့နေ ဦးသိန်းလွင်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အောင်တံခွန်ကားကူးတံတားသစ် အလှူရှင် ဦးသိန်းလွင် ဒေါ်မေသန်းဝင်းမိသားစုတို့က တံတားတည်ဆောက်မှု စာရွက်စာတမ်းများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းထံပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ယင်းအောင်တံခွန်ကားကူးတံတားသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်တို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါအောင်တံခွန်ကားကူးတံတားသစ်အား အလှူရှင်ဦးသိန်းလွင်မိသားစုက ငွေကျပ်သိန်း ၁၅၀၀ ကျော်နှင့် ဒေသခံပြည်သူများက လုပ်အားဒါနတို့ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော ကားကူးတံတားဖြစ်ပြီး တံတားအရှည် ပေ ၃၀၀၊ တံတားအကျယ် ၁၄ ပေ၊ တံတားအမြင့် ၁၈ ပေရှိသော ကားကူးတံတားဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မြန်မာဂီတပွဲတော် နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

မြန်မာ့ရိုးရာနှင့် အနောက်တိုင်း တူရိယာများဖြင့် ပေါင်းစပ်ဖျော်ဖြေသည့် မြန်မာဂီတပွဲတော် (Myanmar Music Festival) ကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပသည်။

ရှေးဦးစွာ ဂီတပွဲတော်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တောဘွဲ့ပဒေသာ သီချင်းဖြင့် စတင်ဖွင့်လှစ်သည်။




ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ထိုင်း၊ အမေရိကန်၊ တရုတ်၊ မလေးရှားနိုင်ငံနှင့် ပီရူးနိုင်ငံတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာနှင့် အနောက်တိုင်း တူရိယာများဖြင့် ပေါင်းစပ်ရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဂီတပွဲတော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် အနောက်တိုင်းဂီတပညာရှင်တို့ ပူးပေါင်း၍ ဂီတပွဲတော်အတွက် ရည်ရွယ်ရေးစပ်ထားသည့် သီချင်းအသစ်ခြောက်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

မြန်မာဂီတပွဲတော်အား ဇွန် ၁၃ ရက်တွင် မန္တလေးမြို့၌လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများ ကြိုတင်ပြင်ဆင်နိုင်ကြစေရန် အသိပေး



**ဝ ဇွန် ၁၁**

ဝမြို့ပေါ်ထရန်စဖော်မာလိုင်းဓာတ်အားပေးနေသော မြို့မီးလင်းရေးပိုင်စက်ကြီးသည် အကြီးစားချွတ်ယွင်းသွားပါသဖြင့် ဌာနမှ အရေးပေါ်အစားထိုးမောင်းနှင်ဓာတ်အားပေးရန် မအီမြို့မှဓာတ်အားပေးစက်အား သယ်ယူလျက်ရှိသည်။ အစားထိုးဓာတ်အားပေးစက်မရောက်မီ ထရန်စဖော်မာများမှ ဓာတ်အားပို့လွှတ်သော နေရာများတွင် လေးရက်ခန့် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် ယခင်ဓာတ်အားပေးခဲ့သော ဌာနပိုင်စက်ကြီးကိုလည်း ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်းကို ဇွန် ၁၁ ရက်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အသိပေးပန်ကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ အဆက်*

ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးမှုတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရ ဦးရဲနိုင်ကလည်း “ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ပြန်ကြားပေးရန် (To Inform)၊ ပညာပေးရန် (To Educate)နဲ့ ဖျော်ဖြေပေးရန် (To entertain) အချက်များနှင့်အညီ နိုင်ငံပိုင်မီဒီယာများဖြစ်တဲ့ ရုပ်မြင်သံကြားနှင့်ရေဒီယို၊ သတင်းစာတို့အပြင် အွန်လိုင်းမီဒီယာများဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေပါတယ်”ဟု ဆွေးနွေးပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်မှုများတွင် သီးခြားအစီအစဉ်များ၊ တေးသီချင်းများ၊ ဇာတ်လမ်းများ၊ နှိုးဆော်ချက်နှင့် ဆောင်ပုဒ်များ၊ သတင်းများထုတ်လွှင့်မှုများဖြင့်လည်းကောင်း၊ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများမှလည်း နံရံကပ်စာစောင်များ၊ ဟောပြောပွဲများ ပြုလုပ်မှုဖြင့်လည်းကောင်း၊ နိုင်ငံပိုင် သတင်းစာများတွင် အယ်ဒီတာ့အာဘော်၊ သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး၊ ဆောင်ပုဒ်များဖော်ပြမှုဖြင့် လည်းကောင်း၊ အွန်လိုင်းမီဒီယာဖြင့် လည်းကောင်း၊ တိုင်းရင်းသားဘာသာ/ စာပေများဖြင့် ထုတ်လွှင့်/ ဖော်ပြမှုတို့ဖြင့်လည်းကောင်း ဆောင်ရွက်နေမှုများအပြင် မိတ်ဖက်မီဒီယာများသို့လည်း ဖြန့်ဝေပေးလျက်ရှိနေသည်။

လူကုန်ကူးခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပြီးစီးခဲ့သည်။ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများအနေဖြင့် ၎င်းတို့ရရှိခဲ့ကြသည့် အတွေ့အကြုံများနှင့် ဆွေးနွေးပွဲမှ ရရှိခဲ့ကြသည့် ဗဟုသုတများကို ပေါင်းစုကာ ၎င်းတို့၏ ရပ်ရွာများအတွင်း ပြန်လည်မျှဝေပေးခြင်းဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအတွက် အထောက်အကူပြုနိုင်မည်ဟု ထင်မြင်သကဲ့သို့ လူကုန်ကူးမှုတိုက်ဖျက်ရေး အနာဂတ်လုပ်ငန်းစဉ်များတွင်လည်း တာဝန်ရှိသူများနှင့် တက်ကြွစွာပူးပေါင်းပါဝင်ကြမည်ဟု ယုံကြည်မျှော်လင့်သည်။

“လူကုန်ကူးခံရတဲ့သူတွေမှာ စိတ်ဒဏ်ရာတွေ အနည်းနဲ့အများ ခံစားရပါတယ်၊ တချို့က တွန်းလှန်ပြီး ပြန်ထလာနိုင်ပေမယ့် တချို့ကတော့ စိတ်ဒဏ်ရာ ကုစားဖို့ အချိန်ပေးရတဲ့အတွက် သူတို့အတွက် အဟန့်အတားဖြစ်နေသလို မိသားစုအတွက်ပါ ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေကြပါတယ်”ဟု နေရပ်ထံပြန်လာသူများ တွေ့ဆုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူတစ်ဦး၏ မှတ်ချက်ပြုပြောစကားကလည်း ရင်ကို ထိခိုက်စေသည်။

“ဒါ့ကြောင့် လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများရဲ့နှလုံးသားက စကားသံများကို မျှဝေခံစားကြပါစို့၊ ဘယ်လိုလူသားကိုမဆို လူကုန်ကူးမှုသားကောင် ဖြစ်မသွားရအောင် အားလုံးအတူတူ လက်တွဲဆောင်ရွက်ပြီး လူကုန်ကူးမှုကြီးကို တွန်းလှန်တိုက်ဖျက်ကြပါစို့”။ ။

# ကောင်းမွန်တဲ့နှစ်နိုင်ငံကြားဆက်ဆံရေး ဆက်လက်ထိန်းသိမ်းပြီး လူငယ်တွေအချင်းချင်း အပြန်အလှန်ဆက်ဆံမှုက အလွန်အရေးကြီးပါတယ်

## သတင်းအဖွဲ့

**မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးအပေါ် ထင်မြင်ချက်ကို သိပါရစေ။**

ဖြေ။ ။ကျွန်တော် ရန်ကုန်မြို့မှာ တာဝန်ထမ်းဆောင်တာ သုံးနှစ်ပြည့်ခဲ့ပါပြီ။ အခု ရန်ကုန်မြို့ကို ကြည့်လိုက်မယ်ဆိုရင် လမ်းထောင့်တွေမှာ သတင်းစာအမြောက်အမြားကို ရောင်းချနေပြီး မိုဘိုင်းဖုန်းကိုင် စကားတပြောပြောလုပ်နေတဲ့လူတွေနဲ့ မြို့ထဲကို မိသားစုလိုက်အပြင်ထွက်လာကြတဲ့ ယာဉ်ကြီးတွေ ယာဉ်ကြောပိတ်ဆို့နေတာတွေကို မြင်တွေ့နေရပါတယ်။

လူတွေအားလုံးက ခွန်အားအပြည့်နဲ့ သွားလာလှုပ်ရှားနေကြတဲ့ ဒီလိုမြို့ရဲ့ ပျားပန်းခပ်လှုပ်ရှားသွားလာမှုမျိုးကို ကျွန်တော်အလွန်နှစ်သက်ပါတယ်။ ဒီလိုအခြေအနေမျိုးကို ကြည့်ရင် ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုကလည်း ခိုင်ခိုင်မာမာ အမြစ်တွယ်လာနေပြီလို့ ခံစားရပါတယ်။ နောက်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်း မြန်မာနိုင်ငံသူနိုင်ငံသားတွေက ရွေးချယ်ခဲ့တဲ့ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာခဲ့ကာ လက်ရှိဦးတည်ချက်ဟာ ပိုမိုစွဲမြဲခိုင်မာလာပြီး နောက်ကြောင်းပြန်လှည့်လို့မရနိုင်တော့တဲ့ အခြေအနေ ဖြစ်လာနေတယ်လို့လည်း ခံစားမိပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေက ရွေးချယ်ထားတဲ့ အစိုးရရဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ဂျပန်အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းပြီး အခုထက်ပိုပြီးတော့ ကူညီထောက်ပံ့မှုတွေ ထပ်မံပေးသွားဖို့ အဆင်သင့်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး။ ။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းစစ်ပွဲများမှ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် ထင်မြင်ချက်ကို သိပါရစေ။**

ဖြေ။ ။မေ ၂၄ ရက်မှ ၂၉ ရက်အထိ -(၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာကို များစွာဂုဏ်ယူမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ နှစ်ပေါင်းကြာမြင့်စွာ ရှုပ်ထွေးလွန်းလှတဲ့ နိုင်ငံရေးအခင်းအကျင်းပေါ်မှာ မြောက်မြားစွာသော သက်ဆိုင်ရာပုဂ္ဂိုလ်တွေက တစ်ချိန်တည်းစုဝေးပြီး ဆွေးနွေးညှိနှိုင်းခြင်းဟာ လွယ်ကူလှတဲ့ကိစ္စတော့ မဟုတ်ဘူးဆိုတာ အားလုံးသိတဲ့အတိုင်းပါပဲ။

ဒါနဲ့တောင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားအဖွဲ့ ရှစ်ဖွဲ့က လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အခြေခံကစလို့ လက်ရှိအစိုးရသစ်လက်ထက်မှာ ဒီအရေးကိစ္စကို ပထမဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားတာက မြန်မာဆိုတဲ့နိုင်ငံက တစ်စုတစ်စည်းတည်းဖြစ်လာဖို့ ကြီးမားတဲ့တွန်းအားနဲ့ အခွင့်အရေးတစ်ခုကို ရရှိလိုက်တာဖြစ်တယ်လို့ ပြောနိုင်တဲ့အတွက် အားတက်မိပါတယ်။ တကယ်လို့ အချိန်တော်တော်ယူရဦးမယ်ဆိုရင်တောင် ဒီအခွင့်အရေးကိုတော့ လက်လွတ်မခံသင့်ဘူးမဟုတ်ပါလား။

အခုအချိန်အထိလည်း ဂျပန်အစိုးရက ဂျပန်အစိုးရရဲ့ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်တဲ့ Mr. Yohei SASAKAWA ကို ဦးဆောင်စေပြီး မြန်မာအစိုးရနဲ့ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေကြားက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အဆင်ပြေချောမွေ့စေဖို့ တစ်ဖက်တစ်လမ်းကနေပြီး တွန်းအားပေးကူညီလာခဲ့ပါတယ်။

ဒါ့အပြင် ယမန်နှစ် နိုဝင်ဘာလမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံကို အလည်အပတ်လာရောက်ခဲ့တဲ့အချိန်မှာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံထောက်ပံ့ကူညီဖို့ ဂျပန်နိုင်ငံက စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး
Mr. Tateshi Higuchi

ဒီလိုစီစဉ်ထားတဲ့ စီမံကိန်းတွေနဲ့ပတ်သက်ပြီး မကြာသေးမီက အခြေအနေကို ပြောပြရမယ်ဆိုရင် ၂၀၁၇ ခုနှစ် မတ်လက ကရင်ပြည်နယ် လေကေ့ကော်မြို့မှာ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းကနေ နှစ်ပေါင်းဆယ်နဲ့ချီ ပြန်မလာဖြစ်ကြတဲ့ ကရင်တိုင်းရင်းသားတွေ မြန်မာနိုင်ငံမှာ ပြန်လည်အခြေချနေထိုင်ဖို့ ပြန်လာခဲ့ကြပါတယ်။ ပြည်တော်ပြန်သူတွေကို လက်ခံရာမှာလိုအပ်တဲ့ လူနေအိမ်များ၊ ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ တံတားများနဲ့ ရေတွင်းများစတဲ့ နေရာထိုင်ခင်းများကို တည်ဆောက်ပေးခဲ့ပါတယ်။

နောက်ပြီး ဒီလို NCA လက်မှတ်ထိုးပြီးတဲ့ တိုင်းရင်းသားလူမျိုးစုဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီပြီး တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုဘဝကို မြှင့်တင်ကာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို လက်တွေ့ခံစားစေပြီး ဒီလိုအကျိုးကျေးဇူးတွေကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ပြသနိုင်ခြင်းဟာ နောက်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အထောက်အကူပြုလိမ့်မယ်လို့ ခိုင်မာစွာယုံကြည်ထားပါတယ်။

**မေး။ ။ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မာနိုင်ငံမှာ စိန်ခေါ်မှုပြဿနာတွေ ရှိပါသလား။ နှစ်နိုင်ငံက ဒီလိုပြဿနာတွေအပေါ် ဘယ်လိုတုံ့ပြန်ဆောင်ရွက်သင့်ပါသလဲ။**

ဖြေ။ ။ယနေ့မြန်မာနိုင်ငံဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးစင်တာလို့ခေါ်နေကြတဲ့ အာရှဒေသအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေပြီး အခွင့်အရေးအများဆုံးရှိနေတဲ့ တိုင်းပြည်လို့လည်း ခံစားရပါတယ်။ ဂျပန်နိုင်ငံက ဝင်ရောက်လာတဲ့ကုမ္ပဏီအရေအတွက်ဟာ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ဂျပန်ကုန်သည်ကြီးများအသင်းရဲ့ စာရင်းအရဆိုရင် ၂၀၁၁ ခုနှစ်မှာ ကုမ္ပဏီ ၅၀ ခန့်သာရှိနေခဲ့ရာမှ ၂၀၁၇ ခုနှစ် ဧပြီလ လက်ရှိအချိန်ထိ ကုမ္ပဏီပေါင်း ၃၄၆ ခုအထိ လျင်မြန်စွာ တိုးတက်လာပါတယ်။

ဒီလိုအခြေအနေ ဖြစ်လာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံငွေပမာဏနဲ့ပတ်သက်ပြီးလည်း သီလဝါအထူးစီးပွားရေးဇုန်နဲ့ စင်ကာပူစတဲ့ တတိယနိုင်ငံများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံလာတဲ့ လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားမယ်ဆိုရင် DICA ရဲ့ စာရင်းဇယားတွေမှာ တိုက်ရိုက်မပေါ်နိုင်ပေမယ့်လည်း အားလုံးပေါင်းပြီး ရေတွက်မယ်ဆိုရင် ဂျပန်လုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အတော်လေးကို မြင့်မားတဲ့အဆင့်အထိ ရောက်ရှိနေတယ်လို့ ပြောနိုင်ပါတယ်။

ဒါ့အပြင် သံအမတ်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အတွက် ဂျပန်နိုင်ငံက ဝင်ရောက်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်အများအပြားဆီက ပွင့်လင်းစွာပြောဆိုမှုများကို နားထောင်ခွင့်များစွာရရှိပါတယ်။ ဟိုအရင်တုန်းက ရန်ကုန်မှာ ရုံးခွဲဖွင့်ခဲ့ဖူးတယ်လို့ပြောကြတဲ့ ဂျပန်ကုမ္ပဏီများ ပြားတာကိုလည်း အံ့အားသင့်စရာပါပဲ။

စီးပွားရေးလုပ်တယ်ဆိုတာ အကျိုးအမြတ်ရရှိဖို့ ရည်ရွယ်တာမှန်ပေမယ့် ဂျပန်လုပ်ငန်းရှင် အားလုံးနီးပါးက မြန်မာနိုင်ငံမှာပဲ အလုပ်လုပ်ချင်တယ်၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပေးချင်တယ်လို့ ပြောဆိုနေကြတာကိုကြည့်ပြီး သူတို့ရဲ့တက်ကြွမှုအပေါ်ကို ကျွန်တော်ကိုယ်တိုင်လည်း အမှန်တကယ် စိတ်လှုပ်ရှားခဲ့မိပါတယ်။

ဒီလိုအခြေအနေတွေကြားမှာ မြန်မာနိုင်ငံမှာ လိုအပ်တဲ့ ဥပဒေရေးဆွဲခြင်းနဲ့ အကောင်အထည်ဖော်ခြင်းအပြင် JICA က ကျွမ်းကျင်ပညာရှင်တွေကို စေလွှတ်ပြီး နည်းပညာပူးပေါင်းကူညီမှုများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေကို မြန်မာအစိုးရက တိုက်ရိုက်ကြားသိနိုင်မယ့်အစီအစဉ်အဖြစ် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော်ကိုယ်တိုင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ အစိုးရ၊ ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှုအစီအစဉ်ကို ကဏ္ဍအလိုက်အစုအဖွဲ့ ငါးဖွဲ့ ဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်ကုမ္ပဏီများသာမကဘဲ UMFCCI နဲ့အတူ လက်တွေ့စီးပွားရေးနယ်ပယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲပြဿနာတွေကို လက်တွေ့ကျကျတင်ပြပြီး အဲဒီစိန်ခေါ်မှုတွေအတွက် အဖြေရှာနေကြပါတယ်။ တစ်ဖန် ဒီလုပ်ဆောင်မှုတွေရဲ့ ရလဒ်တွေက ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ တစ်စိတ်တစ်ပိုင်းထည့်သွင်းထားတဲ့အပြင် အကောက်ခွန်ရှင်းလင်းရေးလုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲဖို့အတွက်လည်း အထောက်အကူဖြစ်နေသလို မြန်မာနိုင်ငံအစိုးရကလည်း လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုအခြေအနေကို လေ့လာစောင့်ကြည့်နေကြတဲ့ ဂျပန်ကုမ္ပဏီများကို တွန်းအားပေးခြင်းဟာလည်း ကျွန်တော့်ရဲ့ အရေးကြီးတဲ့ တာဝန်တစ်ခုဖြစ်တဲ့အတွက် ဒီနေရာကနေပြီး ရင်းနှီးမြှုပ်နှံဖို့ လေ့လာစောင့်ကြည့်နေဆဲကုမ္ပဏီတွေရဲ့ ဆွေးနွေးတိုင်ပင်မှုနဲ့ပတ်သက်ပြီးလည်း အနည်းငယ်ပြောကြားလိုပါတယ်။ အကြီးစားကုမ္ပဏီတွေက စလို့ အထူးသဖြင့် စွန့်စားလုပ်ကိုင်စ၊ အားနည်းတဲ့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေအတွက် အခုအချိန်ကအခွင့်အလမ်းတစ်ခုဖြစ်လို့ သေချာပေါက် ရင်းနှီးမြှုပ်နှံရမယ်လို့ ပြောလို့ မဖြစ်သေးပါဘူး။

ဒီလိုအခြေအနေမှာ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး သုံးနှစ်နောက်ပိုင်း၊ ငါးနှစ်နောက်ပိုင်းကို မျှော်မှန်းနိုင်မယ့် စီမံချက်အစီအစဉ်မျိုးရှိနေခြင်းဟာ သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကို ဖြေဖျောက်ဖို့အတွက် အလွန်အထောက်အကူပြုမယ်လို့ ထင်ပါတယ်။ တန်ဖိုးမြင့်မားတဲ့ထုတ်ကုန်တွေကို ထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေကို ဖိတ်ခေါ်မယ်ဆိုရင် ဒီလိုစီမံချက်အစီအစဉ်မျိုးက ပိုပြီး မရှိမဖြစ်လိုအပ်တယ်လို့ ယူဆမိပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ကတော့ ယမန်နှစ် နိုဝင်ဘာလမှာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံစဉ်က ဂျပန်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့အတိုင်း ငါးနှစ်တာကာလအတွင်း စုစုပေါင်း ဂျပန်ယန်းငွေ ၈၀၀ ဘီလီယံပမာဏရှိတဲ့ ဂျပန်အစိုးရအထောက်အပံ့နဲ့ ဂျပန်ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လက်ရှိမြန်မာနိုင်ငံအစိုးရရဲ့ လုပ်ဆောင်မှုများကို အထောက်အကူဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်မံပြောကြားလိုပါတယ်။

**မေး။ ။ဂျပန်နိုင်ငံရဲ့ မြန်မာနိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ရေးအပိုင်းမှာ ဘယ်လိုအကူအညီမျိုးကို ပေးအပ်ဖို့ရှိပါသလဲ။**

ဖြေ။ ။လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ရေးပိုင်းကို ပြောရမယ်ဆိုရင် Capacity Building လို့လည်း ပြောနိုင်ပါတယ်။ အဲဒီထဲမှာတော့ လိုအပ်တဲ့ သင်တန်းပေးတာတွေ၊ ပညာတော်သင်အဖြစ် ဂျပန်နိုင်ငံမှာ လက်ခံတာမျိုးတွေလည်း ပါဝင်နိုင်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံကို အကူအညီပေးစေလိုတဲ့ လုပ်ငန်းတစ်ခုကတော့ TVET လို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း မြှင့်တင်ဖို့ကိစ္စဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်းသင်တန်းဆိုတဲ့ အထဲမှာ မော်တော်ကားပြုပြင်တဲ့ အတတ်ပညာ၊ ဆောက်လုပ်ရေးနဲ့ လျှပ်စစ်၊ ကွန်ကရစ်လုပ်ငန်းအမျိုးမျိုး ပါဝင်ပါတယ်။ ဒီလိုမျိုး အသက်မွေးဝမ်းကျောင်းသင်တန်းပေးဖို့အတွက် ဆက်စပ်တဲ့ အဆောက်အအုံတည်ဆောက်ခြင်း၊ ဆရာဆရာမများကို သင်တန်းပေးခြင်း စသဖြင့် ဘက်ပေါင်းစုံကနေ ကူညီပေးဖို့ စီစဉ်နေပါတယ်။ ဒီနေ့ နေပြည်တော်မှာဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တို့ TVET အသက်မွေးဝမ်းကျောင်းလုပ်ငန်းမြှင့်တင်ခြင်းနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ဒီဆွေးနွေးမှုရလဒ်ကနေ လက်တွေ့ကျကျ ကူညီဆောင်ရွက်သွားဖို့ရှိကြောင်းကိုလည်း ထည့်သွင်းပြောကြားပါရစေ။

**မေး။ ။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့အတွက် ဘယ်လိုထူးခြားတဲ့ အစီအစဉ်တွေ ရှိသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ဂျပန် - မြန်မာနှစ်နိုင်ငံအကြားက ဆက်ဆံရေးသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အတော်ရှည်ကြာခဲ့ပြီဖြစ်လို့ ဂျပန်နိုင်ငံအနေနဲ့ကတော့ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံက နိုင်ငံတကာအသိုက်အဝန်းအတွင်းကို ပြန်ဝင်ဖို့အတွက် အခက်အခဲတွေကို ကျော်ဖြတ်ခဲ့ရတဲ့ ကာလတစ်လျှောက်မှာ စစ်လျော်ကြေး သဘောတူညီချက်ရယူဖို့ဆိုတဲ့ပုံစံမျိုးနဲ့ မြန်မာနိုင်ငံက အစောဆုံးကျောထောက်နောက်ခံပြုပြီး တွန်းအားပေးခဲ့တာကို ဘယ်လိုမှမေ့ပစ်လို့ရမှာမဟုတ်ပါဘူး။ အဲ့ဒီအချိန်က စစ်လျော်ကြေး တစ်စိတ်တစ်ပိုင်းအဖြစ် ဂျပန်နိုင်ငံက ဆောက်လုပ်ပေးအပ်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်ကျော်ကြာအချိန်ကနေ ယခုချိန်ထိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကို အထောက်အကူပြုနေဆဲဖြစ်တဲ့ ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းနဲ့ပတ်သက်လို့ မကြာသေးခင်က ပြန်လည်မွမ်းမံပြင်ဆင်မှု ပြီးစီးသွားပြီဖြစ်လို့ ယခုအခါကောင်းမွန်စွာ လည်ပတ်နေပြီး မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက် များစွာ အကျိုးဖြစ်ထွန်းနေဆဲဖြစ်တဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒါ့အပြင် ယခုလို အထူးကောင်းမွန်တဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်ပြီး အနာဂတ်ကို မျှော်ကြည့်မယ်ဆိုရင် လူငယ်တွေအချင်းချင်း

စာမျက်နှာ ၉ သို့

**စီးပွားရေးလုပ်တယ်ဆိုတာ အကျိုးအမြတ် ရရှိဖို့ ရည်ရွယ်တာမှန်ပေမယ့် ဂျပန်လုပ်ငန်းရှင်အားလုံး နီးပါးက မြန်မာနိုင်ငံမှာပဲ အလုပ်လုပ်ချင်တယ်၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပေးချင်တယ်လို့ ပြောဆိုနေ**



# တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကူမင်းခရီးစဉ်အတွင်း တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲနှင့် လင်ချန်းမြို့များသို့ သွားရောက်လေ့လာပြီး ပြည်နယ်အကြီးအကဲများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စများ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၂၅ ဦး တက်ရောက်မည်ဖြစ်ပြီး ပြခန်းပေါင်း ၃၄ ခန်း ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံရွာမြို့သာယာလှပရေးအတွက် မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ခြောက်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးဆုံးဖြတ်ချက်များချမှတ်

**မုံရွာ ဇွန် ၁၁**

မုံရွာမြို့ သာယာလှပရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် မုံရွာမြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဇွန် ၁၀ ရက်က ခြောက်နာရီကျော်ကြာ တွေ့ဆုံညှိနှိုင်းကာ ပြုလုပ်အကောင်အထည်ဖော်မည့် ကိစ္စရပ်များကို အတည်ပြုဆုံးဖြတ်ခဲ့သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့က မြို့မိမြို့ဖများနှင့်တွေ့ဆုံရာတွင် မုံရွာမြို့အဝင်ရှိ အမြင်မတင့်တယ်သည့် စက်သုံးဆီဆိုင်များကို ရှင်းလင်းဖယ်ရှားရန် ဆွေးနွေးရာ သဘောတူဆုံးဖြတ်ခဲ့ကြသလို မုံရွာ တောင်ရပ်ကွက်ရှိ ကားကြီးကွင်း တိုးချဲ့ရန်ကိစ္စကိုလည်း သဘောတူဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

မုံရွာမြို့၏ အဓိကနေရာတွင် ကျွန်းလေးကျွန်းဖြင့် တည်ရှိကာ ဘုရားကျွန်းပေါ်တွင် ရွှေတိဂုံပုံတူစေတီတည်နေသော ကန်သာယာ ရေကန်သာယာလှပရေးအတွက် အဆင့်မြှင့်မွမ်းမံခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားမည်ဖြစ်သလို လက်ရှိ မုံရွာမြို့နာရီစင်မှ ဗိုလ်ချုပ်ကြေးရုပ်အထိ ဖွင့်လှစ်နေသော ညဈေးတန်းကို မြစ်နန္ဒာခန်းမအနီးမှ ရုံးကြီးလမ်းအတိုင်း စာတိုက်ကွေ့အထိနေရာသို့ ပြောင်းရွှေ့မည့်ကိစ္စကိုလည်း အများစုက သဘောတူသဖြင့် ရက်ပိုင်းအတွင်း ဖွင့်ပွဲပြုလုပ်ကာ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့၏ သွားလာမှုအများဆုံးဖြစ်သည့် ကျောက်ကာလမ်းမကြီးပေါ်ရှိ စိမ်းစိုရုံးရေိယာကို မုံရွာမြို့၏ ကျက်သရေဆောင် ပြည်သူ့ဥယျာဉ်အဖြစ် တည်ဆောက်နိုင်ရေးအတွက် ဦးစီးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့သလိုလက်ရှိ မုံရွာမြို့၏ အကြီးမားဆုံးပြဿနာဖြစ်သည့် အမှိုက်သိမ်းစနစ် ကောင်းမွန်ရေးနှင့် အမှိုက်ပစ်စနစ်ကောင်းမွန်ရေးကို ဆွေးနွေးရာအများက အမှိုက်ပစ်စရာနေရာ ခက်ခဲနေသည့်အတွက် မြေကျင်းတူးကာ အမှိုက်ထည့်ပြီး မြေဖြင့်ပြန်ဖုံးသည့် စနစ်ကို အသုံးပြုရန်အားလုံး သဘောတူညီချက်ဖြင့် ဆုံးဖြတ်ကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မုံရွာမြို့တွင် သုသာန်လေးနေရာရှိသည့်အနက် စစ်ကိုင်းအိုးဘိုတောင် သုသာန်ကို စနစ်တကျရွှေ့ပြောင်းပေးရေးကိုဆွေးနွေးကြရာ နာရေးအတွက်အဆင်ပြေစေရန် လက်ရှိသုံးနေသောမြို့မ သုသာန်နှင့် မြနန္ဒာသုသာန်တို့တွင် မီးသင်္ဂြိုဟ်စက်တစ်လုံးစီ နောက်ထပ်နှစ်လုံးကို စည်ပင်သာယာမှ လည်းကောင်း၊ သရဏဂုံဆောက်တည်ရန် ဇရပ်တစ်ဆောင်စီဖြင့် နှစ်ဆောင်ကို မုံရွာမြို့မိမြို့ဖများ၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချ သဘောတူခဲ့သည်။ ယင်းသို့ ဆွေးနွေးကြရာတွင် လုပ်ငန်းကိုးခုကို ခေါင်းစဉ်တစ်ခုချင်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာသူ မြို့မိ မြို့ဖများနှင့် မုံရွာ မြို့ချစ်စိတ်ရှိသူများက အကြံပြုဆွေးနွေးကြသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသစ် တစ်နှစ်သက်တမ်း ကာလအတွင်း အားအရဆုံးနှင့် အချိန်ကာလအားဖြင့် အကြာဆုံးတွေ့ဆုံ ဆွေးနွေးသည့် ပထမဆုံးအကြိမ် မုံရွာမြို့ မြို့မိမြို့ဖများဖြင့် တွေ့ဆုံပွဲဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေးစိစစ်နိုင်ရန် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၁**

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် အကျုံးဝင်သောဒေသများကို ဒေသစရိတ်ခံစားခွင့်ပြုခြင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခံစားခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အဆင့်ကော်မတီများမှ တင်ပြလာသော ဒေသများကို စိစစ်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကို ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အဆင့် စိစစ်ရေးကော်မတီများကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခင်က ဝေးလံဒေသများကို အခြေခံအချက်ကြီး (၁၀) ချက်နှင့် စိစစ်ခဲ့ပြီး **လူမှုရေးသင့်တင့်သော ဒေသ၊ လူမှုရေးခက်ခဲသော ဒေသ၊ လူမှုရေးအခက်ခဲဆုံးဒေသ** ဟူ၍ အုပ်စုသုံးစု ခွဲခြားသတ်မှတ်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ အဖွဲ့ဝင်ဝန်ကြီးဌာနများ၏ အကြံပြုတင်ပြချက်များအတိုင်း ပြင်ဆင်ဖြည့်စွက်၍ အခြေခံအချက်ကြီး (၁၁) ချက်ကို စံနှုန်းအဖြစ်ထားရှိသတ်မှတ်ခဲ့ပါကြောင်း၊ ယခင်ဒေသစရိတ် ခံစားခွင့်ပြုထားသည့် မြို့ ၉၈ မြို့ ကျေးရွာအုပ်စု ၂၈၅၆ အုပ်စုရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဒေသစရိတ်များ သတ်မှတ်ခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအနေအထားအပေါ်တွင် မူတည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံတည်ငြိမ်အေးချမ်းမှုပေါ်မူတည်၍ နှစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့် သတ်မှတ်ခြင်း တိုးမြှင့်ရာတွင် လွယ်ကူသော်လည်း လျှော့ချရန်ဆိုသည့်အချက်မှာ ခက်ခဲနိုင်၍ စံနှုန်းသတ်မှတ်ရွေးချယ်မှုများသည် ခိုင်ခိုင်မာမာဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့်လည်း သက်ဆိုင်၍ အချက်အလက်များကို စနစ်တကျသေချာစွာ စိစစ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အဆင့် စိစစ်ရေးကော်မတီများမှ စိစစ်တင်ပြလာသည့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်သင့်သည့် မြို့နှင့် ကျေးရွာအုပ်စုများနှင့် ပတ်သက်၍ အသေးစိတ်နှိုင်းယှဉ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်အဆင့်ကော်မတီများမှ တက်ရောက်လာသည့် ကောင်စီဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများမှ မိမိတို့ ဒေသအလိုက် စိစစ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

အပြန်အလှန်ကူးလူးဆက်ဆံမှုဟာ အလွန်အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။

ကျွန်တော့်လက်ထက်မှာစတင်ခဲ့တဲ့ ဂျပန်နဲ့မြန်မာပြည်သူ အချင်းချင်း အပြန်အလှန်နီးနှောဖလှယ်နိုင်တဲ့ ပွဲတော်တစ်ခုဖြစ်တဲ့ ဂျပန်-မြန်မာပွဲတော်ဟာ တစ်ကြိမ်လောက်သာ ကျင်းပဖြစ်မယ်အထင်နဲ့ စတင်ခဲ့ပေမယ့်လည်း ယခုဆိုရင် လာမယ့်နှစ်မှာ လေးကြိမ်မြောက်ပွဲတော်ကို ကျင်းပနိုင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တွင်းမှာရှိတဲ့ ဂျပန်ယဉ်ကျေးမှုတွေကို အဓိကထား မိတ်ဆက်ပေးနေတဲ့ ဂျပန်ယဉ်ကျေးမှုပြခန်း (Japan Culture House)ကို ပိုမိုတိုးချဲ့ပြီး ဂျပန်ယဉ်ကျေးမှုနဲ့ ဂျပန်ဘာသာစကားတွေအပေါ် စိတ်ဝင်စားမှု အလျင်အမြန်တိုးပွားလာတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပါတယ်။

တစ်ပြိုင်နက်တည်း မြန်မာနဲ့ ဂျပန်ရဲ့ အနုပညာရှင်၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ အချင်းချင်း အပြန်အလှန်နီးနှောဖလှယ်မှုကို တိုးမြှင့်စေဖို့အတွက် ဂျပန်အစိုးရက တည်ထောင်ထားတဲ့ ယဉ်ကျေးမှုနီးနှောဖလှယ်ရေးအဖွဲ့အစည်းဖြစ်တဲ့ Japan Foundation ရဲ့စင်တာကို ကမ္ဘာပေါ်မှာ ၂၅ နေရာမြောက် စင်တာအဖြစ် ဒီရန်ကုန်မြို့မှာ ဖွင့်လှစ်ဖို့အစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒါ့အပြင် ယမန်နှစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂျပန်နိုင်ငံအလည်အပတ်ခရီးစဉ်မှာ နှစ်နိုင်ငံအစိုးရကြား သဘောတူညီမှုရရှိခဲ့တဲ့ JICA အစီအစဉ်နဲ့ နိုင်ငံရပ်ခြားပူးပေါင်းဆောင်ရွက်ရေး လူငယ်စေတနာ့ဝန်ထမ်းများ စေလွှတ်ရေးအစီအစဉ် Japan Overseas Cooperation Volunteers (JOCV) ရဲ့ ပထမအသုတ်ကို ယခုနှစ်အတွင်း စေလွှတ်ဖို့စီစဉ်ထားပါတယ်။ JOCV နဲ့ပတ်သက်ပြီး အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမယ့် လူငယ်မျိုးဆက်တွေက အောက်ခြေအဆင့်ထောက်ပံ့မှု အစီအစဉ်ကတစ်ဆင့် မြန်မာနိုင်ငံအပေါ် အတွင်းကျကျ နားလည်သဘောပေါက်လာပြီး နှစ်နိုင်ငံရဲ့ ရင်းနှီးချစ်ကြည်တဲ့ ဆက်ဆံရေးပိုမိုတိုးတက်ဖို့အတွက် အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို အကူအညီပေးတဲ့နေရာမှာ ဘယ်လိုအခန်းကဏ္ဍကို ဦးစားပေးပြီး ကူညီပေးဖို့ရှိပါသလဲ။**

ဖြေ။ ။ ဂျပန်အစိုးရရဲ့ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်နဲ့ တစ်နှစ်ကို စီမံကိန်းပေါင်း ၆၀ ကနေ ၇၀ အထိ ကူညီထောက်ပံ့လျက်ရှိပါတယ်။ ကျေးရွာလမ်းနဲ့ တံတားဆောက်တာတွေ၊ ကလေးငယ်တွေအတွက် ကျောင်းဆောက်တာတွေ စတဲ့ စီမံကိန်းတွေကို အောက်ခြေအဆင့်မှာ လုပ်ဆောင်လျက်ရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒီစီမံကိန်းတွေစတင်ဖို့ သဘောတူစာချုပ်ချုပ်ဆိုဖို့ ရန်ကုန်ကဂျပန်သံရုံးကို မြန်မာနိုင်ငံနေရာအနှံ့အပြားကနေ တာဝန်ရှိဒေသခံပြည်သူ ပြည်သားများလာရောက်တဲ့အချိန်မှာ ဒေသခံတာဝန်ရှိသူတွေကို ကျွန်တော်ကိုယ်တိုင် လက်ခံတွေ့ဆုံဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပါတယ်။

အဲ့ဒီလိုတွေ့ဆုံတဲ့အခါမျိုးမှာ အမြဲမေးလေ့ရှိတဲ့ မေးခွန်းကတော့ အခုအချိန်မှာ ပြည်သူပြည်သားတွေအတွက် အဓိကအရေးအကြီးဆုံးကိစ္စက ဘာဖြစ်ပါသလဲဆိုတဲ့ မေးခွန်းပါ။ အားလုံးကတော့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စတဲ့အချက်သုံးချက်ကိုပဲ ဖြေကြားကြပါတယ်။

ဂျပန်နိုင်ငံဟာ မြန်မာပြည်သူ ပြည်သားများ တောင့်တနေတဲ့ ဒီလုပ်ငန်းသုံးရပ်ကို ဦးစားပေးပြီး လက်ရှိအစိုးရရဲ့ လမ်းညွှန်မှုအောက်မှာ ညှိနှိုင်းပြီး အစွမ်းကုန်ထောက်ပံ့ကူညီသွားဖို့ ရှိပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ မြန်မာပြည်သူ ပြည်သားများကို ပြောလိုတာရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ မြန်မာပြည်သူ ပြည်သားများရဲ့ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး အဘက်ဘက်ကနေ အစွမ်းကုန်ကူညီနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာ မြန်မာပြည်သူနဲ့ ဂျပန်ပြည်သူများအကြား ကူးလူးဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် လုပ်ဆောင်ရင်းနဲ့ နှစ်နိုင်ငံဆက်ဆံရေး ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# အာဏာတည်မြဲရေးအတွက် အိုင်ယာလန်မြောက်ပိုင်းပါတီနှင့် သဘောတူညီမှုရရှိရန် ဗြိတိန်ဝန်ကြီးချုပ်မေ ကြိုးပမ်း



လန်ဒန် ဇွန် ၁၁

**ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏ ကွန်ဆာဗေးတစ်ပါတီသည် ဗြိတိန်ရွေးကောက်ပွဲအတွင်း ပါလီမန်လွှတ်တော်၏ မဲအများစုကိုမရရှိဘဲ လက်လွှတ်ခဲ့ရပြီးနောက်တွင် ဝန်ကြီးချုပ်မေသည် အာဏာဆက်လက်တည်မြဲရေးအတွက် တနင်္ဂနွေနေ့က အိုင်ယာလန်မြောက်ပိုင်း ပါတီတစ်ခုနှင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းခဲ့ကြောင်းသိရသည်။**

ဥရောပသမဂ္ဂမှဗြိတိန်ခွဲထွက်ရေး ဆွေးနွေးပွဲပြုလုပ်ရန်အချိန် နီးကပ်လာပြီဖြစ်သည်။ သို့သော် ဝန်ကြီးချုပ်ထရီဆာမေ၏ ကွန်ဆာဗေးတစ်ပါတီအတွင်း၌ မေအား ဖယ်ထုတ်ရန်ဥပဒေနည်းအရလှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း သတင်းဖော်ပြမှုများ ရှိလာခဲ့သည်။

အတိုက်အခံအလုပ်သမားပါတီခေါင်းဆောင် ဂျယ်ရမီကော်ဘင်ကမူ ဝန်ကြီးချုပ်ထရီဆာမေသည် ရာထူးမှဖယ်ပေးရလိမ့်မည်ဖြစ်ပြီး မေ၏နေရာတွင် ၎င်းကိုအစားထိုးမည်ဖြစ်သည်ဟု အလေးအနက်ပြောကြားခဲ့သည်ဟု ဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်က ဥရောပအဖွဲ့ဝင် ၂၇ ခုတို့နှင့်အတူ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးနှင့်ပတ်သက်၍ စတင်ဆွေးနွေးခဲ့ချိန်တွင် ဗြိတိန်၏နိုင်ငံရေးအကျပ်အတည်းသည် အဆိုးရွားဆုံးအခြေအနေသို့ရောက်ရှိလာလိမ့်မည်မဟုတ်ဟု ခေါင်းဆောင်များက ခန့်မှန်းခဲ့ကြသည်။

ဗြိတိန်နန်းရင်းဝန်ရုံးက အိုင်ယာလန်မြောက်ပိုင်းရှိ ဒီမိုကရက်တစ်ယူနီယံနစ်ပါတီ (DUP)နှင့် သဘောတူညီမှုအတွက်လျာထားသည့်အခြေခံအချက်များကို သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဗြိတိန်နန်းရင်းဝန်ရုံးက စနေနေ့တွင်ကြေညာခဲ့သည်။

**(ရိုက်တာ)**

## ပါကစ္စတန်အနောက်မြောက်ပိုင်း၌ သတင်းသမားတစ်ဦးသေနတ်ဖြင့်ပစ်သတ်ခံရ

**ကရာချိ ဇွန် ၁၁**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်ထွန်ခွာပြည်နယ်၌ တနင်္ဂနွေနေ့ကသတင်းသမားတစ်ဦးကို သေနတ်သမားတစ်ဦးက သေနတ်ဖြင့်ပစ်သတ်မှုဖြစ်ပွားခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့နှင့်သေဆုံးသူဂျာနယ်လစ်နှင့်သက်ဆိုင်သည့် သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

The K2 Time သတင်းစာမှ အကြီးအကဲဘက်ရှီအာမက်သည် ဟာပါဒေသရှိ၎င်း၏ နေအိမ်အတွင်းရှိနေစဉ် တိုက်ခိုက်ခံရပြီးသေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

အစ္စလမ္မာဘတ်၌အခြေစိုက်ထားပြီး ပက်ရှတိုဘာသာဖြင့်ထုတ်လွှင့်သည့် ခိုင်ဘာရုပ်မြင်သံကြားကုမ္ပဏီက ဂျာနယ်လစ်အသတ်ခံရပြီး သေဆုံးကြောင်းအတည်ပြုခဲ့သည်။

အာမက်သည် နေအိမ်မှ ကီလိုမီတာ ၁၀၀ခန့်ကွာဝေးသည့် အစ္စလမ္မာဘတ်မြို့ ဟာပါရှိ ရုံးသို့သွားမည့်အချိန်တွင် မော်တော်ဆိုင်ကယ်စီးနင်းလာသည့် သေနတ်သမားတစ်ဦးက ၎င်းအားသေနတ်ဖြင့်ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။

သေနတ်သမားသည် သေနတ်ဖြင့်ပစ်သတ်ပြီးသည့်နောက် ချက်ချင်းထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။ ဂျာနယ်လစ်အား လုပ်ကြံသတ်ဖြတ်မှုကိုမည်သူက လုပ်ဆောင်သွားခဲ့ကြောင်း မသိရှိရသေးပေ။ **(ဆင်ဟွာ)**

## ဆီးရီးယားမှဂျော်ဒန်နယ်စပ်သို့ ချဉ်းကပ်လာသူငါးဦးကို ဂျော်ဒန်နယ်ခြားစောင့် တပ်ဖွဲ့ဝင်များက ပစ်သတ်

**အာမန် ဇွန် ၁၁**

ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များက လေ့ကျင့်ပေးလျက်ရှိသည့် သူပုန်အဖွဲ့များအခြေစိုက်ရာ တန့်ဖ်မြို့မှ ဂျော်ဒန်နယ်ခြားစောင့်တပ်ဆီသို့ ချဉ်းကပ်လာသူ ငါးဦးကို ဂျော်ဒန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ပစ်သတ်လိုက်ကြောင်း ဂျော်ဒန်တပ်မတော်က ပြောကြားခဲ့သည်။

အီရန်က ကျောထောက်နောက်ခံပေးထားသည့်တပ်ဖွဲ့ဝင်များသည် အမေရိကန်မဟာမိတ်ဂျက်လေယာဉ်များက ပြန်လည်တိုက်ခိုက်လာရန်လှုံ့ဆော်သည့်အနေဖြင့် အမေရိကန်မြို့စောင့်တပ်အနီးသို့ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိရာ တန့်ဖ်မြို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်အတွင်းက ပေါက်ကွဲလုနီးပါးအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဂျော်ဒန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ၎င်းတို့သည် နယ်ခြားစောင့်တပ်ဆီသို့ ချဉ်းကပ်လာသူများကိုပစ်သတ်ခဲ့ရုံသာမက ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးကိုလည်းဖျက်ဆီးပစ်ခဲ့ကြောင်းပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်က ဖော်ပြထားသည်။ **(ရိုက်တာ)**

# ကာတာ၌ အစာရေစာပြတ်လပ်မှုကိုစိုးရိမ်နေရချိန်တွင် အီရန်ကလေယာဉ်လေးစင်းဖြင့်ရိက္ခာများပို့ဆောင်




**ဒိုဟာ ဇွန် ၁၁**

ကာတာနိုင်ငံ၌ အစာရေစာပြတ်လပ်မှုများဖြစ်ပေါ်လာမည့်အရေးကို စိုးရိမ်ကြောင့်ကြမှုများ ပေါ်ပေါက်လာချိန်တွင် အီရန်သည် စားသောက်ကုန်များပါရှိသည့် ကုန်တင်လေယာဉ်လေးစင်းကို ကာတာသို့ပို့ဆောင်ခဲ့ကြောင်း အီရန်အာဏာပိုင်များက ပြောကြားခဲ့သည်။

အီရန်အနေဖြင့် တန်ချိန် ၁၀၀ ခန့်ရှိသည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ကာတာသို့ ပို့ဆောင်ပေးသွားရန်အတွက်လည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်မှုများကို ကူညီထောက်ပံ့နေသည်ဟူသော စွပ်စွဲချက်ဖြင့် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်နှင့် ဘာရိန်းနိုင်ငံများက ဆက်ဆံရေးဖြတ်တောက်လိုက်ပြီးနောက်တွင် ကာတာသည် နိုင်ငံအတွင်း အစာနှင့်ရေလုံလောက်မှုရရှိရေးအတွက်အီရန်နှင့် တူရကီနိုင်ငံတို့နှင့်ဆွေးနွေးလျက်ရှိသည်။ ကာတာနိုင်ငံအပေါ်စွပ်စွဲချက်များ အားလုံးသည် လိမ်ညာမှု သက်သက်သာဖြစ်သည်ဟု ကာတာအာဏာပိုင်များက ပြောဆိုခဲ့သည်။

နိုင်ငံအပေါ်ပိတ်ဆို့မှုများ ကျရောက်လာပြီးမကြာမီမှာပင် အီရန်လေကြောင်းအဖွဲ့သည် အစာနှင့်ဟင်းသီးဟင်းရွက်များကို ကာတာသို့ရိက္ခာပို့ဆောင်ရေးလေယာဉ်လေးစင်းဖြင့်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

လူဦးရေ ၂ ဒသမ ၅ သန်းရှိပြီး သေးငယ်သည့် ကျွန်းဆွယ်နိုင်ငံတစ်ခုဖြစ်သည့် ကာတာသည် နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသော အစာရေစာလိုအပ်ချက်အတွက်အာရပ်ပင်လယ်ကွေ့ အိမ်နီးချင်းနိုင်ငံများမှ တင်ပို့မှုများကို အားထားနေရသည်ဖြစ်ရာ ယင်းနိုင်ငံများက ကုန်စည်တင်သွင်းမှုကို ဖြတ်တောက်လိုက်သည့်အတွက် အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။ **(ရိုက်တာ)**

## ဆီးရီးယား၌ ကာတာ၏အခန်းကဏ္ဍကို အမေရိကန်နှင့်တူရကီဆွေးနွေး

**ဝါရှင်တန် ဇွန် ၁၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ် ကာဗူဆိုဂလူတို့သည် စနေနေ့ နှောင်းပိုင်းတွင် ဆီးရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အိမ်နီးချင်းအာရပ်ဒေသများနှင့် ကာတာနိုင်ငံ၏အခန်းကဏ္ဍကိုဖုန်းဖြင့်ဆက်သွယ်ပြောဆိုဆွေးနွေးခဲ့ကြကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရင်းမြစ်များအရ သိရသည်။

ပြီးခဲ့သည့်သောကြာနေ့က နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်သည် ဆော်ဒီအာရေဗျနှင့် အခြားသော ပင်လယ်ကွေ့နိုင်ငံများက ကာတာအပေါ်ချမှတ်လိုက်သည့်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် တိုက်တွန်းတောင်းဆိုမှုပြုလုပ်ခဲ့ပြီးနောက်တွင်တေလာဆန်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှုဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ကာတာနိုင်ငံအပေါ်ထိုသို့ပိတ်ဆို့လိုက်ခြင်းက မရည်ရွယ်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျိုးဆက်များကို ပေါ်ပေါက်လာစေရန်ဖန်တီးလျက်ရှိပြီး အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို အမေရိကန်ဦးဆောင်သည့်တိုက်ခိုက်မှုအပေါ် သက်ရောက်လာနိုင်ကြောင်း ရက်တေလာဆန်က ပြောကြားခဲ့သည်။ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှုနှင့် ပတ်သက်သည့် နောက်ထပ်အကြောင်းအရာများကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့သည် အကြမ်းဖက်အဖွဲ့အစည်းများကို ကူညီထောက်ပံ့ပေးနေသည်ဟု စွပ်စွဲကာ ပြီးခဲ့သည့်တနင်္လာနေ့က ကာတာနိုင်ငံကို ပြင်းထန်သည့်ဆက်ဆံရေးဖြတ်တောက်မှုပြုလုပ်ခဲ့သည်။

**(ရိုက်တာ)**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်

# မလှိုင်မြို့ ပန်းအိုင်ဘုရားပွဲတော် ယခင်နှစ်ထက်ပိုမိုစည်ကားလျက်ရှိ

မလှိုင် ဇွန် ၁၁

**မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာအုပ်စုရှိ သမိုင်းဝင်ပန်းအိုင်ရွှေမုဋ္ဌောမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်နယုန်လဆန်း ၁၅ ရက်မှဝါဆိုလဆန်း ၂ ရက်အထိ ၁၈ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။** (အောက်ပုံ)



ယခင်နှစ်များထက် ပိုမိုစည်ကားသော်လည်း အရက်ဆိုင်များပေါ်များလာခြင်းနှင့် လောင်းကစားဝိုင်းများကြောင့် ဘုရားပွဲလာ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်ကြရကြောင်း သိရသည်။

"ပန်းအိုင်ဘုရားပွဲတော်ကို အခြားမြို့ရွာ ဒေသများကပါ လာရောက်ကြတာပါ။ အလားတူ ကျွန်တော်တို့ မလှိုင်မြို့နယ် ကျေးလက်ဒေသတွေက မိမိစိုက်ပျိုးသီးနှံတွေ အရောင်းအဝယ်ကောင်းတဲ့နှစ်တွေဆိုရင် ပိုမိုလာရောက်ဝယ်ယူကြသလို အခြားမြို့ကြီးတွေမှာ သွားရောက်အလုပ်လုပ်ကြတဲ့ မလှိုင်ဒေသခံတွေကလည်း ပန်းအိုင်ဘုရားပွဲတော်အမီ ပြန်လာကြပါတယ်။ ပန်းအိုင်ဘုရားပွဲတော်မှာ မိမိလိုချင်တဲ့ပစ္စည်းတွေကို ဈေးသက်သာစွာ ဝယ်ယူနိုင်ကြသလို မလှိုင်မြို့နယ်ကထွက်တဲ့ ချည်ထည်တွေ၊ ထန်းပင်မှ ထွက်ရှိတဲ့ ထန်းတောင်း၊ ထန်းဖျာ စတဲ့ပစ္စည်းတွေအပြင် ပခုက္ကူစတဲ့မြို့ကြီးတွေက လာရောင်းကြတဲ့ ဆေးရွက်ကြီးတွေ ပေါ်များစွာ ဝယ်ယူနိုင်ပါတယ်။ ဒီနှစ် ပန်းအိုင်ဘုရားပွဲတော်ဟာ ယခင်နှစ်ထက်ပိုစည်ကားတာ တွေ့ရပါတယ်။ တိုးလို့မပေါက်တဲ့ ဘုရားပွဲတော်ကြီးအတွင်းက ယခင်နှစ်ကဆိုရင် စားသောက်ဆိုင်၊ အရက်ဆိုင်တွေ နည်းပါးသလို လောင်းကစားဝိုင်းတွေလည်းလုပ်တာ မတွေ့မြင်ရပါဘူး။ အခုနှစ်မှာ စားသောက်ဆိုင်၊ အရက်ဆိုင်တွေ၊ လောင်းကစားဝိုင်းတွေလည်း ပေါ်များစွာတွေ့မြင်ကြရပါတယ်။ ဒီလိုမျိုးတွေရှိနေတာကြောင့် ဘုရားပွဲလာပြည်သူများအနေနဲ့ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုရင် သောက်ကြ၊ စားကြ၊ မူးကြ၊ နောက်ဆက်တွဲအနေနဲ့ မလိုလားအပ်တဲ့ မှုခင်းတွေလည်း မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ လောင်းကစားဝိုင်းတွေကြောင့် ဘုရားဖူးလာကြတဲ့ တချို့သော ပြည်သူတွေက လောင်းကစားသမားတွေရဲ့ ဆွဲဆောင်မှုများကြောင့် မိမိပါလာတဲ့ ငွေကအစ ဆုံးရှုံးကြရပါတယ်" ဟု ဘုရားပွဲလာပြည်သူများက ဆိုသည်။ ဘုရားပွဲတော်ဂေါပကအဖွဲ့၏ ထုတ်ပြန်စာတွင် အရက်၊ လောင်းကစားပြုလုပ်ရောင်းချခွင့်မရှိဟု ဖော်ပြထားကြောင်း သိရသည်။

ပန်းအိုင်ရွှေမုဋ္ဌောစေတီတော်သည် မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာ၏ တောင်ဘက် မိတ္ထီလာ-မြင်းခြံသွားကားလမ်းဘေး မိုင်တိုင်အမှတ် (၂၅/၀) အနီး သာစည်-မြင်းခြံသွား မီးရထားလမ်း အရှေ့ဘက် လေးဖာလုံခန့်အကွာ ပန်းအိုင်ကျေးရွာအနီး၌ တည်ရှိသည်။

အဆိုပါစေတီတော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၂၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက ဉာဏ်တော်ကိုးတောင်ဖြင့် စတင်တည်ထားကိုးကွယ်တော်မူခဲ့သည်။ ကောဇာသက္ကရာဇ် ၄၇၉ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးက ဉာဏ်တော်အမြင့် ၂၅ တောင်အထိ မူလစေတီတော်ကို ငုံပြီး တိုးမြှင့်တည်ထားကိုးကွယ်ခဲ့သည်။

ပန်းအိုင်ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ကောဇာသက္ကရာဇ် ၁၃၀၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ဗြိတိသျှစစ်တပ်တို့၏ ဗုံးဒဏ်၊ အမြောက်ဒဏ်ကြောင့် စေတီတော်ကြီး၏ ဉာဏ်တော် တစ်ဝက်နီးပါးရှိ အတောင် ၄၀ ကျော်ခန့် ပြိုကျပျက်စီးမြေခဲ့သည်။ စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော စေတီတော်ကြီးကိုငုံ၍ ပဉ္စမအကြိမ်မြောက် ကောဇာသက္ကရာဇ် ၁၃၀၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ်တွင် ပန်းအိုင် မင်္ဂလာရာမတိုက် တတိယ လေးမြို့ဂိုဏ်းချုပ် ဆရာတော် ဦးပဏ္ဍိတ၊ တိုက်အုပ် ဆရာတော် ဦးဇောတိပါလ၊ တိုက်ကြပ် ဆရာတော်ဦးဝိလာသတို့က ကြီးမှူး၍ တည်ထားခဲ့ကြပြန်သည်။

ယင်းနောက် မပြီးစီးခဲ့သော စေတီတော်မြတ်ကြီး၏ ထီးတော်ကြီး ကို ၁၃၂၀ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်နေ့၌ တင်လှူနိုင်ခဲ့ပြီး ၁၃၂၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကြီးကို အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့သည်။ ပန်းအိုင်ရွှေမုဋ္ဌောစေတီတော်သည် ကျောက်သားစေတီတော်ဖြစ်ပြီး ယခုလက်ရှိ ဉာဏ်တော်အမြင့်မှာ ၁၃၇ တောင် ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

---

# ကြွက်ဝမ်းဖြူများဝင်ရောက်မှုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

**ဟိုင်းကြီးကျွန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီး ကျေးရွာများသို့ ကြွက်ဝမ်းဖြူများ ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၁ ရက် ညနေ ၅ နာရီက ကျောက်ချောင်းကျေးရွာအုပ်စု ခမောက်မော်ကျေးရွာ စိတ္တသုခဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဒေသခံ ၂၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်က ကြွက်များဝင်ရောက်မှုနှင့် ပတ်သက်၍ မစိုးရိမ်ကြရန်နှင့် အစားအစာရှားပါး၍ လာရောက်ခြင်းသာဖြစ်ကြောင်း၊ ကြွက်ဝမ်းဖြူများအား သတ်ဖြတ်ကြပြီးနောက် စားသုံးရန်မသင့်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိပြီးကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ကောလာဟလသတင်းများကို မယုံကြည်စေလိုကြောင်း၊ ဟိုင်းကြီးကျွန်း အနီး ကျေးရွာများသို့ ဝင်ရောက်ခဲ့သည့် ကြွက်ဝမ်းဖြူများကို ဌာနပေါင်းစုံ၏ စစ်ဆေးချက်များအရ လူကိုကူးစက်စေတတ်သောရောဂါပိုးများ မတွေ့ရှိမှုကို ဒေသခံများအား ပြောကြားလိုပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဟိုင်းကြီးကျွန်းမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက စိုက်ပျိုးထားသည့် စပါးခင်းများကို ကြွက်ဖျက်ဆီးမှု မရှိကြောင်း၊ လူနှင့်နီးသော ပတ်ဝန်းကျင်တွင် ကြွက်များကို မတွေ့ရတော့ကြောင်း၊ တောတွင်းသို့ ပြန်လည် ဝင်ရောက်သွားပြီဖြစ်သော ကြွက်များကို လူထုလှုပ်ရှားမှုတစ်ရပ် အနေဖြင့် ဝိုင်းဝန်းခြောက်လှန့် မောင်းထုတ်သွားရန်လိုကြောင်း ဆွေးနွေးခဲ့သည်။

ကျောက်ချောင်း တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာမျိုးမင်းဝင်းက ကြွက်များကို လူအင်အားဖြင့် နှိမ်နင်းရန် လိုအပ်ကြောင်း၊ သာမန်မဟုတ်ဘဲ ထူးခြားစွာ သေဆုံးနေသော ကြွက်များတွေ့ရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဌာနသို့ အမြန်ဆုံး အကြောင်းကြားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ဟိုင်းကြီးကျွန်းမြို့အနီး ကျေးရွာများ၌ ကြွက်ဝမ်းဖြူများ ဝင်ရောက်မှုနှင့်ပတ်သက်၍ ဒေသခံများ၏စုပေါင်း နှိမ်နင်းမှုကြောင့် ယနေ့အချိန်ထိကြွက် ၇၁၅၅ ကောင်ကို ရှင်းလင်းနိုင်ခဲ့ပြီး စနစ်တကျမြေမြှုပ် ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ဖမ်းဆီးနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

---

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအရ ရဟန်းတော်များနေထိုင်ရာ ကျောင်း၊ ကျောင်းတိုက်များမှ အမြဲနေလူပုဂ္ဂိုလ်များကို ဖယ်ရှားသွားမည်

**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများအတွင်း အမြဲနေထိုင်လျက်ရှိသော လူပုဂ္ဂိုလ်များကို ဇူလိုင်လအကုန်တွင် ဖယ်ရှားသွားမည်ဖြစ်ပြီး အဆိုပါရက်ထက် ကျော်လွန်နေထိုင်သူများကို တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တည်ဆဲဥပဒေအရ အရေးယူ**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအမှတ်(၁၄)အရ ရဟန်းတော်များနေထိုင်ရာ ကျောင်း၊ ကျောင်းတိုက်များမှ အမြဲနေ လူပုဂ္ဂိုလ်များ ဖယ်ရှားပေးရန်ကိစ္စနှင့်ပတ်သက်၍ ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိမင်္ဂလာဝွေးချိုတိုက် မေသက်ဘရားသားကျောင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံး၌ အစည်းအဝေးကျင်းပခဲ့ရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဘုရားရှင်၏ အလိုဆန္ဒတော်နှင့် လည်းကောင်း၊ ဓမ္မဝိနယများနှင့်လည်းကောင်း ဆန့်ကျင်နေသည့် သက်ကြီးရွယ်အို၊ သား သမီး ကျောထောက်နောက်ခံမရှိသော ရဟန်းခမည်းတော်၊ မယ်တော်များမှတပါး မာတုဂါမများအပါအဝင် အမြဲနေထိုင်သူ လူပုဂ္ဂိုလ်များကို ဖယ်ရှားပေးရန် ဆုံးဖြတ်ချက် ၁၀/၈၀ ကို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကာ ရပ်ကွက်သံဃနာယကအဖွဲ့များအနေဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ စာရင်းများကောက်ယူပြုစုသွားရန်နှင့် ယင်းစာရင်းများကို စိစစ်၍ ဇူလိုင်လအတွင်း နောက်ဆုံးထား ဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရက်ထက် ကျော်လွန်နေထိုင်သူများကို တာဝန်ရှိအဖွဲ့အစည်းများက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မိန့်ကြားသည်။

အစည်းအဝေးသို့ မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်သာသနာရေးမှူး ဦးဝင်းမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

# အင်္ဂပူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပြိုကျပျက်စီး

**အင်္ဂပူ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဇွန် ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မှတ်တိုင်ကျေးရွာအုပ်စု နွားခြံကျေးရွာ၌ အောင်မြေဘုံသာဘုရားကြီး၏စိန်ဖူးတော်မြေခပျက်စီးခဲ့ပြီး မြောက်ချောကုန်းကျေးရွာ၌ လူနေအိမ်တစ်လုံး၊ ခြောက်ရွာ ကျေးရွာတွင် တစ်လုံး၊ သင်မန်းချောင်းကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီး၊ တစ်လုံးပြိုကျပျက်စီးခြင်းနှင့် ကြို့ပင်ကျေးရွာတွင်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကာ စုစုပေါင်း လူနေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းနှင့် ဘုရား စိန်ဖူးတော်တစ်ခု မြေခပျက်စီးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင် ညွှန်ကြားမှုဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများက သွားရောက်ပြီး လိုအပ်သော အကူအညီများပေးခဲ့ကြောင်းနှင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ထားကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

---

# တေးစီးရီးမိတ်ဆက်ပွဲတွင် ခိုက်ရန်ဖြစ်ပွား လူငယ်တစ်ဦးသေဆုံး

**မန္တလေး ဇွန် ၁၁**

တေးစီးရီးမိတ်ဆက်ပွဲသို့ လာရောက်သည့် လူငယ်အချင်းချင်း စကားများရန်ဖြစ်ရာမှ လူငယ်တစ်ဦး ထိခိုက်ဒဏ်ရာများရရှိ၍ ဆေးရုံတက်ရောက်ကုသစဉ် သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် ည ၈နာရီခန့်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး ပရိုမိုးရှင်းရေိယာတွင်ပြုလုပ်သော တေးစီးရီးမိတ်ဆက်ပွဲသို့ လာရောက်သည့် အောင်ကိုကို(၂၀ နှစ် )၈၈×၈၉လမ်းကြား၊ ၃၁×၃၂လမ်းကြား ချမ်းအေးသာစံမြို့နယ် ၊ နိုင်ဝင်းထွန်း(၁၇ နှစ်) ၃၀×၃၁လမ်းကြား၊ ၈၇ လမ်း ချမ်းအေးသာစံမြို့နယ်၊ ဇေယျာထွန်း(၁၉ နှစ်) ကဉ္စဏမဟီရပ်ကွက် ချမ်းအေးသာစံမြို့နယ်၊ လင်းထက်ရှိန် (၁၈ နှစ်) ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက် ချမ်းအေးသာစံမြို့နယ်တို့ လေးဦးနှင့် ညီညီလင်းမောင်(၁၉နှစ်) ၁၉×၆၂ လမ်းထောင့်၊ နန်းရှေ့ အောင်မြေသာစံမြို့နယ်တို့ စကားများရန်ဖြစ်ခဲ့ရာ အောင်ကိုကိုပါလေးဦးက ထိုးကြိတ် ရိုက်နှက်ခဲ့သဖြင့် ညီညီလင်းမောင်တွင် ဒဏ်ရာများရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မျိုးကောင်း၊ မျိုးသန့် မျိုးစပါးများ မောင်တောခရိုင်ရှိ စိုက်ပျိုးတောင်သူများအား အခမဲ့ထောက်ပံ့

**မောင်တော ဇွန် ၁၁**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့် မျိုးစပါးများကို မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ စိုက်ပျိုးတောင်သူများအား အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း မောင်တောမြို့ ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

"စပါးစိုက်ဧက အကုန်လုံးတော့ မျိုးစပါး မထောက်ပံ့ပေးနိုင်ဘူး။ လမ်းဘေးဝဲယာ ဆက်သွယ်ရေးကောင်းမွန်တဲ့ နေရာ ဌာနရဲ့စိုက်ပျိုးနည်းစနစ်တွေကို လိုက်နာတဲ့တောင်သူတွေကို မျိုးစပါးတွေ ဦးစားပေး ထောက်ပံ့ခဲ့တယ်" ဟု ခရိုင်စိုက်ပျိုးရေးရုံးမှ ဦးစီးမှူး ဦးသာကျော်က ပြောသည်။



မောင်တောခရိုင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် စပါးစိုက်ဧက ခုနစ်သောင်းခန့်ရှိပြီး တချို့နေရာများတွင် သုံးရာသီလုံး စပါးစိုက်ပျိုးနိုင်သည့် နေရာများရှိကြောင်း၊ နေရာတော်တော်များများတွင် တစ်ရာသီသာ စိုက်ပျိုးကြကြောင်း၊ စပါး စိုက်ပျိုးရာတွင် ရေရရှိမှုပေါ်မူတည်ပြီး စိုက်ပျိုးကြကြောင်း ခရိုင်စိုက်ပျိုးရေးရုံးက သိရသည်။

"စိုက်ပျိုးရေး နည်းပညာနဲ့ ပတ်သက်ပြီး ဌာနက ကျေးရွာတွေ အရောက် သင်တန်းပို့ချတာရှိသလို ရုံးကိုခေါ်ပြီး ငါးရွာတစ်အုပ်စု၊ ဆယ်ရွာတစ်အုပ်စုခေါ်ပြီး သင်တန်းတွေပေးတာလည်းရှိတယ်။ အခုဆို လုံခြုံရေး အခက်အခဲရှိတော့ ဌာနတစ်ခုတည်းက သွားလို့ အဆင်မပြေဘူး။ နေရာအနှံ့တော့ မရောက်နိုင်ဘူး။ အနီးစပ်ဆုံးတော့ လုပ်သင့် လုပ်ထိုက်တာ လုပ်ပေးပါတယ်"ဟု ခရိုင်စိုက်ပျိုးရေးရုံးမှ ဦးစီးမှူးက ပြောသည်။

"တောင်သူတွေကို ပြောချင်တာက မျိုးကောင်း၊ မျိုးသန့်တွေ အဓိကထား သုံးစွဲရမယ်။ ဌာနက သတ်မှတ်ထားတဲ့ နည်းစနစ်တွေ လိုက်နာကျင့်သုံးရမယ်။ အခြေအနေပေးတဲ့ နေရာတွေမှာ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်အောင် လုပ်ရမယ်။ အဲ့ဒါမှ တောင်သူတွေရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မယ်"ဟု ၎င်းက ပြောသည်။

ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန အစီအစဉ်ဖြင့် မောင်တောခရိုင် စိုက်ပျိုးရေး ဦးစီးဌာနက ယခုနှစ် စိုက်ပျိုးရာသီအတွက် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့စပါးများကို မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ စိုက်ပျိုးတောင်သူများအတွက် တစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် စပါးတင်းနှစ်ထောင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ် (MNA)**
**ဓာတ်ပုံ-ရဲထွန်း**

# လမ်းမတော်ညဈေးတန်းဘေး ကုန်သေတ္တာတင်ယာဉ်တိုက်၍ အကာအရံတန်းများနှင့် မီးတိုင်ပျက်စီး

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့လမ်းမတော်ကမ်းနားလမ်း ညဈေးတန်းဘေး ကမ်းနားလမ်းသစ် ကွန်ကရစ်ကျောက်လမ်း၏ ၆ လမ်း ကမ်းနားထိပ်အနီးတွင် ဇွန် ၁၀ ရက် ည ၁၂ နာရီခွဲခန့်က ကုန်သေတ္တာတင်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ၁၀ ဘီး ကုန်သေတ္တာတင်ယာဉ်သည် မြို့တွင်းမှလာသော ယာဉ်ကြော၏ဘေးရှိ အကာအရံတန်းနှစ်ဆင့်နှင့်အတူ ညဈေးတန်းမီးတိုင်တစ်တိုင်ပါ တိုက်မိကာ ပျက်စီးသွားသည်။ **(အောက်ဝဲပုံ)**ယာဉ်မောင်းမှာ ထွက်ပြေးမောင်းနှင်သွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောသည်။



ယင်းကမ်းနားလမ်းသစ် ကျောက်လမ်းပေါ်တွင် ကုန်သေတ္တာတင်ယာဉ်အပါအဝင် ကုန်တင်ယာဉ်ကြီးများ စည်းကမ်းတကျမောင်းနှင်ခြင်း အားနည်းနေဆဲဖြစ်သည်။ ကုန်မပါကုန်သေတ္တာ အလွတ်တင်ယာဉ်ကြီးများသည် ကမ်းနားလမ်းမဟောင်းပေါ် ည ၁၂ နာရီမှ နံနက် ၆ နာရီအထိသာ မောင်းနှင်ခွင့်ရှိသည်။ သို့သော် ယင်းအချိန်မတိုင်မီ ညဦးပိုင်းကတည်းက ကမ်းနားလမ်း ညဈေးတန်းရှေ့ရှိ ကမ်းနားလမ်းဟောင်းတစ်လျှောက် အရှိန်မြှင့်မောင်းနှင်နေသော ကုန်ပါကုန်တင်ယာဉ်ကြီးအချို့နှင့် ကုန်ပါမပါမသိနိုင်သော ကုန်သေတ္တာတင်ယာဉ်ကြီးအချို့မောင်းနှင်နေသည်ကို ညစဉ်မြင်တွေ့ရသည်။

**စည်းကမ်းတကျ သွားလာရေး**

ညဈေးတန်းမဖွင့်သေးသည့် ၂၀၁၅ နှင့် ၂၀၁၆ နှစ်လယ် ကာလများအတွင်း ကမ်းနားလမ်းသစ်ပေါ်မှ ကုန်သေတ္တာတင်ယာဉ်အပါအဝင် ကုန်တင်ယာဉ်ကြီးအချို့ ယခုညဈေးတန်းဖွင့်သည့် နေရာများတွင် ရပ်ထားသော အိမ်စီးယာဉ်များအပေါ်သို့ လမ်းဘေးအကာအရံတန်းများကိုပါ တိုက်မိအရှိန်လွန်ကျခဲ့သည့်ဖြစ်စဉ်များရှိခဲ့ရာ ညဈေးတန်း ဘေးတစ်ဖက်တစ်ချက်ရှိ ကမ်းနားလမ်းဟောင်းနှင့် လမ်းသစ်တို့တွင် ကုန်တင်ယာဉ်ကြီးများ စည်းကမ်းတကျသွားလာရေးကို ဆောင်ရွက်ပေးစေလိုသည်ဟု ညဈေးတန်းတွင် ဈေးရောင်းချသူများက ပြောသည်။

**ခင်ဆိုင်**

# စိတ်ကြွရူးသွပ်ဆေးပြား ၃၄ သိန်း စစ်တွေမြို့နယ်၌ သိမ်းဆည်းရမိ

**စစ်တွေ ဇွန် ၁၁**

စစ်တွေမြို့နယ် ရေချမ်းပြင်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်သာမောင်နှင့် တပ်ဖွဲ့ဝင်များသည် ရေချမ်းပြင်ဆိပ်ကမ်းမှ အငူမော်ဆိပ်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် ကုန်ကားများ တင်ဆောင်မှုကို စစ်ဆေးနေစဉ် ယာဉ်မောင်း ဦးအောင်စောသန်း(ခ)မဲလုချေ မောင်းနှင်လာသည့် သွပ်ဆူးကြိုးခွေနှင့် ဘိလပ်မြေအိတ်များတင်ဆောင်လာသော BGO 7L/---- SKAT အမျိုးအစားယာဉ်ကို မသင်္ကာဖွယ် တွေ့ရှိခဲ့ရသည်။

အဆိုပါယာဉ်အား ရဲအုပ်ကျော်သာမောင်နှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်၊ ရာအိမ်မှူး ဦးသန်းထွန်းတို့နှင့်အတူ ရှာဖွေရာ ယာဉ်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သိုဝှက် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းငွေကျပ် ၃၄ သိန်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၀၂၀၀ နှင့် ဦးအောင်စောသန်း(ခ)မဲလုချေထံမှ ငွေကျပ် ၆၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဦးအောင်စောသန်း၏ အစစ်ခံထွက်ဆိုချက်အရ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့် မော်တော်ယာဉ်အား ပုဏ္ဏားကျွန်းမြို့နယ် ရွာဟောင်းပိုင်းနေ စံအောင်ကျော်၏ နေအိမ်မှ မောင်တောမြို့နေ ခင်မောင်သန်းနှင့် ဘသန်းတို့ထံသို့ ငွေကျပ် ၂၀၀၀၀၀ ဖြင့် ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်စောသန်း(ခ)မဲလုချေ၊ စံအောင်ကျော်၊ ခင်မောင်သန်းနှင့် ဘသန်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၀ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊ သွင်းကုန် ၅၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိခဲ့**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၂၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂၄၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၄၄၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၀ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Pajero နှင့် Caldina ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၁၁၅ တုံး (638)Kg ၊ ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြတ်စများ (153) Kg၊ ကျောက်စိမ်းဟု ယူဆရသော ကျောက်ပုတီးစေ့ ၃၇ ထုပ် (153)Kg နှင့် သယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၂၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ ကျောက်ဖြတ်စများနှင့် ကျောက်ပုတီးစေ့များ

# ဘူးသီးတောင်မြို့နယ်၌ ရွာသားတစ်ဦး ပျောက်ဆုံး

**ဘူးသီးတောင် ဇွန် ၁၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှ စာကိုင်းကျေးရွာသားတစ်ဦးအား ဇွန် ၂ ရက် ညပိုင်းတွင် အမည်မသိလူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် စာကိုင်းကျေးရွာနေ ဦးလှစိန်(ခ)အေမာရန်အား ဇွန် ၂ ရက် ည ၁၀ နာရီခွဲခန့်တွင် အမည်မသိလူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ တစ်ရွာတည်းနေ အဒူရှုက္က၊ အီးနူစ်နှင့် ဆာဟတ်တူဆောင်း အပါအဝင် အဖွဲ့တစ်ဖွဲ့မှ ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသဖြင့် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ကာ လူသတ်မှုဖြစ်

**ကျောက်တံခါး ဇွန် ၁၁** -တစ်ရွာတည်းသားချင်း တံတွေးထွေးသည့်ကိစ္စဖြင့် စကားများရန်ဖြစ်ကာ လူသတ်မှုတစ်ခု ဇွန် ၁၀ ရက် ညနေ ၆ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အုတ်ပုံကျေးရွာ၌ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အုတ်ပုံကျေးရွာနေ ဦးစီးနား (၅၁ နှစ်)သည် ညနေ ၆ နာရီခန့်က နေအိမ်ဈေးဆိုင်၌ရှိနေစဉ် တစ်ရွာတည်းနေ ဦးဟီသီရာနား (၄၆ နှစ်)နှင့်သားဖြစ်သူ မောင်ကျန်သာပရာကပ် (၁၅ နှစ်)တို့ရောက်ရှိလာခဲ့ကြောင်း၊ ကျန်သာပရာကပ်က ဦးစီးနားရှိရာဘက်သို့ တံတွေးထွေးခဲ့ရာမှ စကားများရန်ဖြစ်ခဲ့ပြီး ဦးစီးနားက အနားတွင်ရှိသည့် ငုက်ကြီးတောင်ဓားဖြင့်ခုတ်ခဲ့ရာ ဦးဟီသီရာနားမှာ ရရှိသော ဒဏ်ရာများဖြင့်နေရာတွင်သေဆုံးသွားခဲ့ပြီး ကျန်သာပရာကပ်၌ (မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့၍ ကျောက်တံခါး မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဝိုင်းမော်မြို့၌ ဝက်စာကျိုရာမှ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံး

**မြစ်ကြီးနား ဇွန် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့ ရပ်ကွက်(၁)၌ ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝိုင်းမော်မြို့ရပ်ကွက်(၁) ဗန်းမော်လမ်းမကြီးဘေး၌ အိမ်ငှားနေထိုင်သူ ဦးအားပေါ်သည် နေအိမ်၌ ထင်းမီးဖိုဖြင့် ဝက်စာကျိုရာမှ အနီးရှိ ဝါးထရံအား မီးကူးစက်လောင်ကျွမ်းခြင်း ဖြစ်သည်။

ဝိုင်းမော်မြို့ မီးသတ်စခန်းမှ မြို့နယ်ဒုမီးသတ်ဦးစီးမှူး ဦးဝင်းပိုလ်နှင့်အတူ သန္နေနှင့် အရန်တပ်ဖွဲ့ဝင် ၆၈ဦး၊ မြစ်ကြီးနား မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ဝိုင်းမော်မြို့ စည်ပင်သာယာရေးယာဉ်နှစ်စီး၊ မြစ်ကြီးနား စည်ပင်သာယာရေးယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၃ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုဖြစ်စဉ်ကြောင့် ဦးဇော်ဆီး၏ ပေ (၄၀×၂၀)၊ နှစ်ထပ် သွပ်မိုး အုတ်ကာ အဆောက်အအုံ တစ်လုံး၊ ဦးကံဆောင်၏ ပေ (၄၀×၂၀)၊ နှစ်ထပ် သွပ်မိုး အုတ်ကာ အဆောက်အအုံ တစ်လုံး၊ ဒေါ်ခင်စိန်၏ ပေ (၃၀×၂၀)၊ သွပ်မိုး အုတ်ကာ အဆောက်အအုံ တစ်လုံး စုစုပေါင်း နေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဝိုင်းမော်မြို့မရဲစခန်းမှ ဦးအားပေါ်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# တူမီးသေနတ်ဖြင့်ပစ်ခတ် ထွက်ပြေးတိမ်းရှောင်နေသူအား အသေဖမ်းဆီးရမိ

**မိုးနဲ ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ဇွန်လပထမပတ်က ဖြစ်ပွားခဲ့သော မိုးနဲမြို့နယ် မြို့မရဲစခန်း၏ (ပ)၉/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၂၆/၃၀၇ မှ ၃၀၂/၃၂၆/၃၀၇ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ တရားခံ စိုင်းနန္တ(ခ) စိုင်းအိန္တအား ဇွန် ၁၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အသေဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးနဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးစီးအဖွဲ့နှင့် (SSS )ပြည်သူ့စစ်မှ ဦးစိုင်းအိုက်ထွန်း ဦးစီးအဖွဲ့တို့သည် မိုးနဲမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာ မိုက်ဟိုင်းကျေးရွာအုပ်စု နားလွယ်ရွာပျက်အနီးရှိ လယ်ကွင်းအား ပိတ်ဆို့ရှာဖွေရာ လယ်ကွင်းတဲတွင် ပြစ်မှုကျူးလွန်သူအား ရှာဖွေတွေ့ရှိခဲ့ပြီး လက်နက်ချရန် သတိပေးပြောကြားသော်လည်း နာခံမှုမရှိဘဲ လယ်ကန်သင်းရိုးအား အကာအကွယ်ယူ၍ တူမီးသေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့မှ M-22 သေနတ်ဖြင့် ကိုက် ၂၀ ခန့်အကွာမှ ငါးချက် ပြန်လည်ပစ်ခတ်ခဲ့ရာ ကျည်ထိမှန်ဒဏ်ရာများနှင့် အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ အရှည် လေးပေခွဲခန့်ရှိ တူမီးသေနတ်တစ်လက်၊ ခဲဘူးတစ်ဘူး၊ ယမ်းနှစ်ပုလင်းနှင့် အရိုးအသွား ၂၀ လက်မခန့် ဓားရှည်တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တာချီလိတ်၌ ငွေကျပ် သိန်း ၁၁၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ နှစ်ရက်ဆက်တိုက်ဖမ်းမိ

**တာချီလိတ် ဇွန် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ် မြို့နယ် ဖန်မင်အုပ်စုနှင့် လွယ်တော်ခမ်းအုပ်စုတို့၌ ငွေကျပ် သိန်း ၁၁၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်သူများကို နှစ်ရက်ဆက်တိုက် ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့အထွက် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ အိုက်ရှန်း (၃၀ နှစ်) မောင်းနှင်လာသော နံပါတ်မပါ Honda Wave-110 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ် ဆေးပြား ၆၀၀၀၊ ဒေသတန်ဖိုး ငွေကျပ် သိန်း ၉၀ အား ဖမ်းဆီးရမိသည်။

အလားတူ ဇွန် ၁၀ ရက် ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဝမ်ကောင်းမွန်ရွာအနီး တာချီလိတ်-မိုင်းဖြတ်သွားလမ်းမနှင့် ဝမ်ကောင်းမွန်-မယ်လိပါကော်ရွာသွားလမ်းဆုံတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အားချာ (၄၅ နှစ်) သည် နံပါတ်မပါ Honda Wave-110 ဆိုင်ကယ်ဖြင့် မယ်လိပါကော်ရွာဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၀ ဒေသတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၃ သိန်းခန့်အား တွေ့ရှိခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူ အိုက်ရှန်း (၃၀ နှစ်)မိုင်းကန်းရွာ မိုင်းတွမ်းအုပ်စု မိုင်းဆတ် မြို့နယ်နေသူနှင့် အားချာ (၄၅ နှစ်) လွယ်တော်ခမ်းအုပ်စု တာချီလိတ် မြို့နယ်နေသူတို့အား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

# မြောက်ဥက္ကလာပမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်က မြောက်ဥက္ကလာပမြို့နယ် မငုဝါလှိုင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂ ပြားနှင့် ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ သုဓမ္မာလမ်းနှင့် ဘုမ္မာလမ်းထိပ်၌ ဇော်မင်းဌေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈၀ နှင့် ဖုန်းတစ်လုံးကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် New Luck တည်းခိုခန်းရှေ့၌ ကောင်းမြတ်တိုးဦးထံမှ အိုက်စ် ၀ ဒသမ ၀၅ ဂရမ် ငွေကျပ် ၁ ဒသမ ၀၁ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# စုပုံထားသည့် လွှစာမှုန့်များပေါ်သို့ ရုတ်တရက်မိုးရွာချစဉ် မီးလောင်မှုဖြစ်

**နေပြည်တော် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်နေ ဦးဖိုးကျော်(၄၉ နှစ်)၏ သစ်စက်ဝင်းအတွင်း ဇွန် ၁၀ ရက် ည ၉ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ဇွန် ၁၁ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ သစ်စက်နှင့် ပေ ၁၀၀ ခန့် အကွာတွင် အသုံးမပြုတော့သည့် လွှစာမှုန့်များ၊ သစ်ပကာခြမ်းများ၊ ဟောင်းနွမ်းဆွေးမြည့်နေသော သစ်လုံးများကို စွန့်ပစ်ခြင်းမရှိဘဲ စုပုံထားခဲ့ရာ ပူပြင်းသောရာသီဥတုကြောင့် စွန့်ပစ် လွှစာမှုန့်များတွင် အပူဓာတ်ကိန်းအောင်းနေရာမှ ရုတ်တရက်မိုးရွာချစဉ် အောင်းအပူ ဖြစ်ပေါ်ပြီး မီးစတင်လောင်ကျွမ်းနေသော လွှစာမှုန့်များမှတစ်ဆင့် သစ်ပကာခြမ်းများ၊ ဆွေးမြည့်သစ်လုံးများအား ဆက်လက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဦးဖိုးကျော်အား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရောင်စုံမီးလုံးများအပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်

**နေပြည်တော် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကံပေါက်ကျေးရွာ၌ ဇွန် ၁၀ ရက် နံနက် ၁ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ ဒေါ်စန်း (၅၅ နှစ်)၏ နေအိမ်ရှိ ဘုရားစင်တွင် ပူဇော်ထားသည့် လျှပ်စစ်ရောင်စုံမီးလုံးများ အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရကာ မီးလောင်မှုကြောင့် လူနေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဒေါ်စန်းအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7C/3953 Toyota Mark II J2X, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၂/လမတ(နိုင်)၀၂၈၂၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၇ယ/၅၁၆၃၇ ယာဉ်မှတ်ပုံတင် အမည်ပေါက်သူ Su Myat Zaw Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ (မအူပင်မြို့)**

**(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဟ/၈၄၁၁ Lifan 200 သုံးဘီးလက်ဝယ်ရှိသူ စစ်တွေမြို့၊ ညေဝတီ(ခ)ရပ်ကွက်နေ ဦးခင်မောင်စိုး ၁၁/စတန(နိုင်)၀၈၄၉၂၇က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3M/1402 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၀/A၊ မြေကွက်အမှတ် - ၄၄/၁-က၊ ဧရိယာ ၂.၄၃ ဧက၊ မြေကွက်တည်နေရာ အမှတ် (၃) လမ်းမဘေး၊ နွယ်ခွေကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ မောင်စံဝင်း အမည်ပေါက် ၀ လ/ယ-၃၀(က) ရရှိပြီး၊ R,R,(မွေးမြူရေးနှင့်နှစ်ရှည်သီးနှံ စိုက်ပျိုးမြေအဖြစ် အသုံးပြုရန်အတွက် ဒေါ်မြင့်မြင့်ကျော်မှ ရရှိဟု) မှတ်သားထားသည့် မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၃၃/၁၆ (၁၃-၇-၁၆)အရ တရားပြိုင် ဒေါ်မူရာဖြူ အပေါ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆိုရာ ဒေါ်မြင့်မြင့်ကျော်သို့ အနိုင်ဒီကရီချမှတ်ပေးလိုက်ပြီး တရားမဇာရီမှု ၃၃/၁၆ (၂၄-၈-၁၆)၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာတို တင်ပြ၍ မြေကွက်အမှတ် (၄၄/၁-က)အား တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံတူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြေတိုင်းရပ်ကွက် (၈၈) ရပ်ကွက် ကွမ်းအုပ်သာမင်းသားကြီးလမ်း (ခ)သံလွင်လမ်း၊ မြေကွက်အမှတ် (၉၂၄/ခ) ဒေါ်ရင် (ISN-၃၆၉၁၉၆) အမည်ပေါက် ပါမစ်မြေကွက် အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ထွေး(၁၀/ကမရ(နိုင်)၀၁၆၈၅၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထား ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B. D.B.L. D.I.L. တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန့် LL.B. D.B.L. D.I.L. D.M.L. တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**မြေရောင်းမည်**

၃၅ပေ၊ ပေ၉၀၊ ဂရန်အမည်ပေါက်
၈၁ လမ်း၊ ၃၄×၃၅ လမ်းကြား၊
မန္တလေးမြို့
သိန်း-၁၃၀၀၀ (ညှိနှိုင်းဈေး)
**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၄၄၃၂၂၁၂၊ ၀၉-၂၀၃၃၆၇၀**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/2782 Suzuki Swift 2C71S ,Hatch Back (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၂/လမတ(နိုင်)၀၂၈၂၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F^၁၁၊ မြေကွက်အမှတ် V ၁၈၃ ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၁၃ ဟု ခေါ်တွင်သော နှစ်ခန်းတွဲ ရှစ်ထပ်ခွဲတိုက်၏ ငါးလွှာ (B) ခြေရင်းခန်းတစ်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ (မြေရှင်) ဦးသောင်းဆွေ ၁၂/ကမတ(နိုင်)၀၃၆၂၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇင်ဆိုင် LL.B အထက်တန်းရှေ့နေ (စဉ်-၄၁၅၄၇)**
**ဖုန်း-၀၉-၅၀၃၆၁၀၆၊ ၀၉-၇၈၅၀၃၆၁၀၆၃**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 JUNE 12 TO 18 , MONDAY

အတွေးအမြင် ဆောင်းပါးအမြစ်

ပင်လယ်ရေကြောင်းပိုးလမ်းမနှင့် မြန်မာ

သမ္မတဒေါ်နယ်ထရန့် သမိုင်းဝင်အမှားတစ်ခုကို ကျူးလွန်ခဲ့ပြီလား

ကမ္ဘာ့သမိုင်းတစ်လျှောက် အသေဆုံး အကြမ်းဖက်တိုက်ခိုက်မှုများ

အနာဂတ်စစ်ပွဲများတွင် အနိုင်ယူမည့် ရှားရှား

ဒုံးပျံများဆက်တိုက်ထုတ်မည့် မြောက်ကိုရီးယား

အာဆီယံနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာသည့် အိုင်အက်စ်တို့၏ အန္တရာယ်

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊
မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

# ကျွန်တော်နဲ့ဘားအံ

## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်



မော်လမြိုင်ကထွက်တော့ ညနေ ၅ နာရီခွဲနေပြီ။ ညစာစားဖို့ ပြည်ထောင်စုရိပ်သာမှာ စီစဉ်ထားတာမို့ အချိန်မီရောက်အောင် ကြိုးစားခဲ့ကြရတယ်။ လမ်းဘေးက မြင်ကွင်းတွေကို ပီပီပြင်ပြင် မမြင်ရဘူး။ အရင်အခေါက်တွေက ဘားအံကို တခြားလမ်းနဲ့ လာခဲ့ပြီး နေ့လယ်ပိုင်းလည်းဖြစ်တာမို့ လှပတဲ့ ရှုခင်းတွေကို မြင်ခဲ့ရတာ။ ဒီတစ်ချိန်တော့ ဘာမှကို သဲသဲကွဲကွဲ မမြင်နိုင်ခဲ့ဘူး။ ညစာစားဖို့ ဖိတ်ကြားထားတာက ကရင်ပြည်နယ်ဝန်ကြီးချုပ်ဆိုတော့ နောက်ကျလို့ မကောင်းဘူး။ ကျွန်တော်တို့အဖွဲ့နဲ့ မော်လမြိုင်တုန်းက ဟောပြောပွဲလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်နဲ့ အဖွဲ့ဝင်တွေက ကြိုတင်ရောက်နှင့်တယ်။

ပြည်ထောင်စုရိပ်သာနဲ့ ကျွန်တော်က ရင်းနှီးခဲ့တာ၊ တည်းခဲ့တာ နှစ်ကြိမ်ရှိပြီ။ ရိပ်သာရောက်တော့ ဧည့်ခန်းမှာ ခဏနားပြီး ထမင်းစားခန်းကို သွားခဲ့ကြတယ်။ ထမင်းစားရင်း မနက်မှာလုပ်မယ့် ပွဲအကြောင်း ဆွေးနွေးကြတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေ ခရီးတွေပန်းလာ ကြတာမို့ ထမင်းစားပြီးပြီးချင်း တည်းမယ့် သီရိဘားအံဟိုတယ်ကို သွားခဲ့ကြတယ်။ ဒီဟိုတယ်မှာတည်းတာ အခုဆို သုံးကြိမ်မြောက်ဖြစ်သွားပြီ။ အရင်အခေါက်တွေက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် လာခဲ့တာဖြစ်တယ်။ ဟိုတယ်ရဲ့ ထူးခြားချက်က ဟိုတယ်အနောက်ဘက်မှာရှိတဲ့ ကျောက်နံရံကြီးတွေ ဖြစ်တယ်။ သဘာဝအလှက သိပ်တင့်တယ်လှတာ။

နောက်တစ်နေ့မနက်စာစားပြီး ကျင်းပတဲ့ခန်းမထဲ သွားခဲ့တယ်။ ခန်းမက ကျယ်ကျယ်ဝန်းဝန်းရှိပြီး အလယ်မှာတိုင်တွေ မရှိတော့ ပရိသတ်တွေအတွက် အဆင်ပြေတယ်။ ကျွန်တော်ကတော့ ဟောပြောပွဲတွေ မကြာခဏလုပ်သူဖြစ်တာမို့ ခန်းမရဲ့ အနေအထားက အရေးကြီးတာကို အစဉ်ဂရုစိုက်တယ်။ ဒါကလည်း တက်ရောက်လာတဲ့ ပရိသတ်တွေကို လေးစားလို့ပါ။ တိုင်တွေကွယ်ထားရင် အဆင်မပြေလှဘူး။ ပရိသတ်တွေက တဖွဲဖွဲရောက်လာကြတယ်။ တိုင်းရင်းသားဝတ်စုံမျိုးစုံနဲ့ မို့ ရှုခင်းက အလွန်လှပတယ်။ မမျှော်လင့်ဘဲ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင် ခွန်မြင့်ထွန်းကို တွေ့လိုက်ရတော့ ဝမ်းသာရတယ်။ သူနဲ့ မကြာခဏဆုံခဲ့တယ်။ ဘားအံကိုရောက်အောင် သူက နေပြည်တော်က သူ့အဖွဲ့နဲ့ရောက်လာခဲ့ကြောင်း ပြောပြတယ်။ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများနဲ့ လွှတ်တော်အမတ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းက ကိုယ်စားလှယ်များ၊ ဘားအံမြို့က စီးပွားရေးလုပ်ငန်းရှင်များခန်းမထဲမှာ စုံစုံညီညီ ရောက်လာကြတယ်။

အခမ်းအနားကို ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖွင့်ပေးပါတယ်။ သူ့အနေနဲ့ ပရိသတ်တွေနည်းနေတာကို အားမလို အားမရဖြစ်ကြောင်း ပြောရှာတယ်။ သူရဲ့ စေတနာကို ဖွင့်ဟတာဖြစ်တယ်။ ပရိသတ်များများ လာရောက်ပြီး ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace (B4P)ဟာ ကရင်ပြည်နယ်လို အေးချမ်းနေတဲ့ဒေသမှာပိုပြီး အရေးပါကြောင်းကိုလည်း သူရဲ့မိန့်ခွန်းထဲမှာ ထည့်ပြောသွားခဲ့တယ်။ ဝန်ကြီးချုပ်မိန့်ခွန်းအပြီးမှာ ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ငြိမ်းချမ်းရေးဖြစ်စဉ်ကို သူ့ရဲ့ ဘဝအတွေ့အကြုံနဲ့ ထင်ဟပ်ပြီး ပြောခဲ့ပါတယ်။ ငြိမ်းချမ်းရေးရဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာကို အကျယ်တဝင့် ရှင်းပြပေးခဲ့တယ်။ ကုန်သည်ကြီးများအသင်းဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတော်မှ ကြိုးစားဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဖို့အဆင့်သင့်ရှိကြောင်းကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ရဲ့ သဝဏ်လွှာကို ဦးဗညားစန်းက ဖတ်ကြားခဲ့ပြီး အခမ်းအနားကို ခေတ္တနားခဲ့ပါတယ်။ လက်ဖက်ရည်သောက်ပြီးချိန် အခမ်းအနားထဲ အားလုံးပြန်ဝင်ရောက်လာကြပြီး ကျွန်တော်က (B4P)အကြောင်း အသေးစိတ် ရှင်းပြခဲ့ပါတယ်။ အမှန်တော့ (B4P) ဟာ ကရင်ပြည်နယ်အတွက် အလွန်ကိုက်ညီတဲ့ လှုပ်ရှားမှုဖြစ်တယ်။ NCA ထိုးပြီးတဲ့ အရပ်ဒေသဖြစ်တာမို့ အေးချမ်းနေတဲ့ဒေသဖြစ်တယ်။ ငြိမ်းချမ်းရေးက ရလာတဲ့ အသီးအပွင့်တွေကို ဖွံ့ဖြိုးမှုနဲ့ သက်သေထူရမှာ သာဖြစ်တယ်။ ကရင်ပြည်နယ်ရဲ့ ပထဝီအနေအထားဟာ အလွန်ကောင်းလှတယ်။ အခုဆို လမ်းပန်းဆက်သွယ်ရေးတွေလည်း တိုးတက်လာတာ ဖြစ်တယ်။ ဒီအခြေခံကောင်းတွေကို အသုံးချပြီး ကရင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့ အရေးကြီးတယ်။ အခုလို ဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အခန်းကဏ္ဍက အလွန်အရေးပါလှတယ်။ သူတို့ရဲ့ ဦးဆောင်မှုက ပဓာနကျတယ်။ အစိုးရ၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသားနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ကြိုးစားနေကြတဲ့ ငြိမ်းချမ်းရေး

**ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးအောင်မြင်ဖို့ပေးမှ ကမ်းမှရတယ် ဆိုတဲ့ ယဉ်ကျေးမှုတစ်ရပ် စွဲကပ်နေတာတွေ့ရတယ်။ လာဘ်ထိုးတာကို အပြစ်တစ်ခုအနေနဲ့ မမြင်တတ်တော့ဘဲ ထုံးစံတစ်ရပ်လို့ ယူဆနေကြတယ်။ ပေးတဲ့သူကလည်းပေး သလို ယူတဲ့သူကလည်း ယူကြတယ်။ ဒီကိစ္စဟာ အလွန် အန္တရာယ်ရှိတယ်။ ယဉ်ကျေးမှုတစ်ရပ် ဖြစ်လာရင် လူ့အဖွဲ့အစည်း အဖို့ နစ်နာလှတယ်**

ခရီးစဉ်မှာ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း တစ်တပ်တစ်အား ပါဝင်ကြရမှာသာ ဖြစ်တယ်။ သမိုင်းပေး တာဝန်ဖြစ်တယ်။ ငြိမ်းချမ်းရေးလို့ပြောရင် အများက ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းနဲ့ပြည်နယ်၊ နိုင်ငံအတွင်း ငြိမ်းချမ်းခြင်းလို့ နားလည်ကြတယ်။ အမှန်တော့ ငြိမ်းချမ်းရေးဟာ အလုပ်ခွင်ငြိမ်းချမ်းရေးဟာလည်း အရေးကြီးလှတယ်။ အလုပ်ခွင်အတွင်း အလုပ်ရှင်၊ အလုပ်သမားကြား ပဋိပက္ခဖြစ်နေရင် စီးပွားရေးထိခိုက်နိုင်တယ်။ လုပ်ငန်းခွင် ငြိမ်းချမ်းဖို့လိုအပ်ပါတယ်။ ဈေးကွက်ငြိမ်းချမ်းမှုလို့ပြောတဲ့ နေရာမှာ ဈေးကွက်ယန္တရားတည်ငြိမ်မှုရှိတာ ဖြစ်တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားတို့ရဲ့ လွန်ဆွဲမှုတွေကို ဗဟိုပြုပြီး ဈေးနှုန်းတည်ငြိမ်မှုရှိအောင် သတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရမှာသာဖြစ်တယ်။

စီးပွားရေးလုပ်ငန်းများအနေနဲ့ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေဖို့ လှုပ်ရှားမှုသုံးရပ်ကို ဆောင်ရွက်ရမှာဖြစ်တယ်။ ပထမအချက်ကတော့ တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ဖို့ဖြစ်တယ်။ တာဝန်ကျေမှုလို့ပြောတဲ့နေရာမှာလည်း ကဏ္ဍလေးခုမှာ တာဝန်ကျေရမှာ ဖြစ်တယ်။ ပထမကတော့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ကာကွယ်စောင့်ရှောက် လေးလေးစားစား လိုက်နာဖို့ဖြစ်တယ်။ တစ်ချိန်က စီးပွားရေးလုပ်ငန်းတွေဟာ လူ့အခွင့်အရေးတွေကို မျက်ကွယ်ပြုခဲ့တယ်။ ချိုးဖောက်ခဲ့တယ်။ ဒုတိယကတော့ ဝန်ထမ်းများနဲ့ပတ်သက်ပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ တရားဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို လိုက်နာဖို့လိုတယ်။ ဝန်ထမ်းများရဲ့ စုရုံးခွင့်၊ စည်းရုံးခွင့်၊ လှုပ်ရှားခွင့်ပေးရမှာဖြစ်တယ်။ ခွဲခြားဆက်ဆံမှုတွေ ရှောင်ကြဉ်ရမယ်။ တတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ အလွန်အရေး ပါလှတဲ့ကိစ္စဖြစ်တယ်။ ဒါကတော့ ပတ်ဝန်းကျင်ပြုစုကာကွယ်ထိန်းသိမ်းမှုဖြစ်တယ်။ တစ်ခေတ်က စီးပွားရေးအကျိုး တစ်ခုတည်းကို အာရုံထားပြီး ရှားပါးလှတဲ့ သဘာဝသယံဇာတပစ္စည်းအမွေအနှစ်တွေကို စည်းကမ်းမဲ့အသုံးချလာခဲ့တယ်။ ကျွန်တော်တလောက အင်းလေးရောက်တော့ ကန်ပြင်က စက်လှေစီးရင်း အရှေ့ဘက်ခြမ်းကို လှမ်းကြည့်တဲ့အခါ တောင်တွေဟာ ဆံပင်ညှပ်ထားသလို၊ ကိတ်မုန့်လှီးထားသလို ဖြစ်နေတယ်။ စီးပွားရေးလုပ်ပိုင်ခွင့်တွေကို စည်းလွတ် ကမ်းလွတ် လုပ်ခဲ့တယ်။ ဒါတွေကြောင့်လည်း အင်းလေးကန် ရေခန်းလာတဲ့အထိ ဖြစ်နေတာ။ စီးပွားရေးလုပ်ငန်းရှင်တွေ အခုအချိန်မှာတော့ အထူးသတိပြုရမယ်။ အစိမ်းရောင်စီးပွားရေးစနစ် ပေါ်ထွန်းဖို့ ပါဝင်ကြရမှာဖြစ်တယ်။

သစ်တစ်ပင်လှဲရင် နောက် ၁၀ ပင် စိုက်သင့်တယ်။ အစားမထိုးနိုင်တဲ့ စွမ်းအင်ဇာစ်မြစ်တွေကို စဉ်ဆက်မပြတ် သုံးစွဲနိုင်မယ့် စွမ်းအင် ဇာစ်မြစ်တွေနဲ့ အစားထိုးဖို့ လိုအပ်တယ်။ ဥပမာတစ်ခုအနေနဲ့ ဟိုတယ်ဆောက်တဲ့ လုပ်ငန်းရှင်တစ်ဦးဟာ သူ့ရဲ့ဟိုတယ်မှာသုံးတဲ့ ကျွန်းသစ်တွေ ဘယ်ကရသလဲဆိုတာ စစ်ဆေးဖို့လိုတယ်။ တရားဝင်သစ် ဟုတ်မဟုတ် စိစစ်ရမယ်။ ငါနဲ့ မဆိုင်ဘူး။ ရောင်းတဲ့သူမှာသာ တာဝန်ရှိတယ်လို့ ဆင်ခြေပေးလို့ မရဘူး။ မိမိဟိုတယ်မှာ အသုံးပြုတဲ့ ဟင်းသီးဟင်းရွက်တွေဟာ တရားသဖြင့် ခိုင်းစေခံရတဲ့ အသက်မပြည့်သေးတဲ့ ကလေးငယ်တွေ ထုတ်လုပ်နေမှုရှိမရှိ စိစစ်ရမှာ ဖြစ်တယ်။ နောက်ဆုံးကတော့ အဂတိ လိုက်စားမှုပဲဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးအောင်မြင်ဖို့ပေးမှကမ်းမှရတယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ရပ် စွဲကပ်နေတာတွေ့ရတယ်။ လာဘ်ထိုးတာကို အပြစ်တစ်ခုအနေနဲ့ မမြင်တတ်တော့ဘဲ ထုံးစံတစ်ရပ်လို့ ယူဆနေကြတယ်။ ပေးတဲ့သူကလည်းပေးသလို ယူတဲ့သူကလည်း ယူကြတယ်။ ဒီကိစ္စဟာ အလွန်အန္တရာယ်ရှိတယ်။ ယဉ်ကျေးမှုတစ်ရပ်ဖြစ်လာရင် လူ့အဖွဲ့အစည်းအဖို့ နစ်နာလှတယ်။ ဒါကြောင့် တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ အဂတိလိုက်စားမှုကို လုံးဝရှောင်ကြဉ်ရမှာဖြစ်တယ်။ ဒီအချက်လေးချက်ဟာ အမှန်တော့ UN Global Compact ရဲ့အခြေခံမူလေးရပ်ပဲဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်က မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအားလုံး UNGC ကို ဝင်ကြပါလို့ တိုက်တွန်းနေတာဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လူ့အဖွဲ့အစည်းမှာ စီးပွားရေးလုပ်ငန်းလို့ပြောရင် ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းတွေရှိသလို နိုင်ငံတော်ကလည်း စီးပွားရေးလုပ်နေတယ်။ တပ်မတော်မှာလည်း စီးပွားရေးလုပ်ငန်းတွေရှိတယ်။ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေကလည်း စီးပွားရေးတွေ လုပ်နေကြတယ်။

စီးပွားရေးကို ဘယ်သူလုပ်လုပ် လုပ်တဲ့သူတိုင်းဟာ အထက်ပါ အချက်လေးချက်ကို လိုက်နာစေချင်တယ်။ လိုက်နာဖို့ အကောင်းဆုံး သက်သေကတော့ UNGC အဖွဲ့အဖြစ်နဲ့ လှုပ်ရှားဖို့သာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေဟာ တစ်ဖက်က တာဝန်ကျေပွန်သလို တစ်ဖက်ကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ရမယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်တာမျိုးကို ပြောတာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အရေး ဖန်တီးပေးခြင်း၊ အခြေခံအဆောက်အအုံတွေ ဖော်ထုတ်ခြင်း၊ ပြည်သူတွေရဲ့အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်း စတာတွေကို လုပ်ဆောင်ရမှာ ဖြစ်တယ်။ အရေးကြီးဆုံးကိစ္စကတော့ ကိုယ့်လုပ်ရပ်ကြောင့် ရှိနေတဲ့ အခြေအနေ ပိုပြီး ဆိုးမလာအောင် ဆောင်ရွက်ဖို့လိုအပ်တယ်။ နောက်ဆုံးကတော့ စီးပွားရေးလုပ်ငန်းတွေဟာ တာဝန်ကျေပွန်အောင် လုပ်ခဲ့တာတွေကို အများသိအောင် အသိပေးဖို့ လိုအပ်တယ်။ ကျွန်တော့်ရဲ့ တင်ပြချက်အပြီးမှာ ပရိသတ်တွေက မေးခွန်းတွေ မေးကြတယ်။ မေးခွန်းတွေဟာလည်း စိတ်ဝင်စားလို့ မေးတဲ့ မေးခွန်းတွေဖြစ်တာမို့ ကျွန်တော်ဖြေရတာ အားရတယ်။ နောက် အစီအစဉ်တစ်ခုက စီးပွားရေး စကားဝိုင်း။ ကျွန်တော်နဲ့အတူ ကရင်ပြည်နယ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနဲ့ ပညာရေးလုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းရှင်တစ်ဦး။ သူတို့နဲ့ အမြင် အယူအဆတွေကို ဆွေးနွေးမေးမြန်းခဲ့တယ်။ နောက်ဆုံး အစီအစဉ်ကတော့ ကရင်ပြည်နယ်ကုန်သည်အသင်းဥက္ကဋ္ဌနဲ့ ကျွန်တော်တို့နှစ်ဦး လက်မှတ်ထိုးပွဲဖြစ်တယ်။ ကရင်ပြည်နယ် ကုန်သည်အသင်းအနေနဲ့ (B4P)ကို ဆောင်ရွက်ဖို့ ကတိပေးတဲ့ စာချုပ်ဖြစ်တယ်။ သက်သေအဖြစ် တာဝန်ရှိသူက ဆောင်ရွက်ပေးခဲ့ကြတယ်။ မှတ်တမ်းတင် ဓာတ်ပုံများရိုက်ပြီး အခမ်းနားကို ရုပ်သိမ်းခဲ့ပါတယ်။

နေ့လယ်စာစားပြီး ကျွန်တော်တို့အဖွဲ့နဲ့ ရန်ကုန်ကိုပြန်မယ့် အဖွဲ့တွေ နာမည်ကြီး ဇွဲကပင်တောင်ခြေနဲ့ ဘုရင့်ညီဂူဘုရားကို သွားခဲ့ကြတယ်။ နောက်တစ်နေ့ ရန်ကုန်မပြန်မီ ဘားအံမြို့အနီးရှိတဲ့ ဂူတွေသွားခဲ့ကြတယ်။ ဒီတစ်ခေါက်မှာ ဆဒ္ဒန်ဂူရောက်ခဲ့တယ်။ ဆန်းကြယ်လှတဲ့နေရာ။ ဂူကြီးကလည်း အရှည်ကြီး။ အဝရောက်တော့ လာတဲ့နေရာရောက်ဖို့ လှေစီးခဲ့ရတယ်။ သာယာလိုက်တာ။ ဝမ်းနည်းစရာကတော့ အမှိုက်တွေပဲ။ ဂူထဲမှာရော၊ ဂူပြင်မှာပါ အမှိုက်မျိုးစုံ ပွနေတာပဲ။ ဘာကြောင့်များ အခုလိုလုပ်ကြတာလဲ။ ကုသိုလ်ရအောင် ဘုရားဖူးကြတဲ့သူတွေ ဘာကြောင့် အခုလို အကုသိုလ်တွေ လုပ်ကြသလဲလို့ တွေးမိတယ်။ တစ်ဦးချင်း တစ်ယောက်ချင်း တာဝန်မကျေကြဘူး။ ပြောလိုက်ရင်တော့ မိုးကြီး လေကြီး လုပ်တာက အဆင့်အတန်းနိမ့်လိုက်တာ။ နိုင်ငံကြီးသား မပီသသူတွေ အမှန်တော့ ဒီလိုမဖြစ်အောင် တာဝန်ရှိသူတွေမှာလည်း တာဝန်ရှိတယ်။ အမှိုက်ပုံးတွေ အဆင်သင့်ရှိရမယ်။ ပညာပေးရမယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ လူငယ်တွေ စည်းရုံးပြီး ဂူထဲမှာ အမှိုက်တစ်စမျှမရှိအောင် စီမံချက်လုပ်သင့်တယ်။

ဘားအံမြို့က ဂူငါးဂူကို သွားခဲ့ပြီး ပြည်နယ်ရဲ့အလှအပကို ခံစားခဲ့ရတယ်။ သံလွင်မြစ်ဘေးက ဘုရားကြီးမှာ ညဘက် ဘုရားဖူးရင်း နေကျသွားတဲ့ ရှုခင်းကိုလည်း ခံစားခဲ့ရတယ်။ ကျွန်တော့်ရဲ့ဇာတာက ဆန်းသလိုပဲ။ ဘုရားဖူးပြီး ညစာစားမယ့်နေရာကို သွားတော့ မြက်ခင်းပြင်မှာ လူငယ်စွန့်ထွင်ဦးစီးမှု သင်တန်းလုပ်နေတာနဲ့ ကြုံခဲ့ရတယ်။ ကျွန်တော်ဘားအံရောက်နေတာ သိလို့ သူတို့လိုက်ရှာနေတာ။ သင်တန်းသားတွေကို အားပေးစကားပြောပေးပါလို့ ပန်ကြားတာနဲ့ ကျွန်တော် ထမင်းစားပြီးပြီးချင်း ပြောစရာရှိတာတွေ မျှဝေပေးခဲ့တယ်။ လူငယ်တွေအတွက် လုပ်ပေးရမယ်ဆိုရင် မနေနိုင်တဲ့ ကျွန်တော်ရဲ့စိတ် ပင်ပန်းပေမယ့် သူတို့အတွက် အကျိုးရှိရင် ပင်ပန်းရကျိုးနပ်ပါပြီ။

အပြန်လမ်းမှာ သထုံကတစ်ဆင့် ကျိုက်ထို-စစ်တောင်းမရောက်ခင် စိမ်းလဲ့တင်မှာ ခဏနားပြီး ညဘက်ရန်ကုန်ကို ပြန်ခဲ့ကြတယ်။ ဒီအခေါက်မော်လမြိုင်ရော ဘားအံပါ ကိုယ်မျှဝေချင်တဲ့ (B4P)အကြောင်း ပြောခွင့်ရတာကို ကျေနပ်မိပါတယ်။ အထူးသဖြင့် လှပလှတဲ့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ကို တစေ့တစောင်း ကြည့်ခဲ့ရတာဟာလည်း အမြတ်ပါ။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုင်းအဆင့်ဆွေးနွေးသုံးသပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇွန်လ ပထမပတ်က နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်တိုင်းဦးစီးမှူး ဦးဌေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့် စီမံကိန်းတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

# ပွင့်ဖြူမြို့နယ်၌ နှမ်းများရိတ်သိမ်း နှမ်းဈေးမကောင်း၍ တောင်သူများအဆင်မပြေ

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ကိုတင့်**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တပေါင်းလအတွင်းက စိုက်ပျိုးခဲ့သော နှမ်းများသည် ရင့်မှည့်ပြီဖြစ်၍ မေလ နောက်ဆုံးပတ်မှစ၍ ရိတ်သိမ်းလျက်ရှိရာ နှမ်းဈေးမှာ ယမန်နှစ်ကထက် ဈေးနှုန်းကျနေသည့်အတွက် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။

"အခုရိတ်သိမ်းနေတဲ့ နှမ်းတွေက တပေါင်းလထဲကတည်းက ရေတင်ပြီး စိုက်ပျိုးထားတဲ့နှမ်းတွေပါ။ တန်ခူးမိုးနဲ့ ကြဲထားတဲ့နှမ်းတွေကတော့မရိတ်ရသေးပါဘူး။ ခုမှခေါင်းလောင်းဆွဲပဲရှိသေးတယ်။ တောင်သူအတော်များများ ရေတင်ပြီး ကြဲတဲ့နှမ်းတွေက ဒီနှစ်တော့ သိပ်မကောင်းကြဘူး။ တချို့ဆိုရင် ရေတင်ကြဲပြီး တန်းခူးလတုန်းကရွာလိုက်တဲ့ မိုးကြောင့် သေကုန်တာတွေတောင်ရှိသေးတယ်။ ခုနှမ်းပေါ်ပြန်တော့လည်း ဈေးကမနှစ်ကလောက်မကောင်းတော့ တောင်သူတွေ အခက်တွေ့နေပါတယ်။ နှမ်းစိုက်တုန်းက မျိုးစရိတ်၊ ထယ်ထိုးစရိတ်၊ ရေတင်စရိတ်၊ ပေါင်းမြက်သင်ခနဲ့ ဆေးဖိုးတွေက စရိတ်တွေများခဲ့တာ။ ခုနှမ်းဈေးမကောင်းတော့ အရင်းရရင်ကိုကံကောင်းတာပဲ။ ရေတင်တာကလည်း တစ်ကေကို ငွေကျပ် ၂၀၀၀၀ ခန့်ကုန်တယ်။ ဒါတောင်ကိုယ့် အခင်းထဲမှာ ရေတွင်းရှိမှ ကိုယ့်စက်နဲ့ ကိုယ်တင်မှ ဒီဈေးနဲ့ရတာ။ စက်အငှားတင်ရတဲ့ တောင်သူတွေဆို ဒီထက်မက ကုန်တယ်။ နှမ်းအထွက်နှုန်းကလည်း မနှစ်ကထက် ဒီနှစ်နည်းတယ်။ နှမ်းထွက်နည်းလို့ ဈေးကောင်းလေးရရင်တော့ တောင်သူတွေအနေနဲ့ မဆိုးပါဘူး။ တချို့တောင်သူကြီးတွေကတော့ နှမ်းသိမ်းပြီး မရောင်းဘဲလှောင်ထားတယ်။ နောက်ဈေးကောင်းရမှ ရောင်းတာပေါ့။ ဒါပေမယ့် တချို့တောင်သူတွေကတော့ စိုက်တုန်းကတည်းက ချေးငှားစိုက်ရတာဆိုတော့ နှမ်းပေါ်ပေါ်ချင်းရတဲ့ဈေးနဲ့ ရောင်းပြီး အကြွေးပြန်ဆပ်ရပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာမှ တောင်သူဦးတင်ထွန်းဝေက ဒေသခံတောင်သူများ တွေ့ကြုံနေရသည့် အခက်အခဲများကို ပြောပြသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဧပြီ ၁၆ ရက်က တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းကြောင့် ကျောင်းတော်ရာဘုရားကြီးအနောက်ဘက်ကွင်းရှိ ရေတင်စိုက်ပျိုးထားသော နှမ်းခင်းများပျက်စီးဆုံးရှုံးခဲ့ရပြီး ပျက်စီးသော နှမ်းခင်းများကို ထပ်မံစိုက်ပျိုးခဲ့ရာ မေလ တတိယပတ်ခန့်က ရွာသွန်းခဲ့သောမိုးကြောင့် နှမ်းခင်းများ ထပ်မံပျက်စီးခဲ့ကြောင်း သိရသည်။

"ဆယ်စုနှစ်နှစ်စုကျော်တုန်းကတော့ ဒီဒေသက လယ်မြေတွေမှာ မိုးစပါးပြီးရင် နွေသီးနှံအဖြစ် ကုလားပဲတို့၊ နှမ်းတို့ စိုက်ပျိုးကြတယ်။ အဲဒီတုန်းကတော့ တောင်သူတွေပြေလည်ကြတယ်။ သီးနှံအထွက်နှုန်းတွေလည်းကောင်းတယ်။ ခုနောက်ပိုင်းမှာ နွေစပါးစိုက်ပျိုးလာရတော့ ပဲတို့ နှမ်းတို့ကို စိုက်လို့မရတော့ဘူး။ ဒါပေမယ့် နွေစပါးစိုက်ပျိုးဖို့ ရေမလွှတ်ခင်ကိုတော့ ရေနိုင်တဲ့အကွက်တွေ၊ ကုန်းမြင့်တဲ့အကွက်တွေကတော့ ကုလားပဲတို့၊ နှမ်းတို့စိုက်ကြတယ်။ စပါးပြီး စပါးစိုက်နေရတော့ မြေဆီတွေခန်းတယ်ပဲပြောရမလား။ မြေဆီလွှာပျက်စီးတာကို ပြန်လည်ကောင်းမွန်ဖို့ဆိုရင် သီးလှည့်စိုက်ပျိုးတာက ပိုကောင်းတယ်။ တောင်သူတွေလည်း လိုအပ်တဲ့ မြေဩဇာကိုဖြည့်ပေမယ့် သီးလှည့်စိုက်ရတာလောက်တော့ မထိရောက်ဘူးပေါ့။ အရင်တုန်းက ရာသီဥတုလည်းမှန်တော့ သီးနှံတွေလည်းထွက်တယ်။ တောင်သူတွေလည်း ချောင်လည်ခဲ့တယ်။ ခုနောက်ပိုင်း ဖောက်ပြန်လာတဲ့ရာသီဥတုနဲ့ ခိုင်မာတဲ့ သီးနှံဈေးနှုန်းမရှိတော့ တောင်သူတွေ အခက်တွေ့တာများပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။



ယခင်နှစ်က ယခုလ နှမ်းပေါ်ချိန်တွင် နှမ်းဈေးနှုန်းမှာ ငွေကျပ် ၅၀၀၀၀ ကျော် ရရှိခဲ့ရာ ယခုနှစ်နှမ်းပေါ်ချိန်တွင် နှမ်းဈေးနှုန်းမှာ နှမ်းထိပ်စဈေးမှာ ငွေကျပ် ၄၀၀၀၀ ခန့်သာရှိကြောင်း၊ နှမ်းဈေးမကောင်း၍ နှမ်းစိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေပြီး စိုက်ပျိုးစရိတ်မှာ အရှုံးဘက်ပြနေကြောင်း သိရသည်။

## တစ်ပတ်အတွင်းဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့်သီးနှံများ

**AMIA၊ ဓာတ်ပုံ-သိခ်**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) က စံချိန်တင် ဈေးကျဆင်းသွားခဲ့ပေမယ့် ပဲစင်းငုံကတော့ ဈေးအတက်အကျ အပြောင်းအလဲ သိပ်မရှိပါဘူး။ နှမ်းမျိုးစုံထဲက နှမ်းအချို့ကလည်း အကျဈေးဘက်မှာ ရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) စံချိန်တင်ဈေး ကျဆင်း**

**မတ်ပဲ**

မတ်ပဲက ဒီတစ်ပတ်မှာတော့ စံချိန်တင် ဈေးကျဆင်းမှု ဖြစ်ပွားခဲ့ပါတယ်။ တစ်တင်းကိုငွေကျပ် ၂၇၈၀၀ အထိ ဈေးကျဆင်းခဲ့ပါတယ်။ ဧပြီလကနေ စတင်ပြီး ဈေးကျဆင်းခဲ့တဲ့ မတ်ပဲက ဒီလမှာတော့ အနိမ့်ဆုံးဈေးကို ရောက်ရှိနေပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲက သုံးပတ်ဆက်တိုက် ဈေးကျဆင်းနေတဲ့ အခြေအနေမှာ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံက ပြည်နယ်သုံးခုမှာ မတ်ပဲအသစ်တွေ ဝင်ရောက်နေတဲ့အတွက် မြန်မာနိုင်ငံက မတ်ပဲဈေးတွေ ကျဆင်းနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိ မတ်ပဲပေါက်ဈေးက ၂၀၁၆ ခုနှစ် ကာလနဲ့ နှိုင်းယှဉ်လိုက်ရင် ထက်ဝက်ဈေးသာရရှိနေတဲ့ အခြေအနေဖြစ်ပါတယ်။လတ်တလော အခြေအနေကတော့ ဈေးကဆက်တိုက်ကျဆင်းနေပေမယ့် ပဲလက်ကျန်တွေများနေတဲ့အတွက် ရန်ကုန်ဈေးကွက်မှာ နေ့စဉ် အိတ် ၃၀၀ နီးပါး အရောင်းအဝယ်ရှိနေပါတယ်။

လက်ရှိ မတ်ပဲ ပေါက်ဈေးက တစ်တန်ကိုငွေကျပ် ၈၅၂၀၀၀ ပေါက်ဈေး ရှိပါတယ်။

**ပဲစင်းငုံအတက်အကျ အပြောင်းအလဲငြိမ်**

မတ်ပဲက တစ်ရိပ်ရိပ်နဲ့ ဈေးကျဆင်းနေပေမယ့် ပဲစင်းငုံကတော့ ယခင်အပတ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးကမာနေတဲ့ အခြေအနေလို့ ပြောလို့ရပါတယ်။ တစ်တင်းကိုငွေကျပ် ၂၀၀၀၀ ပတ်လည်နားမှာ ဈေးငြိမ်နေတာပဲဖြစ်ပါတယ်။

ပဲစင်းငုံက မတ်ပဲနည်းတူ အိန္ဒိယနိုင်ငံမှာလည်း သုံးပတ်ဆက်တိုက် ဈေးကျဆင်းနေပေမယ့် မတ်ပဲလောက် ဈေးကျဆင်းနေခြင်းမရှိပါဘူး။ ပြည်ပဝယ်လက်မရှိတော့ပေမယ့် လှောင်ပဲအချို့ကျန်နေတဲ့အတွက် နေ့စဉ်ရန်ကုန်ဈေးကွက်မှာတော့ အရောင်းအဝယ်ရှိနေပါတယ်။

၂၀၁၆ ခုနှစ် ကာလတူအခြေအနေမှာတော့ တစ်တင်းကို ငွေကျပ် ၅၀၀၀၀ နီးပါး ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ထက်ဝက်ကျော်မျှ ဈေးကကွာဟနေပါတယ်။

လက်ရှိ ပဲစင်းငုံပေါက်ဈေးကတော့ တစ်တန်ကိုငွေကျပ် ၆၄၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်ဖြူ (ကြူကုတ်)ဈေးဆက်ကျ**

ကြက်သွန်ဖြူ (ကြူကုတ်) ကတော့ လက်ရှိမှာ တစ်ပိဿာ ငွေကျပ် ၁၈၀၀ အထိ ကျဆင်းသွားပါတယ်။ ယခင်အပတ်က တစ်ပိဿာကိုငွေကျပ် ၁၉၀၀ အထိ ဈေးရရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက် ဈေးပြန်ကျဆင်းသွားခဲ့ပါတယ်။

လက်ရှိမှာ တရုတ်နိုင်ငံကနေ ကြက်သွန်ဖြူ (ကြူကုတ်) တွေ ဆက်တိုက်ဝင်နေတာဖြစ်တဲ့အတွက် ဈေးကျဆင်းနေတာဖြစ်ပြီး ပြည်တွင်း ကြက်သွန်ဖြူဈေးကလည်း အရောင်းအဝယ်အေးနေပါတယ်။

ဧပြီလမှာ တစ်ပိဿာကိုငွေကျပ် ၆၅၀၀ အထိဈေးမြင့်တက်ခဲ့တဲ့ ကြက်သွန်ဖြူ (ကြူကုတ်) က လက်ရှိမှာတော့ တစ်ပိဿာကို ငွေကျပ် ၁၇၀၀ ကနေ ငွေကျပ် ၁၈၀၀ သာ ပေါက်ဈေးရှိနေပါတယ်။

**အာလူးများဈေးတက်**

နှစ်လဆက်တိုက် အကျဈေးနဲ့ ဈေးငြိမ်နေခဲ့တဲ့ အာလူး (အောင်ပန်း)က ဇွန်လ အစမှာတင် တဖြည်းဖြည်းဈေးတက်နေပါတယ်။တစ်ပိဿာကိုငွေကျပ် ၂၀၀ ကနေ ၅၀၀ အထိ ပေါက်ဈေးရှိခဲ့ပေမယ့် လက်ရှိ မှာတော့ တစ်ပိဿာကိုငွေကျပ် ၃၀၀ ကနေ ၆၃၀ အထိ ပေါက်ဈေးရှိပြီး တစ်ပိဿာကိုငွေကျပ် ၁၀၀ ကျော်လောက် ဈေးတက်လာခဲ့ပါတယ်။

**နှမ်းမျိုးစုံဈေး ဆက်တိုက်ကျ**

နှမ်းမျိုးစုံထဲက နှမ်းနက်(စမုံ)၊ နှမ်းနက်နဲ့ နှမ်းညိုတို့ကတော့ ဈေးဆက်တိုက်ကျဆင်းနေပါတယ်။ နှမ်းအသစ်တွေ ဝင်နေတာဖြစ်တဲ့အတွက် ဈေးကကျဆင်းနေတာလည်း ဖြစ်ပါတယ်။

နှမ်းနက်(စမုံ)က ယခင်အပတ်က တစ်အိတ်ကိုငွေကျပ် ၁၂၇၀၀၀ အထိ ပေါက်ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကိုငွေကျပ် ၁၁၈၀၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

နှမ်းညိုကလည်း ယခင်တစ်ပတ်က တစ်အိတ်ကိုငွေကျပ် ၈၈၀၀၀ အထိ ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ သာ ရှိပါတယ်။

နှမ်းနက်ကလည်း ယခင်အပတ်တွေမှာ တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ နဲ့ ဈေးငြိမ်နေခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်အိတ်ကိုငွေကျပ် ၈၅၀၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ နီးပါးဈေးကျဆင်းသွားခဲ့ပါတယ်။

**နွေသီးထပ်ဆန် ထပ်ကျ**

နှစ်ပတ်ဆက်တိုက် ဈေးကျခဲ့တဲ့ နွေသီးထပ်ဆန်က ဒီတစ်ပတ်မှာလည်း တစ်အိတ်ကိုငွေကျပ် ၅၀၀ လောက် ဈေးက ပြန်ကျသွားခဲ့ပါတယ်။ လက်ရှိမှာ နွေသီးထပ်ဆန်က တစ်အိတ်ကိုငွေကျပ် ၁၈၀၀၀ ကနေ ၁၈၅၀၀ ပေါက်ဈေးရှိနေပါတယ်။



## စဥ့်ကူးမြို့နယ်ရှိ ကြက်ဆူစိုက်တောင်သူများ ယခင်နှစ်များထက် အထွက်နှုန်းကျဆင်းခဲ့သော်လည်း ဈေးကောင်းရသဖြင့် ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်ရှိ မြစ်ရေဝင်ကျွန်းပိုင်း တောင်သူများသည် ဆောင်းမြေပဲခင်းများထဲတွင် အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်အဖြစ် စက်မှုကုန်ကြမ်း သီးနှံဖြစ်သော ကြက်ဆူများကို နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် ယခင်နှစ်ကထက် အထွက်နှုန်းကျဆင်းခဲ့သော်လည်း ကြက်ဆူဈေးကောင်းသဖြင့် ဝင်ငွေများ တိုးတက်လျက်ရှိခဲ့ကြောင်း သိရသည်။

" ကြက်ဆူကို နှစ်စဉ် သီတင်းကျွတ်လဆန်းမှာ ဆောင်းမြေပဲနဲ့အတူစိုက်ပါတယ်။ မြေပဲနုတ်သိမ်းပြီးတဲ့အခါ ကြက်ဆူပင်က ပဲခင်းထဲမှာ သီးညှပ်အဖြစ် ကျန်ခဲ့တာပါ။ စိုက်ပြီးငါးလကြာရင် ရိတ်သိမ်းလို့ရပါတယ်။ မနှစ်ကတော့ ရာသီဥတုကောင်းမွန်တော့ အထွက်နှုန်းလည်းကောင်းပါတယ်။ ဈေးကောင်းမရခဲ့ဘူး။ ယခုနှစ်မှာတော့ အပင်ဖြစ်ကာစမိုးရွာလိုက်တော့ အပင်ကမဖြစ်ဘူး။ အထွက်နှုန်းကျပေမယ့် ဈေးကောင်းရတော့ ဝင်ငွေလည်း ကောင်း၊ တွက်ခြေလည်းကိုက်ပါတယ်။ မြေ ၃ ဧကကို ကြက်ဆူရှစ်ပြည်ချရပါတယ်။ ကြက်ဆူတစ်ပြည်ကို ငွေကျပ် ၂၀၀ နဲ့ အရင်းက ငွေကျပ် ၁၆၀၀ ပဲ ကျပါတယ်။ ဒီနှစ် ဈေးကောင်းတော့ ၃၆ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၅၂၀၀၀၊ ၅၃၀၀၀ ဈေးနဲ့ ကုန်စည်ဒိုင်ကို သွားရောင်းရပါတယ်။ သီးနှံဖြစ်ထွန်းရင် မြေသုံးဧကမှာ ကြက်ဆူတင်းရေ ၅၀ နဲ့ ၈၀ ကြားမှာ ထွက်ပါတယ်။ သီးညှပ်ဆိုတော့ ရင်းနှီးကုန်ကျစရိတ် အလွန်းနည်းပြီး အမြတ်အစွန်းရရှိမှုများတာမို့ တောင်သူတွေ အားထားစိုက်ပျိုးသင့်ပါတယ်" ဟု ကျောင်းဆိပ်ကျေးရွာ ကြက်ဆူစိုက်တောင်သူ ဦးဝင်းမြင့်က ပြောပြသည်။

ယခုအခါ စဥ့်ကူးမြို့နယ်ရှိ မြစ်ရေဝင်ကျွန်းပိုင်းတောင်သူများသည် မြေကို အားလပ်မထားဘဲ အကျိုးရှိစွာ အသုံးချနိုင်ခဲ့ကြပြီး နွေပဲတီစိမ်း၊ နွေစပါး၊ ဖူးစားပြောင်းနှင့် စက်မှုကုန်ကြမ်းသီးနှံ ကြက်ဆူတို့ကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**ဝင်းမောင် (စဥ့်ကူး)**

သစ်ပင်စိုက်မှ အရိပ်ရ၏
ရိပ်ခိုနားနေ အပန်းဖြေ၏

# တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးမှသည် ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများလက်ဝယ်ဆီသို့

ဆောင်းပါး - သော်တာ(နမ့်စန်)၊ ဓာတ်ပုံ - စည်သာ

နံနက် ၄ နာရီ ဗဟိုကင်းမှ သံချောင်းခေါက်သံကြောင့် ခွဲ(၄) မှရဲမေများ ကြက်သားဟင်းနှင့် ကြက်ဥဟင်းချက်ရန် ပြင်ဆင်ကြလျက်ရှိသည်။ နံနက်ပိုင်း မိုးရိပ်ကင်းစင်သည့်အတွက် မီးဖိုကြီးတွင် ချက်ပြုတ်ရသည်မှာ အဆင်ပြေပြီး မိုးရွာချိန်ဆိုပါက အခက်အခဲတစ်ခုအဖြစ် တွေ့ကြုံရလေ့ရှိသည်။ တပ်မတော်သားတို့၏ ဘဝလက်တွဲဖော် ဇနီးကောင်းများဖြစ်သည့်အတွက် လုံ့လ၊ ဝီရိယရှိသလို အမိန့်ကို အချိုးကျစွာ လိုက်နာဆောင်ရွက်တတ်နေပြီဖြစ်သောကြောင့် ယခုလို အဖွဲ့လိုက်လုပ်ဆောင်ရသောအရာတို့တွင် အလေ့အကျင့်ရနေပြီဖြစ်ရာ နံနက်ပိုင်း တန်ဖိုးနည်းဟင်းလျာရောင်းချရန် ဝိုင်းဝန်းပြင်ဆင်နေကြသည်မှာ ဟန်ချက်ညီညီ တက်ညီလက်ညီရှိလှသည်။ မိုးဖြိုဒယ်အိုးကြီးတွင် ထမင်းရေခမ်းချက်ရန် ပြင်ဆင်နေသူ၊ ကြက်သားခုတ်သူ၊ ကြက်ဥအခွံခွာသူနှင့် ကြက်သွန်ဥလှီးသူတို့ဖြင့် အာရုဏ်တက်ရန်ပြင်ဆင်နေသော အလင်းရောင်နုနုနှင့်အတူ ရဲမေတို့မှာလည်း သွက်လက်စွာလှုပ်ရှားလျက်ရှိသည်။

မီးဖိုကြီးအတွင်း ချက်ပြုတ်နေသော ရဲမေများကဲ့သို့ပင် စိုက်ခင်းအတွင်းမှ ခူးဆွတ်လာသော ဟင်းသီးဟင်းရွက်များကို စည်းနှောင်နေသူများဖြင့် အမှတ်(၅၃၂)တပ်ရင်း၏ ခွဲ(၄) မီးဖိုကြီး စားရိပ်သာမှာ လှုပ်လှုပ်ရှားရှား အသက်ဝင်လျက်ရှိနေသည်။

တပ်ရင်းစိုက်ခင်းအတွင်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်တို့မှာ အအေးဓာတ်ကြောင့် အညွန့်များတိုးထွက်လျက် စိမ်းစိုနေကြကာ တပ်ခွဲမှ ဆရာနှင့်ရဲဘော်များက လိုက်လံခူးဆွတ်လျက်ရှိသည်။ ယမန်နေ့ညနေပိုင်းက ပက်ဖျန်းထားသည့်ရေကြောင့် ဟင်းသီးဟင်းရွက်တို့မှာ ခေါင်းထောင်လျက် ဖွံ့ဖွံ့ထွားထွားရှိနေသည်။

စိုက်ခင်းအတွင်း ကန်စွန်း၊ ချဉ်ပေါင်၊ ဟင်းနုနွယ်၊ မုန်ညင်း၊ ကိုက်လံ၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ ခရမ်းခေါင်းသီး၊ ရုံးပဒေသီးနှင့် ဘူးသီးတို့ကို တပ်ရင်း၊ တပ်ဖွဲ့အတွက်သာမက ပြည်သူများ စားသုံးနိုင်သည်အထိ စိုက်ပျိုးထားသောကြောင့် အသီးအနှံလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ပင်ဖြစ်သည်။ တပ်ရင်းအတွင်းမွေးမြူထားသည့် ကြက်ခြံမှ ကြက်ဥနှင့်ကြက်သား၊ နွားခြံမှ နွားနို့တို့ကိုလည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူခွင့်ရသောကြောင့် ပြည်သူတို့အတွက် အဆင်ပြေစေသည်။

အရှေ့အရပ်မှ နေဝန်းထွက်ပေါ်လာချိန်တွင် ချွေးစို့နေသော ရဲမေများက ချက်ပြုတ်ပြီးသောဟင်းလျာများကို အိုးအသီးသီးတွင်ထည့်၍ ရဲဘော်များက ယာဉ်ပေါ်သို့ ပို့ဆောင်ကြသည်။ ကြက်သားဟင်း၊ ကြက်ဥဟင်း၊ ပဲဟင်းနှင့်ငါးပိကြော်၊ ငါးပိရည်နှင့်တို့စရာ၊ ဟင်းသီးဟင်းရွက်များကို ယာဉ်ပေါ်သို့ တင်ပို့ချိန်တွင် အမြန် ကိုယ်လက်သန့်စင်ကာ တပ်ခွဲအလိုက် သတ်မှတ်ထားသောဝတ်စုံများကိုဝတ်၍ တပ်ရင်းဗဟိုကင်းနားတွင် အသင့်စောင့်ကြိုနေသော တန်ဖိုးနည်း ထမင်းဟင်းနှင့် ဟင်းသီးဟင်းရွက်အရောင်းယာဉ်ပေါ်သို့ အပြေးချီတက်ရလေသည်။

ကျောင်းဖွင့်ရာသီမဟုတ်၍ ရဲမေများမှာ သားသမီးတို့အတွက် နောက်ဆံတင်းစရာမလိုသကဲ့သို့ ကလေးအချို့ကို ယာဉ်ဖြင့် ဈေးရောင်းချမည့်နေရာသို့ ခေါ်ဆောင်လာနိုင်သောကြောင့် ရဲမေတို့အတွက် အဆင်ပြေစေသည်။ နံနက် ၇ နာရီတွင် တပ်ရင်းမှယာဉ်ဖြင့် ဒဂုံ-ရေး အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ထွက်ခွာလာရာ ယာဉ်ဖြတ်သန်းရာလမ်းတစ်လျှောက်တွင် ကြက်သားဟင်းရနံ့သည် သင်းပျံ့ကျန်ရစ်သည်။ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ယာဉ်ကြောရှုပ်ထွေးသော ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း ယာဉ်များကိုတရွေ့ရွေ့ရှောင်တိမ်း၍ နံနက် ၈ နာရီကျော်တွင် ဒဂုံ-ရေး အဝေးပြေးသို့ ရောက်ရှိလာခဲ့သည်။

ရောဝတီတိုင်းဒေသကြီး၏တံခါးပေါက်ဖြစ်သော လှိုင်သာယာမြို့နယ်ရှိ ဒဂုံ-ရေး အဝေးပြေးကားဝင်းသည် နံနက် ၃ နာရီဆိုလျှင်ပင် ခရီးသည်စတင်ဝင်ရောက်ပြီဖြစ်၍ နံနက် ၈ နာရီခွဲအချိန်သည် အစည်ကားဆုံးအချိန်လည်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်မှ ဝင်ရောက်လာသောယာဉ်များနှင့် ကားဝင်းမှ ထွက်ခွာသောယာဉ်များ၊ ခရီးသွား၊ ခရီးပြန်ပြည်သူများ၊ ဈေးသည်များဖြင့် အဝေးပြေးဝင်းသည် နံနက်ခင်း နေရောင်ခြည်အောက်တွင် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ တန်ဖိုးနည်းထမင်းဟင်းနှင့် ဟင်းသီးဟင်းရွက်ရောင်းချမည့်ယာဉ်ကြီး အဝေးပြေးဝင်းအတွင်း ဝင်ရောက်လာသည်နှင့် ယာဉ်ဝင်းထဲမှ လမ်းလျှောက်ဈေးသည်များ၏ မျက်ဝန်းများတွင် ဝမ်းသာသောအရိပ်အယောင်များ ဖြစ်လာသည်။

အဝေးပြေးဝင်းအတွင်းရှိ ထမင်းဆိုင်များ၌ ရယ်ဒီမိတ်ကော်ဖီ၊ လက်ဖက်ရည်တစ်ခွက်လျှင် ကျပ် ၃၀၀ ၊ ဆိုင်ဖျော်လက်ဖက်ရည်တစ်ခွက်လျှင် ကျပ် ၄၀၀ နှင့် ထမင်းတစ်ပွဲ လျှင် ကျပ်တစ်ထောင် ရောင်းချနေသည့်အတွက် ကြက်ဥဟင်း၊ ပဲဟင်းနှင့် ငါးပိကြော်တို့ပါသော ထမင်းဘူးတစ်ဘူးကို ကျပ် ၃၀၀၊ ကြက်သားဟင်းနှင့်ဆိုပါက ကျပ် ၅၀၀ သာ ရောင်းချသော တန်ဖိုးနည်းထမင်းဟင်းရောင်းသည့် ယာဉ်ကြီးက ဈေးသည်များအတွက် ထွက်ငွေချွေတာနိုင်အောင် များစွာ အထောက်အကူပြုသည်။ ထို့ကြောင့် တန်ဖိုးနည်းထမင်းဟင်းရောင်းချပေးသောယာဉ် ဝင်လာသည်နှင့် ဈေးသည်များမှာ မျက်စေ့အောက်မှမပျောက်စေရန် ကြည့်ရှုလျက်ရှိနေသည်။ ခရီးသွားပြည်သူတို့ကလည်း ကားအနီးတဝိုက် မွှေးပျံ့နေသည့် ကြက်သားဟင်းရနံ့ကြောင့် ဈေးကားယာဉ်ကြီးကို ကြည့်ရှုလေ့လာလျက်ရှိသည်။



အဝေးပြေးဝင်းအတွင်း ယာဉ်ကြောရှင်းသောနေရာတွင် ယာဉ်ရပ်လိုက်သည်နှင့် ဆရာများက ပေါ့ပါးသွက်လက်စွာ ကားပေါ်မှဆင်းကာ စားပွဲခုံလေးလုံးကို ခင်းကြသည်။ ရဲမေများက ထမင်းအိုး၊ ဟင်းအိုးနှင့် ဟင်းသီးဟင်းရွက်များကို မြန်ဆန်စွာချကြသည်။ ဈေးဝယ်လိုသော ပြည်သူများက လမ်းပေါ်တွင် အဆင်သင့်စောင့်ကြိုလျက် စားပွဲပေါ်ခင်းကျင်းမည့် ဟင်းသီးဟင်းရွက်များကို အမြင်ဖြင့် ရွေးချယ်နေကြသည်။ ခုံတန်းပေါ်သို့ ပစ္စည်းအစုံအလင် ရောက်ရှိသည်နှင့် ဦးစွာ လာရောက်ဝယ်ယူသောအရာမှာ ထမင်းဟင်းပင်ဖြစ်သည်။ လက်ဖက်ရည်ဖိုးသာရှိသောဈေးနှုန်းဖြင့် ရောင်းချနေသော ထမင်းဟင်းကို အများဆုံး ဝယ်ယူအားပေးကြသည့်အတွက် နံနက်အရုဏ်တက်ချိန်ကပင် ချက်ပြုတ်ခဲ့ရသော ရဲမေတို့၏မျက်ဝန်းတို့တွင် အပြုံးကိုယ်စီယှက်သန်းလျက်ရှိသည်။

**ဈေးကားတွင် ဈေးဝယ်နေသူများကြားသို့ အသက် ၆၀ ကျော်အရွယ် နာမကျန်းဖြစ်နေဟန်ရှိသော လူကြီးတစ်ဦး တိုးဝင်လာပြီး တပ်ကြပ်ကြီးတစ်ဦးအား “သားရယ် အဘဗိုက်ဆာလို့ ပိုက်ဆံလည်းမပါဘူး။ ထမင်းတစ်ဘူးလောက်ပေးပါလား”ဟု တောင်းခံရာ ထိုဆရာကြီးက ချက်ချင်းပင် ကြက်သားထမင်းဘူးတစ်ဘူး ရိုရိုသေသေပေးလိုက်ရာ ထိုအဘက ဈေးရောင်းသည့်အဖွဲ့ကို ဆုများတတွတ်တွတ်ပေး၍ ထွက်ခွာသွားသည်ကို တွေ့ရသည်**

ဟင်းသီးဟင်းရွက်ဘက်မှ ဦးစွာဈေးဦးမပေါက်သောကြောင့် အရောင်းတာဝန်ယူထားသည့်ဆရာမှာ အားကျမခံဘဲ ဟော့ဒီမှာ ခြံထွက်သီးနှံ လတ်လတ်ဆတ်ဆတ်တွေနော်။ ကြက်သား၊ ကြက်ဥလတ်လတ်ဆတ်ဆတ်တွေ ရမယ်နော်ဟု အော်၍အသိပေးရာ မကြာမီပင် ကားဝင်းအတွင်းရှိ ထမင်းဆိုင်များမှဆိုင်ရှင်များ ရောက်ရှိလာကြပြီး ကန်စွန်း၊ ချဉ်ပေါင်၊ မုန်ညှင်း၊ ခရမ်းခေါင်းသီး၊ ရုံးပဒေသီး၊ ဘူးညွန့်၊ ဘူးသီးတို့မှ နှစ်သက်ရာတို့ကို ရွေးချယ်ဝယ်ယူကြရာ ဈေးဦးစမပေါက်၍ ပြုံတော့မည့်မိုးပမာဖြစ်နေသော ဆရာတို့မှာ ထိုအခါမှ ပြုံးလာနိုင်ကြသည်။

ဟင်းသီးဟင်းရွက်ရောင်းသူ၊ ထမင်းရောင်းသူ၊ ငွေပြန်အမ်းသူ၊ ယူသူနှင့် ဈေးခေါ်သူတို့ဖြင့် တန်ဖိုးနည်း ထမင်းဟင်းနှင့် ဟင်းသီးဟင်းရွက်ရောင်းချသော နေရာလေးမှာ စည်ကားလျက်ရှိသည်။ ကားဝင်းအတွင်းမှ ဈေးရောင်းသည့် ကလေးများကလည်း ထမင်းဘူးများကို လာရောက်အားပေးကြသကဲ့သို့ ယာဉ်လိုင်းများရှိ ညှိကြိုခေါ်သူများ၊ လက်ပွေ့ဈေးသည်များနှင့် ခရီးသွားပြည်သူတို့မှာလည်း ထမင်းဟင်းကို အထူးဝယ်ယူအားပေးကြလျက်ရှိရာ ရောင်းချသော ရဲမေများမှာ လက်မလည်အောင် ရှိနေသည်။

ကားဝင်းအတွင်း ရေသန့်နှင့် သရက်သီး ရောင်းသူတစ်ဦးဖြစ်သည့် မမြင့်မြင့်မိုးက “တပ်ကကားနဲ့လာပြီး အရပ်လာရောင်းတိုင်း အားပေးဖြစ်တယ်။ ဒီမှာ တစ်ပွဲတစ်ထောင်ပေးစားရတာနဲ့ အများကြီးကွာတယ်။ တပ်ကလာရောင်းတာက ကြက်သားဟင်းနဲ့မှ ၅၀၀ ပဲပေးရတာ။ ပြီးတော့ ပဲဟင်း၊ ငါးပိကြော်လည်း ပါသေးတယ်။ တစ်မနက်မှာ ၅၀၀ သက်သာလည်း မနည်းဘူးလေ။ ဟင်းကောင်းနဲ့လည်း စားရတယ်။ မနက်ပိုင်း ဈေးရောင်းပြီးလို့ အိမ်ပြန်ရင် ကြက်သားနဲ့ထမင်းတစ်ဘူး၊ ကြက်ဥဟင်းနဲ့ ထမင်းတစ်ဘူးဆိုရင် ချက်ထားတဲ့ထမင်းနဲ့ မိသားစု သုံးဦး မနက်ပိုင်းပြီးသွားပြီ။ ညနေပိုင်းအတွက် ဒီကဝယ်သွားတဲ့ ကြက်ဥနဲ့ကန်စွန်းရွက်နဲ့ဆို အဆင်ပြေပြီလေ။ ဒီကဈေးသည်တွေက ဈေးရောင်းတဲ့ကားလာတိုင်း အားပေးနေတာပါ”ဟု ပြောသည်။

ဈေးကားတွင် ဈေးဝယ်နေသူများကြားသို့ အသက် ၆၀ ကျော်အရွယ် နာမကျန်းဖြစ်နေဟန်ရှိသော လူကြီးတစ်ဦး တိုးဝင်လာပြီး တပ်ကြပ်ကြီးတစ်ဦးအား “သားရယ် အဘဗိုက်ဆာလို့ ပိုက်ဆံလည်းမပါဘူး။ ထမင်းတစ်ဘူးလောက်ပေးပါလား”ဟု တောင်းခံရာ ထိုဆရာကြီးက ချက်ချင်းပင် ကြက်သားထမင်းဘူးတစ်ဘူး ရိုရိုသေသေပေးလိုက်ရာ ထိုအဘက ဈေးရောင်းသည့်အဖွဲ့ကို ဆုများတတွတ်တွတ်ပေး၍ ထွက်ခွာသွားသည်ကို တွေ့ရသည်။

ထမင်းရောင်းသောရဲမေများ လက်မလည်သကဲ့သို့ပင် ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် ကြက်သားရောင်းသောဘက်တွင်လည်း ဈေးဝယ်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ တပ်ရင်းတွင်မွေးမြူထားသော ကြက်ခြံမှ ကြက်ဥများကို တစ်လုံးလျှင် ကျပ် ၁၀၀ ဖြင့် ရောင်းချပြီး ကြက်သား တစ်ပိဿာလျှင် ၄၅၀၀ ကျပ်ဖြင့် ရောင်းချပေးသည့်အတွက် ကြက်သား၊ ကြက်ဥတို့မှာ စောစောစီးစီး ကုန်သွားပြီဖြစ်သည်။

“သုံးရက်တစ်ခေါက်လာတိုင်း အမြဲအားပေးပါတယ်။ ဆိုင်တွေမှာ တစ်ခါပြင်တစ်ထောင် စားရတာထက် ကြက်ဥဟင်းနဲ့ ထမင်းနှစ်ဘူး ၆၀၀ ကျပ်ပေးပြီး စားရတာက တစ်နေကုန် အလုပ်လုပ်လို့ရသွားပြီ။ အမြဲတမ်း လာရောင်းစေချင်တယ်။ နယ်ကလာပြီး လုပ်ကိုင်စားသောက်သူတွေအတွက် အခုလို ကားနဲ့ရောင်းတာထက် ထမင်းဆိုင်ရှိရင် ပိုပြီးအဆင်ပြေမှာပါ။ ဒီထက်ပိုပြီး ကျွန်တော်တို့လို အလုပ်သမားတွေကို များများရောင်းပေးနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်”ဟု မြောင်းမြ ကားဂိတ်တွင် ညှိကြိုလုပ်နေသော ကိုမင်းမင်းက ပြောသည်။

ယာဉ်ပေါ်တွင်လိုက်ပါလာသော ကလေးငယ်အချို့မှာ ကားဝင်းအတွင်းသွားလာနေသော ယာဉ်များကို ကြည့်ရှုလျက်ရှိပြီး အချို့မှာ အိပ်ပျော်လျက်၊ အချို့မှာ မိခင်များ ဈေးရောင်းနေသည်ကို ငေးကြည့်လျက် ရှိနေကြသည်။ ရဲမေများ နံနက် ၄ နာရီမထိုးမီ အိပ်ရာထ၍ လုပ်ကိုင်ရာတွင် ကလေးငယ်တို့မှာ မိခင်တို့နှင့်အပြိုင် အိပ်ရာထခဲ့ဟန်တူသည်။ ကလေးငယ်အချို့မှာ မျက်တောင်များစင်း၍ ကားပေါ်တွင် ငြိမ်သက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ ဈေးနှုန်းသက်သာသော ဟင်းသီးဟင်းရွက်နှင့် ထမင်းဟင်းလျာများ ဝယ်ယူစားသုံးနိုင်ရန် တပ်ရင်း(၃)ရင်းလျှင် တစ်ဗျူဟာဟု သုံးရက်တစ်ကြိမ်အဖြစ် ရောင်းချခဲ့ရာမှ ငါးရင်း တစ်ဗျူဟာအဖြစ် ငါးရက်တစ်ကြိမ် ရောင်းချပေးနေခြင်းဖြစ်သည်။ လှိုင်သာယာ အမှတ်(၅၃၂)တပ်ရင်း ဝင်းအတွင်းတွင် သီးနှံစိုက်ခင်းများကို လိုင်းခန်းများရှေ့ပါမကျန် စိုက်ပျိုးထားရှိသည်။ မိုးရာသီတွင် ရေဝပ်သောနေရာဖြစ်သည့်အတွက် ကန်စွန်းရွက်တစ်မျိုးသာ စိုက်ပျိုးနိုင်ကာ မိုးရေလွတ်သော ရာသီတွင်သာ သီးနှံမျိုးစုံကို လွတ်လပ်စွာစိုက်နိုင်သောကြောင့် ယခု မိုးရာသီတွင် သီးနှံများစိုက်ပျိုးနိုင်ရန် တပ်ရင်းဆေးခန်းအနီး မြေလွတ်နေရာတွင် ပေါင်များတင်၍ ပြင်ဆင်လျက်ရှိသည်။ သို့ဖြစ်ရာ လာမည့်မိုးရာသီတွင်လည်း ဟင်းသီးဟင်းရွက် အသီးအနှံမျိုးစုံကို ဖြည့်ဆည်းရောင်းချပေးနိုင်တော့မည်ဖြစ်သည်။

နံနက် ၈ နာရီကျော်မှစ၍ ဈေးခင်းပြီးရောင်းခဲ့ရာ ၉ နာရီခွဲခန့်တွင် ခင်းထားသောစားပွဲပေါ်မှ ထမင်းဘူးများ ကုန်သွားပြီဖြစ်၍ တပ်ရင်းမှရဲမေများက ဒန်အိုးများသိမ်းဆည်းနေကြသလို ကန်စွန်းရွက်နှင့်ချဉ်ပေါင်ရွက်မှာလည်း သုံးစီးသာ ကျန်ရှိတော့သဖြင့် ဆရာများကလည်း စားပွဲခုံများကို သိမ်းဆည်းနေကြပြီဖြစ်သည်။ ထိုသို့သိမ်းဆည်းနေချိန်တွင် ထမင်းဟင်းလျာ လာရောက်ဝယ်ယူသူများရှိနေ၍ ဆရာကြီးတစ်ဦးက ဝယ်ယူစားသုံးသူများကျေနပ်စေရန် ရှင်းလင်းတောင်းပန်ပြောကြားလျက်ရှိသည်။ အိပ်ပျော် အိပ်ငိုက်နေသော ကလေးများမှာလည်း အိမ်ပြန်ရမည်ဖြစ်၍ သွက်လက်နိုးထလာပြီဖြစ်သည်။

တာဝန်တစ်ခုပြီးဆုံးသည်ထက် ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက် ပြီးဆုံးသွားပြီဖြစ်၍ ရဲမေတို့၏ မျက်ဝန်းမှာ ကျေနပ်အားရလျက်ရှိနေသည်။ ရဲမေတို့မှာ တပ်မတော်သားများနည်းတူ တပ်၏ စည်းကမ်း၊အမိန့်ကို လိုက်နာဆောင်ရွက်ရသူများဖြစ်၍ ရှေ့တန်းစစ်မျက်နှာတွင်ဖြစ်စေ၊ တိုင်းပြည်၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ဖြစ်စေ တပ်မတော်သားများ တာဝန်ထမ်းဆောင်နေရချိန်တွင် နောက်တန်းရှိ တပ်ရင်းများတွင်လည်း တပ်ရင်း၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးလုပ်ငန်းများကို နေ့စဉ် ဖြည့်ဆည်းဆောင်ရွက်ရလျက်ရှိသည်။ ရဲမေတို့ထဲတွင် ဝန်ထမ်းများ၊ ကျောင်းဆရာမများလည်း ပါဝင်ကြပြီး ကျောင်းသားများလည်းရှိသည့်အတွက် မိသားစု၏တာဝန်များလည်းရှိကြရာ ထိုသို့သောတာဝန်များကြားမှ တပ်ရင်း၏ လုပ်အားပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရသူများဖြစ်သည်။ ဤသို့ အများပြည်သူ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ရောင်းချပေးရာတွင် ရဲမေများမှာ ကျောင်းပိတ်ရာသီအတွင်းက အခက်အခဲမရှိသော်လည်း ကျောင်းဖွင့်ရာသီတွင် ကျောင်းသားမိခင် ရဲမေများအနေဖြင့် အိမ်မှုကိစ္စများ ရှိလာနိုင်သောကြောင့် တန်ဖိုးနည်း ထမင်းဟင်းနှင့် ဟင်းသီးဟင်းရွက် ရောင်းချရာတွင် အခက်အခဲအနည်းငယ် ရှိလာနိုင်သည်။

လှိုင်သာယာအဝေးပြေးဝင်းအတွင်းမှ တန်ဖိုးနည်းထမင်းဟင်း ရောင်းချသောယာဉ်မှာ ပြန်လည်ထွက်ခွာလာပြီဖြစ်သည်။ ထမင်းဟင်းနှင့်ဟင်းသီးဟင်းရွက်များမှာလည်း ကုန်သွားပြီဖြစ်သည်။ ကားဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် ရဲတပ်ဖွဲ့နှင့် စည်ပင်သာယာက ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်-ပုသိမ် ကားလမ်းပေါ်၌ ယာဉ်များပိတ်ဆို့လျက်ရှိနေဆဲပင်ဖြစ်သည်။ ကားဝင်းအတွင်းတွင်လည်း ဝမ်းစာအတွက် ဈေးရောင်းဈေးဝယ်လုပ်ကိုင်သူ၊ ဆိုင်ကယ်ကယ်ရီဆွဲသူ၊ တက္ကစီဆွဲသူများနှင့် ခရီးသွားပြည်သူများ၊ ကားဝင်းအပြင်ဘက် ကားလမ်းပေါ်တွင်လည်း ညှိကြိုသူများ၊ တက္ကစီယာဉ်သမားများနှင့် လမ်းဘေးဈေးဆိုင်များဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားနေကြသော အခြေခံ ပြည်သူတို့၏ တစ်နေ့တာဝမ်းရေးအတွက် ဈေးနှုန်းသက်သာသောဟင်းလျာကို စားသုံးကာ စားစရိတ်ကို တစ်နေ့တာချွေတာနိုင်ခြင်းသည် တိုင်းပြည်၏ တစ်ဦးချင်း တစ်နေ့တာထွက်ငွေကို ချွေတာလိုက်နိုင်ခြင်းပင် ဖြစ်သည်။

ဈေးသိမ်းပြီးပြန်လာသော တန်ဖိုးနည်း ထမင်းဟင်းနှင့် ဟင်းသီးဟင်းရွက် အရောင်းယာဉ်ကြီးမှာ အမှတ်(၅၃၂) တပ်ရင်းသို့အပြန် လမ်းပေါ်တွင် ယာဉ်များကြား မောင်းနှင်လျက်ရှိသည်။ ယာဉ်ပေါ်မှ ရဲဘော်၊ရဲမေတို့မှာ မျက်နှာပေါ်တွင် ပေါ့ပါးလန်းဆန်းသော အပြုံးကိုယ်စီ လွှမ်းလျက်ရှိသည်။ တပ်မတော်သားတို့သည် ပြည်သူနှင့်အတူ အေးအတူပူအမျှ ရှိနေကြောင်း၊ ပြည်သူ၏အခက်အခဲသည် တပ်မတော်၏ အခက်အခဲသာဖြစ်ကြောင်း အတွေးကိုယ်စီရှိနေကြသည်။ လာမည့်အပတ်တွင်လည်း ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူတို့ထံ လတ်ဆတ်သောသီးနှံများနှင့် ထမင်းဟင်းလျာများကို ပိုမိုကောင်းမွန်စွာ ရောင်းချနိုင်အောင် မည်သို့စီမံဆောင်ရွက်လျှင်ကောင်းမည်နည်းဟူသော အတွေးများကို ကိုယ်စီရင်ဖိုက်လျက်။ ။

# သိမှတ်ဖွယ်ရာ မြန်မာ့ချည်မျှင်ရှည်ဝါ

**ခင်ခင်ကြီး(ဝါ/လျှော်မျှင်)**

လူသားတို့ နေ့စဉ်ဘဝ ရှင်သန်နေထိုင်ရာတွင် စားရေး၊ နေရေးနှင့် ဝတ်ရေးတို့သည် မရှိမဖြစ် လိုအပ်လျက်ရှိသောအရာများ ဖြစ်ကြသည်။ ဝါမှရက်လုပ်ရရှိသော ချည်ထည်များသည် လူသားတို့၏ ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှု အဆင့်အတန်းကို မြင့်မားစေပြီး ကျန်းမာရေးနှင့် လူမှုဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့် ဝါသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အရေးပါသောကဏ္ဍမှပါဝင်ခဲ့သည့် ရှည်လျားသော စိုက်ပျိုးမှုသမိုင်းကြောင်းရှိသည့် သီးနှံဖြစ်သည်။ ကမ္ဘာ့ဝါသမိုင်းသည် နှစ်ပေါင်း ၅၀၀၀ ကျော်ခန့် ရှည်ကြာခဲ့ပြီဖြစ်သကဲ့သို့ မြန်မာ့ဝါသမိုင်းသည်လည်း နှစ် ၁၂၀၀ ကျော် တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းအရ ဝါသည် မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ ရောက်ရှိခဲ့ပြီး ပျူခေတ်ကာလအတွင်း အေဒီ (၈၀၀) ခုနှစ်မှစတင်၍ ယဉ်ကျေးမှုအရဖြစ်စေ၊ စီးပွားရေး အရဖြစ်စေ အရေးပါသော သီးနှံတစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။ ယင်းနောက် ခေတ်အဆက်ဆက်စိုးစံခဲ့သည့် မြန်မာမင်းများ လက်ထက်တွင် နိုင်ငံခြားတိုင်းပြည်များနှင့် အဓိကကုန်သွယ်မှု ပစ္စည်းတစ်ခုဖြစ်ခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက်တွင် ဘုရင့်မူပိုင် တော်ဝင်သီးနှံအဖြစ် သတ်မှတ်ခံခဲ့ရပြီး မြန်မာ့ဝါမှရက်လုပ်သည့် ဖျင်၊ ပင်နီများသည် ကိုလိုနီခေတ်တွင် ဝံသာနု စိတ်ဓာတ်နိုးကြားစေရန် လှုံ့ဆော်ပေးခဲ့သည်။

ယနေ့ကမ္ဘာတွင် လူနေမှုပုံစံများ၊ စားသုံးသူ၏အကြိုက်နှင့် စရိုက်လက္ခဏာများသည် အစဉ်အမြဲပြောင်းလဲလျက်ရှိရာတွင် ဝါချည်ဖြင့်ရက်လုပ်ထားသော အဝတ်အထည် အသုံးအဆောင်များကို ပိုမိုတန်ဖိုးထား အသုံးပြုလာကြလျက်ရှိနေပေသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှု အသိတရားများ နိုးကြားလာခြင်းက ဓာတုဗေဒချည်မျှင်များထက် သဘာဝဝါချည်မျှင်ဖြင့် ရက်လုပ်သည့် ရာနှုန်းပြည့်ချည်ထည်များ ဝတ်စားဆင်ယင်မှုကို တစ်ခေတ်ဆန်းလာစေသည်။

**စွယ်စုံရသီးနှံ**

ဝါကို ချည်မျှင်ရရှိရေးအတွက် အဓိကစိုက်ပျိုးသည်ဆိုသော်လည်း ဝါစေ့မှကြိတ်ထုတ်ရရှိသော ဝါစေ့ဆီသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် အဓိကစားသုံးဆီအဖြစ် နေရာရရှိနေသည့်အပြင် ဘေးထွက်ပစ္စည်းများဖြစ်သည့် ဝါစေ့ကြိတ်ဖတ်နှင့် ဝါစေ့ခွံတို့သည် အာဟာရဓာတ်ပြည့်ဝသော တိရစ္ဆာန်အစားအစာများ ဖြစ်ကြသည်။ ဝါစေ့တွင် ဆီ ၁၅ ရာခိုင်နှုန်း ပါဝင်ပြီး ပရိုတင်း ၂၄ ရာခိုင်နှုန်း ခန့် ပါဝင်သည်။ ထို့အပြင် လင်တာဂွမ်းအပါအဝင် ဝါစေ့၏ ဘေးထွက်ပစ္စည်းများမှ လူသုံးပစ္စည်း အမယ်ပေါင်း မြောက်မြားစွာ ထုတ်လုပ်ရရှိလျက်ရှိရာ စွယ်စုံရသီးနှံတစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။ ငွေစက္ကူ၊ စာရေးစက္ကူ၊ ပိုးတုံ၊ ဖလင်၊ မှန်၊ ကြိုး၊ မီးခံပြား၊ သားရေတု၊ ရော်ဘာတု အစရှိသည့် ပစ္စည်းများကိုလည်း ဝါမှပင် ရရှိပါသည်။

ယခုအခါ ဝါစိုက်ပျိုးသည့် ကမ္ဘာ့နိုင်ငံများတွင် မိမိနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမည့် ဝါသီးနှံဆိုင်ရာမူဝါဒများ ချမှတ်ကာ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းမြင့်မားရေး၊ တစ်ဧကကုန်ကျစရိတ် လျှော့နည်းရေး၊ ပိုမိုတွက်ခြေကိုက်သော ကုန်ချောများမှ ဝင်ငွေများရရှိရေး၊ ဝါစိုက်ပျိုးသူ၊ ရောင်းဝယ်သူနှင့် ဝါကြိတ်ခွဲသူလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားရေး၊ ချည်မျှင်နှင့် အထည်ရက်လုပ်ငန်းများနှင့် လက်အောက်ခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် မိမိနိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အစွမ်းကုန် ဆောင်ရွက်လျက်ရှိကြသည်။

**အရေးကြီးသီးနှံ ၁၀ မျိုး**

မြန်မာနိုင်ငံတွင်လည်း နိုင်ငံ၏ အရေးကြီးသီးနှံ ၁၀ မျိုးတွင် ဝါကို ထည့်သွင်းသတ်မှတ်ထားပြီး တိုးတက်လာသောလူဦးရေနှင့်အတူ တစ်နေ့တခြား ကြီးထွားလာလျက်ရှိသည့် ပြည်တွင်းလိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ဝါသီးနှံသည် စိုက်ပျိုးရာတွင် အခြားသီးနှံများထက် စိုက်ပျိုးနည်းစနစ်ကျွမ်းကျင်မှု လိုအပ်ခြင်း၊ ပိုးမွှားဖျက်ဆီးမှု ပိုမိုခံရခြင်းနှင့် စိုက်ပျိုးစရိတ် ပိုမိုကုန်ကျခြင်းတို့ကြောင့် အစိုးရက သင့်တော်သည့်မူဝါဒချမှတ်ပြီး လိုအပ်သလို အားပေးကူညီ မြှင့်တင်ပေးမှသာလျှင် အောင်မြင်ရန်သေချာသော သီးနှံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ဖွံ့ဖြိုးရေးအစီအစဉ်များကို အစဉ်တစိုက် ချမှတ်ဆောင်ရွက်ခဲ့သည်။

**မြန်မာ့ဝါသမိုင်း**

မြန်မာမင်းများလက်ထက်တွင် ဝါကို ပြည်ပတင်ပို့ရောင်းချခြင်းမှရရှိသော အကောက်ခွန်သည် ကျောက်စိမ်း၊ ကျွန်းသစ်များ တင်ပို့ရောင်းချခြင်းမှရရှိသည့် အခွန်များနှင့်တန်းတူ ဘုရင်၏ အဓိကဘဏ္ဍာတော်ဖြစ်ခဲ့ပေသည်။ ထို့အပြင် ၁၉၂၀ ပြည့်လွန်နှစ်များမှစတင်၍ ဝါအထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကို မြှင့်တင်နိုင်ရန် ဝါသုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးစနှစ်များတွင် ဝါသည် ဆန်ပြီးလျှင် ဒုတိယမြောက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော သီးနှံဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ချည်မျှင်ရှည်ဝါကို ပြည်ပနိုင်ငံများမှ တင်သွင်း စမ်းသပ်စိုက်ပျိုးပြီး ၁၉၆၁-၁၉၆၂ ခုနှစ်မှစတင်၍ စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့သည်။ ၁၉၈၀ ပြည့်လယ်နှစ်များတွင် အထူးအထွက်တိုးမြို့နယ်များသတ်မှတ်ကာ ဝါသီးနှံအထွက်နှုန်းတိုးမြှင့်ရေး ဆောင်ရွက်ခြင်းနှင့် ၂၀၀၄ ခုနှစ် မတ်လမှစတင်၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဝါကို လွတ်လပ်စွာ ဝယ်ယူကြိတ်ခွဲခွင့်ပြုခြင်းတို့မှာ မြန်မာ့ဝါသမိုင်းတွင် ထင်ရှားသော သမိုင်းမှတ်တိုင်များဖြစ်ကြသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ထိန်လင်း(မန်းတက္ကသိုလ်)၏ ကမ္ဘာ့ဝါသမိုင်း၊ မြန်မာ့ ဝါသမိုင်းစာအုပ် ဥယျောဇဉ်တွင် ယခင် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က မှတ်တမ်းပြုရေးသားထားကြောင်း တွေ့ရပါသည်။

**အရည်အသွေးကောင်း ဝါမျိုးများ**

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံခြားမှဝါမျိုးများကို တင်သွင်းခြင်း၊ သုတေသနလုပ်ငန်းများလုပ်ကာ မျိုးကူးစပ်ရွေးချယ်ခြင်းများ ပြုလုပ်ခြင်းဖြင့် အထွက်နှုန်းကောင်း၊ ချည်အရည်အသွေးကောင်း ဝါမျိုးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ချည်မျှင်ရှည်ဝါမျိုးဖြစ်သည့် လွန်ကျော်(၃) ဝါမျိုးကို ၂၀၀၂-၂၀၀၃ ခုနှစ်အထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ကြသည်။ ယင်းနောက်တွင် အိန္ဒိယနိုင်ငံမှ တင်သွင်းသော ဝါမျိုးများထဲမှ မြန်မာနိုင်ငံ၏ ရေမြေဒေသနှင့်ကိုက်ညီမှုရှိသည့် ဝါမျိုးများကို လေ့လာစမ်းသပ် ဖော်ထုတ်ခဲ့ရာ အရည်အသွေးကောင်းမွန်သော ဝါမျိုးငါးမျိုးဖြစ်သည့် ငွေချည်(၁)၊ ငွေချည်(၂)၊ ငွေချည်(၃)၊ ငွေချည်(၄)နှင့် ငွေချည်(၅) ဝါမျိုးများကို လွန်ကျော်(၃)ဝါမျိုးနေရာတွင် အစားထိုးကာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့သည့်အတွက် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စုစုပေါင်း ဝါစိုက်ဧက၏ ၇၀ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်ခဲ့သည်။ ချည်မျှင်တိုဝါတွင် မလှိုင်(၅)ဝါနှင့် ဝါကြီးဝါမျိုးကို စိုက်ပျိုးလျက်ရှိသည်။

ဝါမျိုးသစ်များ ထုတ်ဝေဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်ပနိုင်ငံများမှရရှိသော ဝါမျိုးများကို စုဆောင်းလေ့လာ အကဲဖြတ်ပြီး မြန်မာနိုင်ငံ၏ ရေမြေဒေသနှင့် ကိုက်ညီသည့် ချည်မျှင်ရှည်ဝါမျိုးများကို ရွေးချယ်ဖော်ထုတ်လျက်ရှိသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ထိုင်းနိုင်ငံမှရရှိသောမျိုးများကို အခြားပြည်ပနိုင်ငံများမှ စုဆောင်းရရှိသော ဝါမျိုးများနှင့် ယှဉ်တွဲစိုက်ပျိုးလေ့လာခဲ့ရာ လေ့လာမှု၏ရလဒ်အဖြစ် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ပြီး ဝါထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်သည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးကို ထုတ်လုပ်နိုင်ခဲ့ကာ ၂၀၀၆-၂၀၀၇ ခုနှစ်မှ စတင်၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးနိုင်ခဲ့သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စုစုပေါင်းချည်မျှင်ရှည်ဝါစိုက်ဧက၏ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းခန့်ကို ငွေချည်(၆)ဝါမျိုးနှင့် အစားထိုးစိုက်ပျိုးနိုင်ခဲ့သည်။

ငွေချည်(၆) ဝါမျိုးသည် ဝါအထွက်နှုန်းကောင်းမွန်ပြီး သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော်လည်း စုပ်စားပိုးများကို ခံနိုင်ရည်မရှိသည့်အတွက် စုပ်ပိုးဒဏ်အသင့်အတင့် ခံနိုင်ရည်ရှိပြီး ဝါအထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်မြင့်မားသည့် ဝါမျိုးများ ရရှိရေးကို ပြည်တွင်းမျိုးကူးစပ်သည့် သုတေသန ပညာရှင်များက ရှာဖွေစမ်းသပ် ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ဆောင်ရွက်မှု၏ ရလဒ်အဖြစ် သီးလုံးဖောက်ပိုးဒဏ် ခံနိုင်ရည်ရှိပြီး စုပ်စားပိုးဒဏ် အသင့်အတင့် ခံနိုင်ရည်ရှိကာ ဝါအထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်သော တောင်သူများကြိုက်နှစ်သက်သည့် ရွှေတောင်(၈)ဝါမျိုးနှင့် ငွေချည်(၉)ဝါမျိုးများကို ဆက်လက် ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ဝါမျိုးနှစ်မျိုးကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တောင်သူများလက်ဝယ်သို့ စတင်ဖြန့်ဖြူးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရွှေတောင်(၈)ဝါမျိုးကို ဧက ၈၁၀၀၀၊ ငွေချည်(၉)ဝါမျိုးကို ၇၄၈၆၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်ကြရမည်**

ဝါမှရသော ချည်ထည်များသည် လူသားများအတွက် သဘာဝမှထုတ်လုပ်ပေးသည့် အဝတ်အထည်များဖြစ်ခြင်း၊ ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် ချည်ထည်လိုအပ်ချက် တစ်နေ့တခြား မြင့်မားလာခြင်းတို့ကြောင့် ဝါသည် လက်ရှိအချိန်တွင် အရေးပါသော ကဏ္ဍမှ ပါဝင်နေသလို နောင်အနာဂတ်ကာလတွင်လည်း ဆက်လက်ပါဝင်နေဦးမည်မှာ မလွဲပါ။

ကျန်းမာရေးနှင့်အညီ အသုံးပြုရန်အတွက် လူတစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ ချည်ထည် ၁၅ ကိုက်မှ ၂၅ ကိုက်ခန့် လိုအပ်မည်ဟု အကြမ်းဖျင်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် လူဦးရေတိုးတက်နှုန်းမှာ ၁ ဒသမ ၈၄ ရာခိုင်နှုန်းဟု ခန့်မှန်းထားရာ တိုးတက်လာနေသော လူမှုအဖွဲ့အစည်း၏ အဓိကကျသော ဝတ်ဆင်ရေးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုကို ယခုထက်ပိုမို၍ တိုးတက်အောင် အစိုးရ၊ ပညာရှင်နှင့် ပုဂ္ဂလိကပိုင်း အခန်းကဏ္ဍများမှ အရေးတကြီး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

## မြန်မာ့နှမ်းနက်ကို ပိုမိုဝယ်ယူရန် ဂျပန်နိုင်ငံကုန်သည်များ စိတ်ဝင်စားနေ

**မန္တလေး ဇွန် ၁၁**

မြန်မာ့နှမ်းနက်ကို ပိုမိုဝယ်ယူဖို့ ဂျပန်ကုန်သည်အများစု စိတ်ဝင်စားမှုရှိနေတယ်လို့ မန္တလေးဈေးကွက်မှ နှမ်းကုန်သည်တွေရဲ့ပြောကြားချက်တွေအရ သိရပါတယ်။

“အရည်အသွေးကောင်းမယ်ဆိုရင် နှစ်စဉ် တန်ချိန် သိန်းချီအထိဝယ်ဖို့ ဆန္ဒရှိနေကြတယ်။ ကျွန်တော်တို့ ဂျပန်သွားတုန်းကလည်း လုပ်ငန်းရှင်တွေက လိုသလောက် ရသလောက် ဝယ်ချင်တယ်လို့ ကမ်းလှမ်းပြောဆိုကြတယ်။ ဂျပန်ပို့ဖို့ ဈေးကွက်အင်အား ကောင်းပေမယ့် နှစ်စဉ် တန်ချိန် ၈၀၀၀ ကျော်သာ ပို့နိုင်သေးတယ်”လို့ မန္တလေးက နှမ်းကုန်သည် ဦးမင်းစိုးက ပြောပါတယ်။

ဂျပန်ကုန်သည်တွေအနေနဲ့ နှမ်းနက်ကို ဈေးကောင်းပေးဝယ်ယူချင်ပေမယ့် ပြည်တွင်းရဲ့ နှမ်းအများစုဟာ အရည်အသွေးပိုင်း လိုအပ်ချက်ရှိနေပြီး ပိုးသတ်ဆေးသုံးစွဲမှုတွေ၊ စံချိန်စံညွှန်း မမီတာတွေ၊ ထုပ်ပိုးတင်ပို့မှုပုံစံမမှန်တာတွေ၊ မခြေမီ ကိုင်တွယ်ပုံစံတွေ၊ သိုလှောင်မှုအားနည်းတာတွေကြောင့် အခွင့်အရေးကို လက်လွှတ်နေရတာဖြစ်တယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။

ရောမြေ နှမ်းကုန်သည်လုပ်ငန်း ဒါရိုက်တာ ဦးကျော်လင်းကလည်း “ကုန်သည်ပွဲစားတွေမှာလည်း သိုလှောင်မှုမှာ ထိန်းသိမ်းနိုင်တဲ့သိုလှောင်မှုတွေ မလုပ်နိုင်သေးဘူး။ သာမန်အတိုင်း အခြောက်လှန်းပြီး ထည့်ထားကြတာ များတယ်။ စပါးကြာရွှေ၊ နှမ်းကြာမြေ ဆိုတဲ့အတိုင်းပဲ သိုလှောင်မှုပုံစံ မမှန်တာတွေကြောင့် ပျက်စီးလွယ်တာတွေဖြစ်နေတယ်။ ဒါကို တောင်သူရော၊ ကုန်သည်တိုင်းရော အထူးလိုက်နာဖို့လိုအပ်တယ်”လို့ ပြောပါတယ်။

နှမ်းကုန်သည်အများစုဟာ အလေးချိန်မပျောက်ရေးကိုပဲ ဦးစားပေးလွန်းတာတွေ၊ ဖုန်၊ သဲခဲ နည်းရင် နှမ်းအရည်အသွေးကောင်းတယ်လို့ တွက်ဆမှုတွေနဲ့ ပိုးသတ်တဲ့အလုပ် မမှန်ကန်မှုတွေ ရှိနေတယ်လို့ သိရပါတယ်။ နှမ်းကို ပြည်ပပိုမိုတင်ပို့ဖို့ ရည်ရွယ်ရင် ကုန်သည်တွေက တောင်သူများနဲ့ အကျိုးတူစနစ် ဆောင်ရွက်ပြီးတော့ နှမ်းတင်ပို့ကုမ္ပဏီများကလည်း စုပေါင်းလယ်ယာစနစ်တွေ ထူထောင်ဖို့လိုအပ်လာတယ်လို့ ကုန်သည်တွေက ပြောပါတယ်။

လက်ရှိအချိန်မှာ မြန်မာ့နှမ်းကို နိုင်ငံပေါင်း ၁၂ နိုင်ငံအထိ တင်ပို့နေပြီးတော့ တစ်နှစ်ကို စုစုပေါင်း တန်ချိန် ဆယ်သိန်းကျော်ရှိတယ်လို့ သိရပါတယ်။

**ဇာလင်းသူ**(AMIA)

## တိုင်းဒေသကြီးသုံးခု၌ လျှော်ဖြူဈေးကွက် တိုးချဲ့ဆောင်ရွက်မည်

**မန္တလေး ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ လျှော်ဖြူ(ဆေးကုလားမ)ကို ဈေးကွက်တိုးချဲ့ဆောင်ရွက်သွားမယ်လို့ လျှော်ဖြူ အစုအဖွဲ့ထံမှ သိရပါတယ်။

လျှော်ဖြူအစုအဖွဲ့အနေနဲ့ ဈေးကွက်တိုးချဲ့နိုင်ဖို့ ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းမတူဘဲ ဈေးနှိမ်ခံနေရတဲ့ ပြဿနာတွေ ဖြေရှင်းပေးနိုင်ဖို့ ဈေးနှုန်းအသင်းတွေကို ဖလှယ်ပေးတာတွေ၊ ဈေးကောင်းရောင်းရအောင် ကုန်သည်တွေနဲ့ ချိတ်ဆက်ပေးတာတွေ၊ နည်းပညာအကူညီပေးတာတွေ ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ လျှော်ဖြူအစုအဖွဲ့အနေနဲ့ အများပိုင်ကုမ္ပဏီ တည်ထောင်ရေးကိုလည်း ဆွေးနွေးနေတယ်လို့ သိရပါတယ်။

လက်ရှိအချိန်မှာ လျှော်ဖြူကို မကွေးတိုင်းဒေသကြီးမှာ ဧက ၅၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးမှာ ဧက ၃၇၀၀ ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ လျှော်ဖြူကို တစ်နှစ်မှာ တန်ချိန်ငါးသောင်းကျော် ပြည်ပကို တင်ပို့နိုင်တယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။ လျှော်ဖြူအစုအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းညွှန့်က လျှော်ဖြူကို ထိုင်းလည်းပို့သလို တရုတ်ဘက်လည်း ပို့ပါတယ်။ တရုတ်ရဲ့ ဝယ်လိုအား ကောင်းလာတာ နှစ်နှစ် ရှိနေပါပြီလို့ ပြောပါတယ်။

လက်ရှိအချိန်မှာ တရုတ်နဲ့ အိန္ဒိယက အဝယ်လိုက်လာလို့ လျှော်ဖြူဈေး တစ်ပိဿာကို အနည်းဆုံး ကျပ်တစ်သောင်းခွဲကနေ အများဆုံး ကျပ်လေးသောင်းအထိ ဈေးပေါက်နေတယ်လို့ သိရပါတယ်။

**ဇာလင်းသူ**(AMIA)

## မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ဂန့်ဂေါ ဇွန် ၁၁**

ဂန့်ဂေါမြို့နယ်အတွင်းမှ မွေးမြူရေးလုပ်ငန်းများအတွက် မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ ဂန့်ဂေါခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်တို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိန်ဝင်းက သင်တန်းဖွင့်လှစ်ခြင်းရည် ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

## မိုးရွာသွန်းမှုကြောင့် နွေသီးနှံပင်မျိုးစုံ အောင်မြင်ဖြစ်ထွန်း

**သာစည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဇွန် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အဆိုပါမိုးကြောင့် မြို့နယ်အတွင်းမှတောင်သူများ နွေသီးနှံအဖြစ် စိုက်ပျိုးထားသော နွေစပါး၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးဦးနှမ်း၊ မိုးထောင်ငရုတ်နှင့် ပဲတီစိမ်း စိုက်ခင်းများမှာ ရေလိုအပ်ချိန်တွင် မိုးရေရခဲ့သဖြင့် အပင်များရှင်သန်ဖွံ့ထွားလာပြီး အသီးအပွင့်များ ဝေဝေဆာဆာရှိလာကြသည်ကို တွေ့ရသည်။

“ဒီနှစ် မိုးဦးစောပြီး မိုးရွာလို့ ပျော်မိပါတယ်။ ဝါဆိုလထဲရောက်ရင် မိုးစပါးစိုက်ဖို့ ပျိုးထောင်ရတော့မှာပါ။ ဒီနှစ် စပါးစောစိုက်ရမှာမို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေရပါတယ်။ ညောင်ရမ်း-မင်းလှကန်ကြီးထဲမှာလည်း ရေအပြည့်ရှိနေတယ်။ စပါးအတွက်က ကျွန်တော်တို့ တောင်သူတွေအနေနဲ့ စိုက်ရေကို မပူရတော့ဘူး။ ကန်ထဲမှာ ရေအပြည့်ရှိနေလို့ ပျိုးထောင်ရေ၊ စိုက်ရေ၊ အောင်ရေအတွက် ဘာမှ ပူစရာမလိုတော့ဘူးလေ။ နိုင်ငံတော်ကလည်း အချိန်မီစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးစရိတ်ချေးငွေတွေကို မေ ၂၃ ရက်ကစပြီး စပါးစိုက်တောင်သူတစ်ဦးအတွက် တစ်ဧကကို ကျပ် ၁၅၀၀၀၀ နှုန်း ထုတ်ချေးထားပေးတယ်။ စပါးစိုက်ရမှ ကျွန်တော်တို့တောင်သူတွေမှာ အကြွေးကျေမှာပါ” ဟု ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူဦးသန်းဝင်းက ပြောသည်။

**မောင်ကို(သာစည်)**

# စိုက်ပျိုးသီးနှံ ဈေးကွက်သတင်းများ

(ဇွန် ၅ ရက်မှ ၉ ရက်အထိ)

**ဒီတစ်ပတ်မှာတော့ ကုန်စည်ဈေးကွက်အတွင်း မတ်ပဲ(FAQ/RC) က စံချိန်တင် ဈေးကျဆင်းသွားခဲ့ပေမယ့် ပဲစင်းငုံကတော့ ဈေးအတက်အကျ အပြောင်းအလဲ သိပ်မရှိပါဘူး။ ကြက်သွန်ဖြူ (ကြူကုတ်)ကတော့ ဈေးက ဆက်တိုက်ကို ကျဆင်းနေပါတယ်။ အရင်က ဈေးငြိမ်ခဲ့တဲ့ အာလူးကတော့ ဆက်တိုက် ဈေးတက်လာခဲ့ပါတယ်။**

## မတ်ပဲ (FAQ/RC) စံချိန်တင်ဈေးကျဆင်း

မတ်ပဲက ဒီတစ်ပတ်မှာတော့ စံချိန်တင်ဈေးကျဆင်းခဲ့ပါတယ်။ တစ်တင်းကို ၂၇၈၀၀ အထိ ဈေးကျဆင်းခဲ့ပါတယ်။ ဧပြီလကနေစတင်ပြီး ဈေးကျဆင်းခဲ့တဲ့ မတ်ပဲဟာ ဒီလမှာတော့ အနိမ့်ဆုံးဈေးကို ရောက်ရှိနေပါတယ်။ လက်ရှိ မတ်ပဲ ပေါက်ဈေးက တစ်တန်ကို ၈၅၂၀၀၀ ပေါက်ဈေးရှိပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲက သုံးပတ်ဆက်တိုက် ဈေးကျဆင်းနေတဲ့ အခြေအနေမှာရှိနေပါတယ်။ အိန္ဒိယနိုင်ငံက ပြည်နယ်သုံးခုမှာ မတ်ပဲအသစ်တွေ ဝင်ရောက်နေတဲ့အတွက် မြန်မာနိုင်ငံက မတ်ပဲက ဈေးတွေကျဆင်းနေတာဖြစ်တယ်လို့လည်း သိရပါတယ်။ လက်ရှိ မတ်ပဲပေါက်ဈေးက ၂၀၁၆ ခုနှစ်ကာလနဲ့ နှိုင်းယှဉ်လိုက်ရင် ထက်ဝက်ဈေးသာရရှိနေတဲ့အခြေအနေ ဖြစ်ပါတယ်။ လတ်တလော အခြေအနေကတော့ ဈေးကဆက်တိုက်ကျဆင်းနေပေမယ့် ပဲလက်ကျန်တွေ များနေတဲ့အတွက် ရန်ကုန်ဈေးကွက်မှာ နေ့စဉ် အိတ် ၃၀၀ နီးပါး အရောင်းအဝယ် ရှိနေပါတယ်။

## ပဲစင်းငုံအတက်အကျ အပြောင်းအလဲငြိမ်

မတ်ပဲက တစ်ရိပ်ရိပ်နဲ့ ဈေးကျဆင်းနေပေမယ့် ပဲစင်းငုံကတော့ ယခင်အပတ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးက မာနေတဲ့အခြေအနေလို့ ပြောလို့ရပါတယ်။ တစ်တင်းကို ၂၀၀၀၀ ပတ်လည်နားမှာ ဈေးငြိမ်နေတာပဲဖြစ်ပါတယ်။ လက်ရှိ ပဲစင်းငုံပေါက်ဈေးကတော့ တစ်တန်ကို ၆၄၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

ပဲစင်းငုံကလည်း မတ်ပဲနည်းတူ အိန္ဒိယနိုင်ငံမှာ သုံးပတ်ဆက်တိုက် ဈေးကျဆင်းနေပေမယ့် ပြည်တွင်းမှာ မတ်ပဲလောက် ဈေးကျဆင်းနေခြင်း မရှိပါဘူး။ ပြည်ပဝယ်လက်မရှိတော့ပေမယ့် လှောင်ပဲအချို့ ကျန်နေတဲ့အတွက် နေ့စဉ် ရန်ကုန်ဈေးကွက်မှာတော့ အရောင်းအဝယ် ရှိနေပါတယ်။ ၂၀၁၆ ကာလတူအခြေအနေမှာ တစ်တင်းကို ၅၀၀၀၀ နီးပါး ရရှိခဲ့တာနဲ့ နှိုင်းယှဉ်ရင်တော့ ယခုနှစ်မှာ ထက်ဝက်ကျော်မျှ ဈေးက ကွာဟနေပါတယ်။

## ကြက်သွန်ဖြူ (ကြူကုတ်) ဈေးဆက်ကျ

ကြက်သွန်ဖြူ (ကြူကုတ်) ကတော့ လက်ရှိမှာ တစ်ပိဿာ ၁၈၀၀ အထိ ဈေးက ကျဆင်းသွားပါတယ်။ ယခင်အပတ်က တစ်ပိဿာကို ၁၉၀၀ အထိ ဈေးရရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၀၀ လောက် ဈေးက ပြန်ကျဆင်းသွားခဲ့ပါတယ်။

လက်ရှိမှာ တရုတ်နိုင်ငံကနေ ကြက်သွန်ဖြူ(ကြူကုတ်)တွေ ဆက်တိုက်ဝင်နေတာဖြစ်တဲ့အတွက် ဈေးက ကျဆင်းနေတာဖြစ်ပြီး ပြည်တွင်းကြက်သွန်ဖြူဈေးကွက်မှာလည်း အရောင်းအဝယ်အေးနေပါတယ်။ ဧပြီလတုန်းက တစ်ပိဿာကို ၆၅၀၀ အထိ ဈေးမြင့်တက်ခဲ့တဲ့ ကြက်သွန်ဖြူ(ကြူကုတ်)က လက်ရှိမှာတော့ တစ်ပိဿာကို ၁၇၀၀ ကနေ ၁၈၀၀ အထိသာ ပေါက်ဈေးရှိနေပါတယ်။

## အာလူးများဈေးတက်

နှစ်လဆက်တိုက် အကျဈေးနဲ့ ဈေးငြိမ်နေခဲ့တဲ့ အာလူး(အောင်ပန်း)က ဇွန်လအစမှာတင် တဖြည်းဖြည်း ဈေးတက်လာနေပါတယ်။ တစ်ပိဿာကို ၂၀၀ ကနေ ၅၀၀ အထိ ပေါက်ဈေးရှိခဲ့ရာက လက်ရှိအချိန်မှာတော့ တစ်ပိဿာကို ၃၀၀ ကနေ ၆၃၀ အထိ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀ ကျော်လောက် ဈေးတက်လာခဲ့တာဖြစ်ပါတယ်။

# ကရင်ပြည်နယ်တွင် တောင်သူအချို့ ထိုင်းလုပ်ငန်းရှင်များဆီမှ စိုက်ပျိုးစရိတ်ချေးယူနေရ

**မြဝတီ ဇွန် ၁၁**

ထိုင်းနိုင်ငံနှင့် တစ်ဖက်ကမ်းဖြစ်သည့် ကရင်ပြည်နယ် သောင်းရင်းမြစ်ကမ်းနံဘေး ကျေးရွာအုပ်စုအချို့မှ တောင်သူအချို့အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေအတွက် ထိုင်းလုပ်ငန်းရှင်များဆီမှ ချေးယူနေရကြောင်း ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောကြားသည်။

အစိုးရက လက်ရှိချေးပေးနေသည့် ချေးငွေမှာ တောင်သူများအတွက် မလုံလောက်သည့်အပြင် နည်းပညာအခက်အခဲများကြောင့် ထိုဒေသမှ တောင်သူများအနေဖြင့် ထိုင်းလုပ်ငန်းရှင်များကိုသာ အားကိုးနေရပြီး ချေးငွေယူနေရကြောင်း၊ ထိုင်းလုပ်ငန်းရှင်များထံမှ ချေးငွေရယူသည့် ကျေးရွာအုပ်စုများတွင် ဆုံဆည်းမြို့နယ်မြေအတွင်းမှ ကျေးရွာအုပ်စုများနှင့် မော်လမြိုင်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စုများလည်း ပါဝင်ကြောင်း သိရသည်။

ဦးသန့်ဇင်အောင်က “ကျွန်တော်တို့ လွှတ်တော်ကနေ အဲ့ဒီဘက်ကကျေးရွာတွေကို လိုက်လေ့လာတော့ သူတို့က စိုက်စရိတ်ချေးငွေအတွက် ထိုင်းလုပ်ငန်းရှင်တွေဆီက ချေးရတယ်။ နောက် စိုက်ဖို့လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း ထိုင်းမှာပဲ ပြန်ဝယ်ရတယ်။ ထွက်လာတဲ့ အသီးအနှံကိုလည်း ဒီဘက်က လာဝယ်တဲ့သူမရှိတော့ ထိုင်းဘက်ကိုပဲ ပြန်ရောင်းရတော့ မိအေး နှစ်ခါမကဘူး၊ သုံးခါလောက် နာနေရတယ်”ဟု ပြောသည်။

အဆိုပါ ဒေသတွင် ပြောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းများကို အဓိက စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် လယ်ယာထွက်ကုန်များကို ပြန်လည်ရောင်းချရာတွင် တွက်ခြေမကိုက်သည့်အတွက် ဒေသခံအများစုမှာ ထိုင်းနိုင်ငံရှိ စိုက်ပျိုးရေးခြံများတွင် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် သွားရောက်လုပ်ကိုင်နေကြကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောသည်။

ကုန်သည်များအသင်းဥက္ကဋ္ဌက “နိုင်ငံတော်ဘက်ကလည်း ပံ့ပိုးကူညီရမယ်။ တောင်သူကလည်း ကြိုးစားရမယ်။ နှစ်ဖက်စလုံး ဟန်ချက်ညီညီ ဖြစ်ရမယ်။ ဒီဘက်က အတိုးနှုန်းကို လျှော့ပေးမယ်။ ဘဏ်စနစ်ကိုလည်း နိုင်ငံတကာပုံစံအတိုင်း ပြုပြင်ပေးလိုက်ရင် တောင်သူက သူကိုက်ရင် သူစိုက်မှာပေါ့။ အခု အဲ့ဒီရွာဘက်က လူတွေအကုန် ရွာလုံးကျွတ် ဟိုဘက်သွားကုန်ပြီ။ စိုက်တဲ့သူ မရှိတော့ဘူး။ စိုက်ရင်လည်း သူက အခင်းမှာတင် ရှုံးနေပြီလေ။ တချို့ဆို မကိုက်တော့ တစ်ခင်းလုံးကို မစိုက်တော့ဘဲ ထားလိုက်တော့တယ်”ဟု ပြောသည်။

စိုက်ပျိုးနည်းပညာနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကွာဟမှုကြောင့် ထိုဒေသမှ စိုက်ပျိုးသူများ အရှုံးပေါ်ကာ စိုက်ပျိုးမှုနည်းလာသဖြင့် ထိုင်းနိုင်ငံဘက်မှ သစ်သီးမျိုးစုံအပါအဝင် မီးဖိုချောင်သုံး လယ်ယာထွက်ကုန် ဟင်းသီးဟင်းရွက် တန်ချိန် ၃၀၀ ခန့်ကို နေ့စဉ် တင်သွင်းရောင်းချနေရကြောင်း မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းမှ သိရသည်။

**ဖြိုးလွင်အောင်(AMIA)**

# ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ် ၁၀ ခု၌ မိုးစပါး ကေရှစ်သိန်းခန့် စိုက်ပျိုးမည်

**သန်လျင် ဇွန် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ မြို့နယ် ၁၀ ခု၌ ယခု မိုးစပါးစိုက်ရာသီအတွင်း မိုးစပါး ဧကရှစ်သိန်းခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး ဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ သိရသည်။



မိုးစပါးစိုက်ပျိုးရန် လျာထားသည့် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် မိုးစပါး မျိုးကောင်းမျိုးသန့်များကို ၇၉၈၁၁၇ ဧကအထိ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ သတ်မှတ်ဧကကို ပြည့်မီကျော်လွန်သည်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ၊ စံပြကွက်စမ်းသပ်ကွက်များကိုလည်း ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် စနစ်ကျ လယ်ယာ ၁၄၈၂ ဒသမ ၆၁ ဧကတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ကံကြီးမကျီးကျေးရွာတွင် ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကွက်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ငါ့သရောက်မြို့နယ်အတွင်း မိုးဦးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ငါ့သရောက် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ဧပြီလအတွင်းကရွာသွန်းသည့် မိုးဦးမိုးဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးခဲ့ကြသည့် နှမ်းစိုက်ခင်းများမှာ နောက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် လက်ရှိအချိန်တွင် အပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နှမ်းအထွက်နှုန်းလည်း ကောင်းမွန်ဖွယ်ရှိကြောင်း မိုးဦးနှမ်းစိုက်ပျိုးထားရှိသည့် တောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ် တောင်သူတွေ ဧပြီလတုန်းက ရွာသွန်းခဲ့တဲ့မိုးနဲ့ စိုက်ပျိုးတဲ့ နှမ်းစိုက်ခင်းတွေက အသီးအပွင့်တွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကဆိုရင် နှမ်းခင်းတွေ ဖြစ်ထွန်းနေတဲ့အချိန်မှာ မိုးကခေါင်သွားပြီး နှမ်းစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးလို့ တောင်သူတွေအတွက် အကျိုးအမြတ်မရခဲ့ဘူး။ ဒီနှစ်ကတော့ မိုးကလည်း တစ်ရှိန်တည်းဆိုတော့ မိုးဦးမိုးနဲ့ ကျဲထားတဲ့ နှမ်းစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းနေပြီး နှမ်းအထွက်နှုန်းလည်း ကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အထွက်နှုန်းကောင်းဖို့ရှိတာကြောင့် သီးနှံရောင်းချရချိန်မှာ နှမ်းဈေးကောင်းဖို့အတွက် တောင်သူတွေ မျှော်လင့်နေကြပါတယ်”ဟု ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ မိုးဦးနှမ်းစိုက်ပျိုးထားသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ဒေသများမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် မြေပဲကိုသာ အဓိက အားထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေ၍ သီးနှံ ဈေးကောင်းရကာ အကျိုးအမြတ်ရရန် မျှော်လင့်နေကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တောင်သူများ ဝင်ငွေတိုးလာရန် အသုံးစရိတ်လျှော့ချပြီး အထွက်နှုန်းတိုးရေး ဦးစားပေးလုပ်ဆောင်သင့်

**သတင်းဆောင်းပါး - ဖြိုးလွင်အောင်(AMIA)**

တောင်သူများ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေရန်အတွက် သွင်းအားစုအသုံးစရိတ်များကို လျှော့ချပြီး အထွက်နှုန်းတိုးလာရေးကို ဦးစားပေး လုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် လယ်သမားတစ်ဦး၏ မိုးစပါးတစ်ရာသီ စိုက်ပျိုးမှုမှ ရရှိသည့်ဝင်ငွေသည် အာဆီယံနိုင်ငံများတွင် အနည်းဆုံးဖြစ်နေကြောင်း ၂၀၁၄ တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ စာရင်းများအရ သိရသည်။

ဦးရဲမင်းအောင်က “သုတေသနကိုပြုလုပ်တဲ့ အဖွဲ့အစည်းတွေက လူဦးရေဘယ်လောက်ကို ခြုံငုံပြီး ပြုစုတယ်ဆိုတာကိုတော့ မသိဘူး။ ဒါပေမယ့် ကျွန်တော်တို့ဆီက လယ်သမားတွေ ဝင်ငွေနည်းနေတယ်။ အသုံးစရိတ်များနေတယ်ဆိုတာ သေချာတယ်။ အဲ့ဒါတွေကို ဘယ်လိုထိန်းချုပ်မလဲဆိုတော့ ဥပဒေ၊ မူဝါဒတွေနဲ့ ထိန်းချုပ်လို့ရတယ်။ အသုံးစရိတ်များနေရင် မြေဩဇာသွင်းအားစု ရောင်းချတာတွေမှာ ယှဉ်ပြိုင်မှုရှိအောင် လုပ်ပေးရမယ်။ နောက် တောင်သူတွေရဲ့လယ်ယာထွက်ကုန်တွေကို ဝယ်ယူရာမှာလည်း ယှဉ်ပြိုင်တဲ့ဈေးကွက် ဖြစ်ပေါ်လာစေဖို့ အစိုးရအနေနဲ့ ဥပဒေ၊ မူဝါဒတွေ ချမှတ်ပေးဖို့လည်း လိုတယ်”ဟု ပြောသည်။

ပြီးခဲ့သည့်နှစ်များက မြန်မာနိုင်ငံတွင် စပါးဈေးနှုန်းတက်လာခဲ့သော်လည်း စပါးတစ်ဧကအထွက်နှုန်းမှာ တိုးတက်မလာခဲ့သည့်အပြင် ဒေါ်လာဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် သွင်းအားစုစရိတ်များမှာလည်း မြင့်တက်ခဲ့သည့်အတွက် လယ်သမားများ၏ဝင်ငွေမှာ ပို၍ပင်နည်းသွားနိုင်ကြောင်းလည်း ၄င်းက ဆိုသည်။ လယ်ယာကဏ္ဍ ထုတ်လုပ်မှု တိုးတက်လာပါက ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုတွင်ပါ ကျယ်ပြန့်လာမည်ဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် စိုက်စရိတ်ချေးငွေစနစ်ကိုလည်း ပုဂ္ဂလိကပိုင်းနှင့်ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသင့်ကြောင်းလည်း အကြံပြုပြောကြားသည်။

“ကျွန်တော်တို့ လယ်ယာကဏ္ဍမှာ ပြည်တွင်းရော၊ ပြည်ပကရော ရင်းနှီးမြှုပ်နှံမှု နည်းနေတယ်။ အဓိက စားသောက်ကုန်တွေဖြစ်တဲ့ ဘဲဥတို့၊ ပုစွန်သားပေါက်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးတွေကိုတောင် ပြည်ပကနေ တင်သွင်းနေရတယ်။ နောက်ဆုံး ဆားတောင် ထိုင်းက တင်သွင်းနေရတယ်”ဟုလည်း ဦးရဲမင်းအောင်က ဆိုသည်။

၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်စာရင်းများအရ မြန်မာနိုင်ငံမှ လယ်သမားတစ်ဦး၏ လယ်တစ်ဟက်တာ(၂ ဒသမ ၅ ဧကကျော်)အတွက် မိုးစပါးတစ်ရာသီစိုက်ပျိုးမှုမှ ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁၄ ဒေါ်လာခန့်သာရှိပြီး မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုအားနည်းသည့် ကမ္ဘောဒီးယားနိုင်ငံမှ လယ်သမားတစ်ဦး၏ မိုးစပါး တစ်ရာသီဝင်ငွေက အမေရိကန်ဒေါ်လာ ၃၀၀ ကျော် ရရှိကြောင်း သိရသည်။ မြန်မာ့စပါးအထွက်နှုန်းကို ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ် ကြည့်ပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ စပါး တန်ချိန် ၂၆ သန်းခွဲ ထုတ်လုပ်နိုင်ခဲ့ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံက တန်ချိန် ၂၇ သန်းနီးပါး၊ အင်ဒိုနီးရှားနိုင်ငံက တန်ချိန် သန်း ၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံက တန်ချိန် ၄၄ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။


MANN
YADANARPON AIRLINES
Enjoy Royal Service!
မြန်မာနိုင်ငံ၏ ပထမဦးဆုံး
နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီး (IATA)၏
ပျံသန်းရေးဆိုင်ရာ လုံခြုံစိတ်ချရမှု
(IOSA) လက်မှတ်ရပြည်တွင်းလေကြောင်းလိုင်း
IATA
Presented to
Mann Yadanarpon Airlines
On the occasion of their Registration as an
IOSA Operator
under the
IATA Operational Safety Audit Program (IOSA)
Registration is valid until 5 August 2018
in accordance with the provisions of the IOSA Program Manual
Senior Vice President
Safety and Flight Operations
ISO
9001
IATA IOSA
Khamti
MYITKYINA
LASHIO
KYAING TONG
MANDALAY
NYAUNG-U
HEHO
TACHILEIK
SITTWE
THANDWE
YANGON
DAWEI
MYEIK
KAWTHAUNG
www.airmyp.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

ကြေညာချက်အမှတ်၊ ၅ /၂၀၁၇
၁၃၇၉ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ ရက် )

အကြောင်းအရာ။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကျင်းပမည့် ရေးဖြေစာမေးပွဲ၌ အင်္ဂလိပ်စာ ဘာသာဖြေဆိုရမည့် အချိန်ပြင်ဆင်သတ်မှတ်ကြောင်းကြေညာခြင်း**

၁။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း( ၁၃ )ခုတို့၌ လစ်လပ်လျက်ရှိသောရာထူး( ၃၈၈ )နေရာရွေးချယ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၈-၃-၂၀၁၇ရက်စွဲပါကြော်ငြာစာအမှတ်၊၁/၂၀၁၇ ဖြင့် မြန်မာ့အလင်းသတင်းစာတွင် ၃-၄-၂၀၁၇ ရက်နေ့နှင့် ကြေးမုံသတင်းစာတွင် ၄-၄-၂၀၁၇ ရက်နေ့တို့၌ ထည့်သွင်းဖော်ပြကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၄င်းကြော်ငြာစာအမှတ်၊၁/၂၀၁၇၏စာပိုဒ်(၁၀)၌ **အင်္ဂလိပ်စာဘာသာဖြေဆိုရမည့်အချိန်ကို ၁၂ း ၀၀ နာရီမှ ၁၄ း ၀၀နာရီအထိ ဖော်ပြထားရှိရာ ( ယင်းအစား ) ၁၃ း ၀၀ နာရီမှ ၁၅ း ၀၀နာရီ အထိဟု** ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ဤကြေညာချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** များဖြစ်သော **ucsb.imis.com.mm၊ www.ucsb.gov.mm** နှင့် **ucsb myanmar Facebook** တို့တွင်လည်း ဖော်ပြထားပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ လမ်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ရုံးများတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁၄-၆-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၇-၆-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ

**ဝယ်ယူရမည့်နေရာ** - ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်ဦးမြို့နယ် ဖုန်း-၀၆၁-၆၀၂၇၆
- ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဖုန်း-၀၆၁-၅၀၅၆၄

**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ဖုန်း-၀၆၁-၆၀၃၂၀

**တင်ဒါဖွင့်မည့်ရက်** - ၂၈-၆-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆/မမ/CE | ကျောက်မှုန့် (၂၉၄၀)ကျင်း ဝယ်ယူရန်<br>(က) တိုင်းအမှတ်(၈) မုပ္ပလင်ဘူတာ ရထားတွဲပေါ်အရောက်(၁၇၃၀)ကျင်း<br>(ခ) တိုင်းအမှတ်(၅) ရေနီဘူတာ ရထားတွဲပေါ်အရောက်(၁၂၁၀)ကျင်း |

တင်ဒါပိတ်မည့် နေ့/အချိန် ၂၀.၆.၂၀၁၇ (အင်္ဂါနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၂.၆.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ(Euro)တို့ဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၄/မမ/CME (MIT)Kyat | တွဲအကြီးတန်းပြုပြင်ရန် ပစ္စည်း(၃၉၄)မျိုး (သံထည်/ဂဟေ/Bolt & Nut/တွဲအတွင်းပိုင်း/ပိုက်နှင့်ပိုက်ဆက်/လက်သုံးကိရိယာ ပစ္စည်းများ) |
| ၂ | ၂၅/မမ/CME (MIT)Kyat | တွဲအကြီးတန်းပြုပြင်ရန် ပစ္စည်း(၃၃၄)မျိုး (Pin/Bush/Coupler/Bogie/Wear Plate/Rubber/Coil Spring/General/Brake Part ပစ္စည်းများ) |
| ၃ | ၂၇/မမ/CME Kyat | 12V 200Ah Lead Acid Battery (200)Nos |
| ၄ | ၂၈/မမ/CME Kyat | စက်ခေါင်းစက်ရုံ အင်းစိန်နယ်မြေ၌ 11-6.6/0.4KV 500 KVA နှင့် 315 KVA Transformer (၂)လုံး တည်ဆောက်ခြင်း၊ 6.6 KV High Tension Line နှင့် 400V Low Tension Line တည်ဆောက်ခြင်း လုပ်ငန်း များအား Turnkey စနစ်ဖြင့် ဆောင်ရွက်ရန် |
| ၅ | 12(T)10/MR (ISN)Kyat | Spare Parts for DEL (၇၄)မျိုး (Auxiliary, Gear Case, Carbon Brush) |
| ၆ | 12(T)11/MR (YUG)Euro | Axle Shaft and Ball Bearing (၄၆)မျိုး |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၂.၇.၂၀၁၇ (ဗုဒ္ဓဟူးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၂.၆.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291985, 291994

## ရွှေထည်လက်ဝတ်ရတနာများရောင်းချရာတွင် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေးကိစ္စ

၁။ ရွှေထည်နှင့်လက်ဝတ်ရတနာများ ရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံပေးခြင်းအတွက် ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကိုရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကျသင့်အခွန်နှင့်ညီမျှသည့်တန်ဖိုးအတိုင်း ကပ်နှိပ်ထုတ်ပေးစေခြင်းအစီအစဉ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို ရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်ထုတ်ပေးခြင်း အစီအစဉ်အား ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ၁-၆-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ၁-၇-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူ မိဘပြည်သူများအနေဖြင့် ရွှေထည်သီးသန့်ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၁ ရာခိုင်နှုန်းကျသင့်မည်ဖြစ်ပါသည်။ ရွှေထည်နှင့်ကျောက်မျက်ရတနာ ပေါင်းစပ်ထားသော လက်ဝတ်ရတနာဖြစ်ပါက တန်ဖိုးအပေါ်တွင် ၁ ရာခိုင်နှုန်းနှင့် ကျောက်မျက်ရတနာ တန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၄။ ရွှေဆိုင်များမှ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်မည့် ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




J-1(100 Ks) J-2(200 Ks) J-3(500 Ks) J-4(1000 Ks) J-5(5000 Ks) J-6(10000 Ks)

၅။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှ နုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်းသိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါအမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်ရပ်အတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ်ငါးသိန်းထက်မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်းပုဂ္ဂိုလ်များသို့ ပေးချေငွေပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန်မလိုအပ်ဘဲ အပြည့်အဝ ပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ အထက(၁) ဒဂုံမှ မယမင်းရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး(ခ)ဦးအောင်မင်းသိန်း ၁၄/ကပန(နိုင်)၂၃၁၇၉၁ ဖြစ်ပါကြောင်း။
**ဦးတင်ဦး (ခ) ဦးအောင်မင်းသိန်း**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ အမက(၁) ဒဂုံမှ မသက်နှင်းစု၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး(ခ)ဦးအောင်မင်းသိန်း ၁၄/ကပန(နိုင်)၂၃၁၇၉၁ ဖြစ်ပါကြောင်း။
**ဦးတင်ဦး (ခ) ဦးအောင်မင်းသိန်း**

**အမည်ပြောင်း**

ကျောက်တံခါးမြို့နယ်၊ သမင်အင်းကုန်းကျေးရွာအုပ်စု၊ အနောက်ပိုင်းရပ်ကွက်နေ ဦးပွင့်ကောင်း-ဒေါ်လှဝင်းမေတို့၏သား စောမင်းဇော်ဦး ၇/ကတခ(နိုင်)၀၈၂၄၀၃ အား ယနေ့မှစ၍ စောမင်းဇော်သိန်းဟုခေါ်ဆိုပါရန်။

**စောမင်းဇော်သိန်း**

## အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၁၆)နေရာအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပြီး ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူများ လျှောက်ထားနိုင်ပါသည်။

၂။ **လျှောက်ထားသူများသည်-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၆-၂၀၁၇ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(ဃ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ရမည်။ (ကျွမ်းကျင်မှုအား လက်တွေ့စစ်ဆေးပါမည်။)

၃။ **လျှောက်လွှာတွင်-**

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့်အသက်

(ဂ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(ဃ) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်

(င) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်း၏အလုပ်အကိုင်

(စ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(ဆ) အမြဲတမ်းနေရပ်လိပ်စာတို့ကို မှန်ကန်စွာ ဖော်ပြရမည်။

၄။ **လျှောက်လွှာနှင့်အတူ**

(က) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ ၃ ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) ခြောက်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း

(စ) အမျိုးသားလွှတ်တော်ရုံး(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာတို့ ပူးတွဲပါရှိရမည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်သို့ လိပ်မူ၍လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ ၂၃-၆-၂၀၁၇ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်မှုလက်တွေ့စစ်ဆေးခြင်းကို ၂-၇-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို ၃-၇-၂၀၁၇ ရက်(တနင်္လာနေ့) တွင်လည်းကောင်း၊ နံနက် ၉:၀၀နာရီမှစတင်၍အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၆-၂၀၁၇ ရက်(သောကြာနေ့)တွင် လွှတ်တော်ရုံး၊ ဂိတ်အမှတ် ၂ ရှေ့၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**၈။ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော်ရုံး ဖုန်း-၀၆၇-၅၉၁၂၄၁၊ ၅၉၁၂၄၀ နှင့် ၅၉၁၂၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များအတွက် လိုအပ်သောအောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Copier | 60 Nos |
| (ခ) | Desktop Computer | 215 Sets |
| (ဂ) | Laptop Computer | 28 Nos |
| (ဃ) | Laser Printer | 72 Nos |
| (င) | Colour Printer | 37 Nos |
| (စ) | Digital Copy Printer | 1 No |
| (ဆ) | UPS | 30 Nos |
| (ဇ) | Ricoh (Digital Duplicator) | 1 No |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၂-၇-၂၀၁၇ရက် ညနေ ၁၅:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၁၀သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဂျပန်နိုင်ငံ၏ ချေးငွေအကူအညီဖြစ်သော JICA ODA Loan ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်သည့် ဒိုက်ဦး-စစ်တောင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား အောက်ပါအတိုင်း တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| စဉ် | လမ်းအမည် | လုပ်ငန်းပမာဏ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁ | ဒိုက်ဦး-စစ်တောင်းလမ်း- {PW-16(1)} (မိုင် ၉/၂+၃၅၆'-မိုင်၁၅/၀) | ၅မိုင်၅ဖာလုံ၃၀၄ပေ | ၁၈' အကျယ် ကတ္တရာလမ်း |
| ၂ | ဒိုက်ဦး-စစ်တောင်းလမ်း {PW-16(2)} (မိုင် ၁၅/၀-မိုင် ၂၁/၄+၅၄၀') | ၆မိုင်၄ဖာလုံ၅၄၀ပေ | ၁၈' အကျယ် ကတ္တရာလမ်း |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၇ ရက်မှ ၂၁-၆-၂၀၁၇ ရက်ထိ

၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၇-၈-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၂-၈-၂၀၁၇ရက် မွန်းလွဲ ၁:၃၀နာရီ

၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်း(၅၀၀၀၀/-)နှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် ၁၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၆၅၈၊ ၀၆၇-၄၀၇၅၈၃**

## ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကယားပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** / **လုပ်ငန်း**

(က) ကယားပြည်နယ်၊ လွိုင်ကော်မြို့ — (၄)ခန်းတွဲ (၃)ထပ် (၁၂ယူနစ်ပါ) (RC)အဆောက်အအုံ (၅)လုံး၊ (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) — Lot (၅)ခု

(၂)ခန်းတွဲ (၃)ထပ်တိုက်(၆ယူနစ်ပါ) (RC)အဆောက်အအုံ(၁)လုံးနှင့် ဒု-ညွှန်ကြားရေးမှူးနေအိမ်(၁)ထပ် (RC)အဆောက်အအုံ(၁)လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) — Lot (၁)ခု

(ခ) ကယားပြည်နယ်၊ ဘော်လခဲမြို့ — (၄)ခန်းတွဲ (၃)ထပ် (၁၂ယူနစ်ပါ) (RC)အဆောက်အအုံ(၂)လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) — Lot (၂)ခု

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၂-၇-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)
**အချိန်** - ၁၂:၀၀နာရီ

၄။ Lot(၁)ခုလျှင် တင်ဒါလျှောက်လွှာ(၁)စောင်နှုန်းဖြင့် Lot (၈)ခု ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ **(တင်ဒါကော်မတီ)**

**ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆**

## မြွေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော **မြွေပွေး(၁၂၀၀)ကောင်နှင့် မြွေဟောက် (၄၀၀)ကောင်** ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သား အထက်ရှိရမည်ဖြစ်ပြီး တန်ဖိုးမှာ (၄၀၀၀/-)နှုန်းဖြင့် စက်ရုံသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)**
**ဆေးဝါးစက်ရုံလမ်း၊**
**ကြို့ကုန်းအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃**

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန (၁/၂၀၁၇-၂၀၁၈)အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်း(၉)မျိုးကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Air Conditioner (1.5/3HP) | ၈ လုံး |
| ၂။ | Computer (Laptop/Desktop) | ၁၀ လုံး |
| ၃။ | Color Printer နှင့် UPS (650 V/A) | ၃၁ လုံး |
| ၄။ | တာယာနှင့်ဘက်ထရီအမျိုးမျိုး | ၁၀၄ လုံး |
| ၅။ | အင်ဂျင်ဝိုင်အမျိုးမျိုး(၅ လီတာ/၁လီတာ/ပီပါဆီ) | ၃၀၀ ဘူး/၂ပီပါ |
| ၆။ | ရုံးသုံးစာရေးကိရိယာ(A4 70gsm/စစ်တောင်း/စက္ကူဖိုင်/Lဖိုင်) | ၁၀၀၀ ထုပ်/၁၀၀ ထုပ်/၂၀၀ ထုပ်/၅၀၀ ထုပ် |
| ၇။ | Cartridge (Printer/ Copier/ Fax) | ၆၁ ခု |
| ၈။ | GPS (Garmin 64S) | ၄၀ လုံး |
| ၉။ | Drone (DJI Phontom-3)(China) | ၁ လုံး |

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်/အချိန်** - ၁၂-၆-၂၀၁၇ရက် နံနက် ၉:၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၆-၂၀၁၇ ရက် ညနေ ၁၆:၃၀ နာရီ
**ဆက်သွယ်ရန်လိပ်စာ** - အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၂-၅၇၀၃၈၊ ၀၉-၉၇၇၂၇၆၁၃၅

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)**
**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့**

## ဒေါ်ဂျာစင်နှင့်အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ အမှတ် (၉၄) နေ ကျွန်တော် ဦးကျော်စိုးဝင်း ၁/မကန(နိုင်)၁၁၉၃၄၅ မှ ဇနီးဖြစ်သူ ဒေါ်ဂျာစင် ၁/မကန(နိုင်)၁၁၀၀၇၁အား လူမှုရေးပြဿနာများဖြေရှင်းရန် အကြိမ်ကြိမ်လာရောက်ရန်ခေါ်ပါသော်လည်း လာရောက်ရင်ဆိုင်ဖြေရှင်းခြင်းမရှိခဲ့ပါ။ သို့အတွက် မိမိတို့၏ လူမှုရေးပြဿနာများအား သက်ဆိုင်ရာလူကြီးများရှေ့မှောက်၌ ဖြေရှင်းလိုပါသဖြင့် ဤကြေညာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် သွေးဆောင်ဖြားယောင်းထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးဝင်း**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ချောင်းရှည်အလယ်တန်းကျောင်းခွဲ သတ္တမတန်းမှ မောင်ဝေဦးနိုင်၏ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၉/ညဥန(နိုင်)၀၅၀၃၄၄ ဖြစ်ပါကြောင်း။

**ဦးမြင့်အောင်**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အထက (၂) နဝမတန်းမှ မောင်စွမ်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဝင်း ၁၄/အဂပ(နိုင်)၁၂၈၉၅၆ ဖြစ်ပါသည်။

**ဦးဝင်းဇော်ဝင်း ဆရက(၂/၁၀၀၀)**

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မံအင်မင်းကုန်းအုပ်စု၊ အရှေ့ကုန်းကျေးရွာနေ ဦးမောင်ဝင်းထွန်း၏ အမည်မှန်မှာ ဦးဝင်းကျော် ၅/ဗမန(နိုင်)၀၄၀၁၂၆ ဖြစ်ပါကြောင်း။ **ဦးဝင်းကျော်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ပုတီးကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မခင်မိုးသူ၏ ဖခင်အမည်မှန်မှာ ဦးဆန်းလှိုင် ၇/သကန(နိုင်) ၀၉၅၁၆၀ ဖြစ်ပါကြောင်း။

**ဦးဆန်းလှိုင်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကံငယ်ရွာ အလက(ခွဲ) ပဥ္စမတန်းမှ မောင်ဘုန်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ဝင်း ၇/သကန(နိုင်)၁၄၀၄၃၉ ဖြစ်ပါကြောင်း။

**ဦးတင်နိုင်ဝင်း**

### အမည်ပြောင်း

ဦးအောင်မြင့်၏သား ဒဂုံ(၂)မြို့မကျောင်း အဋ္ဌမတန်း(A)မှ မောင်မင်းသူအောင်အား မောင်မင်းသူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းသူ**

### အမည်ဖြည့်စွက်ခေါ်ပါရန်

မရမ်းကုန်းမြို့နယ် အမှတ် (၁၀) ရပ်ကွက် ပါရမီလမ်း ကပစတပ်ဝင်းနေ ဦးမြင့်ဝေ၏သား မင်းသူဇင်ကျော် ၁၂/မရက(နိုင်)၁၃၀၇၇၇ အား မင်းသူဇင်ကျော်(ခ)မင်းသူဇင်ဟု ဖြည့်စွက်ခေါ်ပါရန်။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံ အထက အမှတ် (၅) သတ္တမတန်း (F) မှ မောင်ကြယ်စင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၇/ပတတ(နိုင်) ၁၂၄၀၉၇ ဖြစ်ပါကြောင်း။

**ဦးမင်းဇော်ဦး**

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက၊ ကျော့ခမယ်၊ တက္ကသိုလ်ဝင်တန်းမှ မသဇင်နွယ် ၃/မဝတ(နိုင်)၀၇၀၉၃၄၏ ဖခင်အမည်မှန်မှာ မောင်သန်း ၃/မဝတ(နိုင်)၀၀၂၃၈၃ ဖြစ်ပါကြောင်း။

**မောင်သန်း**

# အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုမ္ပဏီ(၆)ခုသည် အခွန်ကိစ္စများရှင်းလင်းဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရသော်လည်း လာရောက်ရှင်းလင်းဆောင်ရွက်ရန် ကျန်ရှိနေပါသဖြင့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ ဇွန် ၂၅ရက် နောက်ဆုံးထား၍ သွားရောက်ဆက်သွယ်ပြီး အခွန်ဆိုင်ရာရှင်းလင်းဆောင်ရွက်ပါရန် အသိပေးအပ်ပါသည်။

သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| စဉ် | ကုမ္ပဏီအမည် | မှတ်ချက် |
|---|---|---|
| ၁ | မဏိဇောတကုမ္ပဏီလီမိတက် Mani Zaw Ta Co.,Ltd | အမှတ် ၇၀၊ ကနောင်မင်းသားကြီးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | အေကေယုံဖူကုမ္ပဏီလီမိတက် AK Yong Fu Co.,Ltd | အမှတ် ၂၂၊ အကွက်အမှတ် ၃၆၄၊ ရန်ကုန်-ပုသိမ်လမ်း၊ ကူးချောင်းရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃ | ဆင်စွမ်းအားရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Elephant Power Trading Co.,Ltd | အမှတ် ၂၀၆၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄ | စည်းလုံးညီညွတ်ခြင်းအုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် United Group of Trading Co.,Ltd | အမှတ် ၂၅၊ တတိယထပ်၊ သီရိမွန်လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | ကံကောင်းသောရွှေလွယ်အိတ် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Golden Lucky Bag Trading Co.,Ltd | အမှတ် ၁၀၊ ရှင်စောပုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆ | ရွှေပျားအပြည့်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Golden Bee International Trading Co.,Ltd | အကွက်အမှတ်(၈/၉၊ ၂၃/အေ)၊ လမ်း ၆၀၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ဆက်သွယ်ရန် - အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး**
**အမှတ် ၁၃၂/၁၃၈၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Email** - **ltomyanmar2014@irdmyanmar.gov.mm**
**Phone** - **01-384812,384797,384512**

**ပြည်တွင်းအခွန်များဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးကောင်စစ်(ငြိမ်း) အသက်(၈၂)နှစ်
ကြည်း-၆၇၆၄၊ O.T.S (10)
**ရှမ်းပြည်နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်(ငြိမ်း)**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ ရှမ်းကျောင်းလမ်း၊ အမှတ် ၈/၃၅၉ နေ(ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ဦးစိုင်းထွန်းတင့်(သီပေါ)၏အစ်ကို၊ ဦးစိုင်းမြင့်သောင်း-ဒေါ်ခင်သန့်စင်၊ ဦးဒေါင်းတင့်-ဒေါ်နန်းတင်တင်ဝေ၊ ဦးလွန်းဘော်-ဒေါ်နန်းစန္ဒာအေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းယဉ် (ကျောက်ဆည်)
အသက်(၈၅)နှစ်

ဦးကောင်းမြတ်သိန်း (ဒု-ညွှန်မှူး၊ တည်ဆောက်ရေး-၉၊ ဆည်/ရေဦးစီးဌာန) - ဒေါ်နီနီစိုးတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် အမှတ် ၅၂၁/က၊ ရန်ကုန်-ပြည်လမ်း၊ ကိုးလုံးကွင်း၊ မော်ဘီနေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်လှိုင်နှင့် ဇနီး ဒေါ်စန္ဒာခင် မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းယဉ် (ကျောက်ဆည်)
အသက်(၈၅)နှစ်

ဦးကောင်းမြတ်သိန်း (ဒု-ညွှန်မှူး၊ တည်ဆောက်ရေး-၉၊ ဆည်/ရေဦးစီးဌာန) - ဒေါ်နီနီစိုးတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် အမှတ် ၅၂၁/က၊ ရန်ကုန်-ပြည်လမ်း၊ ကိုးလုံးကွင်း၊မော်ဘီနေအိမ်၌ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဦးကိုကိုကြီး (ဆင်မြီးဆွဲ-ပြည်)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**
အသက်(၈၂)နှစ်

ပြည်မြို့၊ ဘုရားနီလမ်း၊ ဆင်စုရပ်၊ အမှတ် ၁၇၄နေ (ဒေါ်ခင်ခင်အေး)၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းမြ၊ ဦးအောင်အောင်ကျော်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသက်နိုင်ဇော်-ဒေါ်ဇင်လဲ့ဝင်းခိုင်၊ ဗိုလ်မှူးကြီးကျော်ကျော်မင်း-ဒေါ်ထွေးထွေးလှတို့၏ဖခင်၊ မနဒီဝင့်အောင်၊ မမေမြတ်နိုး၊ မောင်အောင်ထက်ဦး၊ မောင်ဥက္ကာဗိုလ်တို့၏အဘိုးသည် ၁၁-၆-၂၀၁၇ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမော်မော်(ခ)ဦးလူမော်ဟိန်း
**M.Sc. (Q); R.L; D.A; D.E.P**
အသက်(၆၈)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ကျွဲဆည်ကန်ဓမ္မာရုံလမ်း၊ အမှတ်(ဃ/၃)နေ ဒေါက်တာဦးချစ်မောင်-(ဒေါ်မြင့်မြင့်ချစ်) ဒေါ်ခင်နွဲ့ကြည်တို့၏သား၊ ဒေါ်အေးအေးချစ် (အင်ဂျင်နီယာ၊ ငြိမ်း)၏မောင်၊ ဒေါက်တာဇော်မြင့်မောင်-ဒေါက်တာယုယုမေ၊ ဦးခင်မောင်ဝင်း-ဒေါ်မြတ်မြတ်ချစ်၊ ဒေါ်ဝါဝါချစ်(အင်ဂျင်နီယာ)၊ ဒေါက်တာယုယုချစ်၊ ဒေါ်ပိုပိုချစ်(အင်ဂျင်နီယာ)၊ ဒေါက်တာသင်းသင်းချစ်၊ ဦးကျော်တိုး-ဒေါက်တာလင်းလင်းချစ်တို့၏အစ်ကိုသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် တောင်အင်း မြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ဝင်းဝင်းတင်
အသက်(၅၉)နှစ်

အမှတ် ၃၅၂၊ဆရာစံလမ်းသွယ်(၂)၊စက်မြေရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဟေသီသောင်းဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင် ဒေါ်ဝင်းဝင်းတင်သည် ၈-၆-၂၀၁၇ရက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## ဦးရန်အောင်မြင့် (George) အသက်(၅၆)နှစ်
**B.Sc (Physics)၊ မန္တလေးတက္ကသိုလ်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**စစ်တွေမြို့၊ ရခိုင်ပြည်နယ်**

ရန်ကုန်မြို့နေ [ဦးစံမြင့်(၁)၊ မြန်မာ့သစ်လုပ်ငန်း-ဒေါ်ခင်သန်းမြင့်]တို့၏သား၊ [ဦးအောင်မြင်၊ တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)-(ဒေါ်ခင်သန်းတင့်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)]တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၂၊ ရွှေလဝင်းလမ်း၊ ငါးလွှာနေ ဒေါ်မိမိအောင်(ဒုတိယညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် တရားလွှတ်တော်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာငြိမ်းထက်ရန် (တတိယနှစ်၊ကလေးဆေးပညာဘွဲ့လွန်၊ရန်ကင်း ကလေးဆေးရုံကြီး)၊ဒေါက်တာသည်းသုသုရန် (လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ (ဦးဇော်ဝင်းမြင့်)-ဒေါ်ခင်ခင်လေး၊ (ဦးကျော်ဇောမြင့်)-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ဝင်းမြင့်(PIELC)၊ ဦးသန်းထွန်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ အကတိတိုက်ဖျက်ရေး) - ဒေါ်မြတ်မွန်အေးတို့၏ ညီ/မောင်၊ ဒေါက်တာမောင်မောင်အောင် (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်အထူးကု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါ်ဆွေဆွေဦး၊ ဦးညီညီအောင်၊ ဦးရဲဒင်မိုး (Senior Lecturer BCA Acedamy)-ဒေါ်မိုမိုအောင်၊ ဦးဝင်းမျိုးမြင့်-ဒေါ်သိမ့်သိမ့်အောင်တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေးသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၆နာရီတွင် စစ်တွေမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်အေး (ဇာမဏီသက်န်းတိုက်)
**စစ်ကိုင်းတောင်ရိုး မဟာသုဗောဓာရုံကျောင်းတိုက်**
**ကမ္ဘောဇ မဇ္ဈိမကျောင်း**
အသက်(၉၄)နှစ်

မန္တလေးတောင်ခြေ၊ မဟာဓမ္မိကာရာမ၊ ရွှေကျင်တိုက်မကြီးဆရာတော် ဦးဘုတ်ထိဝရ၏ ရဟန်းမယ်တော်ကြီး၊ မန္တလေးမြို့၊ ၂၇လမ်း၊ ၈၆လမ်း×၈၇လမ်းကြား၊ အိမ်တော်ရာဆင်တံတားရပ်နေ ဦးငွေးကြူ-ဒေါ်ခင်မျိုးတင်(ဇာမဏီကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ခင်မျိုးသင်း(ဇာမဏီသင်္ကန်းတိုက်)၊ ဒေါ်ခင်မျိုးနှင်း၊ ဦးမြင့်သိန်း-ဒေါ်နန်းအေးအေးလွင်၊ ဦးကျော်ဆန်း-(ဒေါ်သန်းသန်းငွေး)၊ ပလိုင်းရပ်နေ ဦးမျိုးသန့်-ဒေါ်စန်းစန်းဝင်း(သိန်းသန်းငွေး အော့စ်ဆက်နှင့် မျိုးမြန်မာသင်္ကန်းတိုက်)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီး၊ ပွဲစားကြီး(ဦးမျိုးတင်)၏ဇနီးသည် ၁၁-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (Margratte)
အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဝတ်လုံတော်ရ ဒေါက်တာဦးသိန်း-ဒေါ်လှတင်)တို့၏သမီး၊ [(ဦးအောင်ချမ်း)(နယ်စီးတောအုပ်ကြီး)-ဒေါ်စိန်မြ]တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ သုံးလွှာ(အေ)နေ ဦးဘုန်းအောင်ကျော် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဒေါက်တာဉာဏ်လင်း (ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွေးကုဦးစီးဌာန)-ဒေါ်မြင့်မြင့်စိန်(အထက-၃၊ လှိုင်)၊ ဦးသိန်းတန် (အငယ်တန်းအင်ဂျင်နီယာ၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးမျိုးမျိုး(အငယ်တန်းအင်ဂျင်နီယာ၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊သိမ်ဖြူသင်္ဘောကျင်း)၊ ဦးမျိုးအောင်(မေမြန်မာအောင်ဆောက်လုပ်ရေး)-ဒေါ်အိအိမေ၊ ဒေါ်လင်းလင်းမေ၊ ဦးညီညီကျော်(1st E. GEWIN MARITIME CO.,LTD)-ဒေါ်ခင်ဝင်းဖြူတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာအောင်ဘိုဘိုဝင်း (လက်ထောက်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)-မစုစုဇင်မေ၊ မောင်ရဲထက်အောင် (OILER) DAGON LIN SHIPPING MARITIME၊ မောင်အောင်ညီဖြိုး (Grade-9, G၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏အဘွားသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) ည ၇း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုယဉ်
အသက်(၈၁)နှစ်

ကော့ကရိတ်မြို့၊ (၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၉နေ (ဦးရီ-ဒေါ်ငွေသီး)တို့၏သမီး၊ (ဦးဟန်ငါး-ဒေါ်အိုက်အင်း)တို့၏သမီးချွေးမ၊ ဦးထွန်းလှိုင်၏ဇနီး၊ ဒုရဲမှူးကြီးသိန်းဦး(ယာဉ်ထိန်းရဲတပ်ဖွဲ့)-ဒေါ်မြမြလှိုင်၊ (ဦးထွန်းဝင်း)-ဒေါ်ခင်ခင်လှိုင်၊ ဦးသိန်းလှိုင်-ဒေါ်ဥမ္မာ၊ ကိုအောင်လှိုင်၊ ကိုအောင်မြင့်ထွန်း၊ ဦးဉာဏ်မြင့်-ဒေါ်စန်းစန်းလှိုင်၊ (မောင်မျိုးဝင်းထွန်း)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကော့ကရိတ်မြို့၊ (၇)ရပ်ကွက်၊ ခင်နိမ်းမူ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၆-၂၀၁၇ရက် (စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး
## ဦးဇော်ဝင်း (ပေါက်တန်း/ဒိတ်ကုန်း)
**သမဝါယမ၊ န·က·စ၊ န·အ·ဖ၊ န·တ·လ၊ နယ်စပ်စည်ပင်**
**ဒု/ညွှန်မှူး(ငြိမ်း)**
**Winning Security Group - အကြံပေး(ငြိမ်း)**
**ဆောင်းပါးရှင် ဝရဇိန်**
အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ဟုမ်းလမ်း(၄)လမ်း၊ အမှတ် ၁၆၄နေ (ဦးသိန်းဟန်-ဒေါ်ခင်စိုး)တို့၏သား၊ ဦးခင်မောင်နိုင် ဘလက(ငြိမ်း)-(ဒေါ်ကြူကြူသန်း)၊ ဒေါ်စန်းစန်းနွဲ့တို့၏အစ်ကို၊ မောင်တင်အောင်-မခင်မျိုးမြတ်စံ(ခ)မကော်နီကာတို့၏မွေးစားဖခင်၊မယုယုပိုင်(ခ)ယွမ်ယွမ်၏အဘိုးသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းရွှေဦး
**B.Sc, Physics**
**AGTI-MP (Mdy)**
**ခရိုင်ဦးစီးဌာနမှူး၊ မိတ္ထီလာခရိုင်**
**စက်မှုလယ်ယာဦးစီးဌာန**
အသက်(၅၄)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၆)ရပ်ကွက်နေ ဦးအေးမောင်(ဦးစီးမှူး၊ ငြိမ်း၊ ငွေရေးကြေးရေး ကြီးကြပ်ရေးဦးစီးဌာန) - ဒေါ်ခင်ဥတို့၏ သား၊ (ဒေါက်တာခင်မောင်အေး)၊ ဦးထွန်းဝေစံ၊ဦးဝင်းမြင့်မောင်တို့၏ညီ၊ဦးကျော်ကျော်စိုး၏အစ်ကို၊ မိတ္ထီလာမြို့နေ ဒေါ်သီတာအေး(စာရင်းကိုင်-၃)၊ (၆၇)စက်မှုလယ်ယာစခန်း၊ ပျော်ဘွယ်မြို့နယ်၏ခင်ပွန်း၊ မမြသန့်ဇင်(KMY ဆောက်လုပ်ရေး Construction၊ မန္တလေးမြို့)၏ဖခင်သည် ၁၁-၆-၂၀၁၇ရက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် နေအိမ်မှ ကြာအင်းမိတ္ထီလာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်သည်။

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

သထုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးတက်ထွန်း(ခ)
## ဦးကြင်မီ (သထုံ)
**သစ်လုပ်ငန်း(ငြိမ်း)**
**အသင်းဝင်အမှတ်(၂၇၆)**
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၄၂/၁၄၄နေ ဒေါ်အယ်နီသိန်း၏ခင်ပွန်း၊ ဦးကိုကိုမောင်-ဒေါ်ဥမ္မာထွန်း၊ ဦးမောင်မောင်နိုင်-ဒေါ်မိုးမိုးထွန်း၊ ဒေါ်ညိုမီမီထွန်း၊ ဦးဇော်မင်းထွန်း - ဒေါ်ဝင်းဝင်းမော်၊ ဦးအောင်မော်ဦး၊ ဦးမျိုးကျော်ထွန်း-ဒေါ်ခင်လဲ့လဲ့ဇင်၊ဦးကျော်စိုး-ဒေါ်ကေသွယ်မြတ်မြတ်ထွန်းတို့၏ဖခင်သည် ၉-၆-၂၀၁၇ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကဝိန္ဒ
**(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ L.L.B မဟာဂန္ထဝါစကပဏ္ဍိတ)**
**စစ်ကိုင်းမြို့၊ ထားဝယ်ဈေးရပ်မဟာသိမ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်**
**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၆၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ထားဝယ်ဈေးရပ် မဟာသိမ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ L.L.B မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၄ရက်) ၈-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) ၂၁-၆-၂၀၁၇ရက်တွင် စံကျောင်းချပူဇော်မည်ဖြစ်ပြီး (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်) ၂၂-၆-၂၀၁၇ရက်တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းယဉ် (ကျောက်ဆည်)
အသက်(၈၅)နှစ်

ကျောက်ဆည်မြို့နေ (ဦးရှုမောင်-ဒေါ်ပုကြီး)တို့၏သမီး၊ ဦးဘဇော်(တိုင်းဥပဒေအရာရှိ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဒေါ်ညွှန့်ညွှန့်ယဉ်-ဦးသန်းအောင်)တို့၏ညီမ၊ (ဒေါ်မြမြသန်း-ဦးလွယ်လွယ်)၊ ဦးကိုကိုမောင်-ဒေါ်သောင်းသောင်းတို့၏အစ်မ၊ ဒေါ်လှယဉ်ကျေး(အထက်တန်းပြ၊ အထက-၃၊ ဗိုလ်တထောင်)-ဦးကျော်တင့်ဆွေ(လ/ထညွှန်မှူး၊ အိုး/အိမ်ဦးစီးဌာန၊ လှိုင်ကော်)၊ ဗိုလ်မှူးဖြူစင်သိန်း(ကရတ)-ဗိုလ်ကြီးဒေါ်ခင်နှင်းနှင်း(ငြိမ်း)၊ ဗိုလ်မှူးကြီးအောင်ခင်သိန်း(စစ်ဥပဒေချုပ်ရုံး)-ဒေါ်သင်းကြူစိုး(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်လှယဉ်မွေး(ဦးစီးအရာရှိ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးချုပ်)-ဦးဇော်ဇော်[လ/ထ ညွှန်မှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖျာပုံမြို့]၊ ဦးကောင်းမြတ်သိန်း(ဒု-ညွှန်မှူး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန]-ဒေါ်နီနီစိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၀နာရီတွင် အမှတ် (၅၂၁/က)၊ ရန်ကုန်-ပြည်လမ်း၊ ကိုးလုံးကွင်း၊ မော်ဘီနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မော်ဘီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ဝင်း (အုတ်ဖို)
အသက်(၈၁)နှစ်

(ဆရာကြီး ဦးကျင်ရှိန်-ဒေါ်ချယ်ရီ)တို့၏သမီး၊ (ဦးမြင့်အောင်)၏ဇနီး၊ ဦးသန်းဝင်း(မာလာမြိုင်)-ဒေါ်ရီရီလွင်(စိုက်/ဦးစီး)၊ ဦးစိန်မင်း(MOGE Rtr)-ဒေါ်သူသူမိုး၊ ဦးဇော်ဝင်း-ဒေါ်ခင်မာချို(GHIH)၊ ဦးဇော်လွင်ချို-ဒေါ်ဝါဝါဝင်းကျော်ထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၁-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၂း၀၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၄ (က)၊ စံရိပ်ငြိမ် ၁လမ်း၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။][ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်မြင့်
**ဒုအရာခံဗိုလ်(ငြိမ်း)**
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်သစ္စာ ၂လမ်း၊ အမှတ် ၁၀နေ(ဦးချစ်မြ-ဒေါ်သိန်းနွဲ့)တို့၏သား၊ ဦးသက်စိန် [ဖြူးမြို့နယ်၊ အမှတ်(၁) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်]-ပါမောက္ခ ဒေါက်တာအေးအေးမြင့်(ဝိတိုရိယဆေးရုံ)၊(ဦးဝေလွင်၊ စုံမှူး၊ စ·စ·စ၊ ငြိမ်း) - ဒေါ်အေးအေးထွန်း (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်၊ ငြိမ်း)တို့၏ဖခင်၊ မိုးဝေစိုး၊ မင်းသီဟသူတို့၏အဘိုးသည် ၁၁-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (အမှတ် ၂၃၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှရီ (ထားဝယ်)
အသက်(၇၃)နှစ်

(ဦးဘကွင်း-ဒေါ်စောလှ)တို့၏သမီးချွေးမ၊ (ဦးလွန်းစီ-ဒေါ်ထူးရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၀၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမြင့်ထွေး)-ဒေါ်နှင်းထားဦး၊ ဦးကျော်ဝင်းမင်း-ဒေါ်စုယဉ်အောင်၊ ဒေါ်သက်နှင်းဟန်တို့၏မိခင်၊ မောင်သော်ဇင်၊ မောင်တင်ဦးခိုင်-မသက်သက်ယု၊ မပြည့်ဖြူဇင်၊ မောင်အောင်ခန့်၊ မောင်ရှိုင်းလွင်တို့၏အဘွားသည် ၁၀-၆-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၆-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်ရီ
**(ကုန်သွယ်/လယ်ယာ)**
အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း(အပေါ်)၊အမှတ်၂၄၁၊ လေးလွှာ(ဝဲ)နေ (ဦးခင်မောင်ငွေး)၏ဇနီး၊ မစန္ဒာငွေး၊ မငွေးငွေးရီ၊ မအေးအေးကျော်တို့၏မိခင်သည် ၁၁-၆-၂၀၁၇ရက် နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဆရာဦးအေးထွန်း
**(Maritime Instructor MMEA/METC)**
**(ပြည် GTI)**
အသက်(၇၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ဂူရပ်ကွက်၊ အောင်ဆန်းမြို့၊ ဇေယျာသီရိလမ်း၊ အမှတ် (၅၅-က)နေ (ဦးကျော်သောင်း - ဒေါ်အေးရှင်)တို့၏ သား၊ (ဦးတွန်တီး - ဒေါ်စိန်ရင်)တို့၏ သားသမက်၊ဒေါ်ထွေးလှ၏ခင်ပွန်း၊ဦးအောင်ကျော်ထွန်း(CHIEF OFFICER P.I.L LINE)-ဒေါ်သီသီဝင်း၊ မောင်ဝင်းထွန်းတို့၏ဖခင်၊ မသန့်ဖြူစင်ထွန်း၏အဘိုးသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၆-၂၀၁၇ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်စန်းရီ(ခ)
## ဒေါ်သီလထေရီ (သဲအင်း)
**ဖျာပုံ၊ ရေကြည်**
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ မဠူ ၃လမ်း၊ အမှတ် ၃၄နေ (ဦးဆိပ် - ဒေါ်သိန်းမြ)တို့၏ သမီး၊ ဦးကျော်စိုး-ဒေါ်တင်တင်ဦး၊ (ဦးမြင့်သိန်း၊ ဦးသန်းညွန့်)၊ ဦးဝင်းကြည်ဒေါ်တင်နွဲ့၊ (ဦးကြည်အေး)တို့၏အစ်မသည် ၁၀-၆-၂၀၁၇ရက်နံနက် ၁၀း၄၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်မြင့်မြင့် (Margratte)
အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဝတ်လုံတော်ရ ဒေါက်တာဦးသိန်း-ဒေါ်လှတင်)တို့၏ သမီး၊ [ဦးအောင်ချမ်း(နယ်စီးတောအုပ်ကြီး) - ဒေါ်စိန်မြ]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးခင်မောင်ညွန့်၊ တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံပဗ္ဗလစ်)၊ အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်၊ (ဦးမောင်မောင်သန်း) - Mrs Petty (USA)၊ (ဦးမြင့်ဆွေ - ဒေါ်ညိုညို)တို့၏ ညီမ၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်သန်းမြင့်၊ (ဦးမောင်မောင်နိုင်)တို့၏ အစ်မသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) ည ၇း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု

---

## ဦးသန်းငွေး (ပြင်စလူ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၂၂၀နေ (ဦးထွန်းရှိန် - ဒေါ်ဘီ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးဝင်းလှိုင်၏ညီ၊ ဦးညွန့်ဝေ-ဒေါ်တင်စမ်းတို့၏မောင်၊ ကိုနိုင်ဦး-မငွေးမာ၊ ကိုနိုင်လင်း-မသင်းသင်း၊ ကိုမျိုးဇော်-မလှညွန့်၊ ကိုထွန်းမင်းလတ်-မရတနာတို့၏ဦးလေး၊ မစုဝေ၊ ကိုဟိန်းထွဋ်၊ မမြတ်ရူပါတို့၏ ဘိုးဘိုးလေးသည် ၁၀-၆-၂၀၁၇ရက်(စနေနေ့) ည ၁၁း၃၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



# ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင် ပျက်ကျလေယာဉ်မှ ရုပ်အလောင်းများ ထပ်မံတွေ့ရှိ

Y-8 လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

**နေပြည်တော် ဇွန် ၁၁**

တပ်မတော် Y-8 လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်၌ ယနေ့နံနက်ပိုင်းတွင် ရာသီဉတု အသင့်အတင့်ကောင်းမွန်လာသည့်အတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ငါးဖမ်းစက်လှေများ၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရုပ်အလောင်း ၂၆ လောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ယနေ့ညနေ ၄ နာရီအထိ မောင်းမကန်ကမ်းခြေတစ်လျှောက် ဖြန့်ခွဲထားသည့် မြေပြင်တပ်များနှင့် ဒေသခံပြည်သူများက အမျိုးသားရုပ်အလောင်းရှစ်လောင်း၊ ကလေးရုပ်အလောင်းတစ်လောင်းနှင့် ကျား၊ မ မခွဲခြားနိုင် ရုပ်အလောင်းတစ်လောင်း၊ လောင်းလုံးဘုတ်ကျွန်းအနီး၌ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေသည့် စစ်ရေယာဉ်နှစ်စင်းက အမျိုးသားရုပ်အလောင်းလေးလောင်းနှင့် အမျိုးသမီးရုပ်အလောင်းနှစ်လောင်း၊ ဒေသခံငါးဖမ်းလှေများက အမျိုးသားရုပ်အလောင်း ၁၀ လောင်းထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရုပ်အလောင်း ၂၆ လောင်း ရှာဖွေတွေ့ရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၁၁**

ယနေ့ ည ၈ နာရီ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊

စာမျက်နှာ ၅ ကော်လံ ၁ ✻

## မုံရွာမြို့ ကမ်းနားလမ်းတစ်လျှောက် သာယာလှပရေးအတွက် ကျူးကျော်နေသူများကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းမည်

စာမျက်နှာ - ၅

## ကော့သောင်းမြို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကျင်းပ

စာမျက်နှာ - ၁၄

## ရန်ကုန်မြို့ပေါ်ရပ်ကွက်များ မိုးရာသီရေလျှံမှုလျော့နည်းရေး ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေမြောင်းစနစ်များ ဆောင်ရွက်မည်

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့ပေါ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်သည့်အခါတိုင်း မြို့ပေါ်ရပ်ကွက်များတွင် ရေပြည့်ရေလျှံမှုဒုက္ခများခံစားနေရမှုကို ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် လာမည့်နွေရာသီတွင် ရေမြောင်းစနစ်များ ပြုပြင်ဆောင်ရွက်ခြင်းကို ဒေါ်လာသန်းတစ်ရာ အကုန်အကျခံကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

"ရန်ကုန်မြို့မှာ မိုးရာသီရောက်လို့ မိုးသန်းထည်စွာရွာသွန်းပြီဆိုရင် မြို့ပေါ်လူနေရပ်ကွက်တွေနဲ့ ကားလမ်းမတွေအပြင် ရေမြောင်းတွေမှာ ရေပြည့်ရေလျှံမှုတွေဖြစ်နေတာတွေ့ရတယ်။ ဒီအတွက် ရေမြောင်းတွေ ရှင်းလင်းနိုင်ဖို့ ကျပ်တစ်ဘီလီယံအကုန်အကျခံပြီး YCDC ကနေ ရှင်းလင်းဆောင်ရွက်တာရှိတယ်။ ဒါပေမယ့် မိုးရေတွေအလွန်များပြီး မြောင်းတွေမှာ ပြည့်လျှံနေတဲ့ရေတွေကို စွဲချနိုင်ဖို့ ခံနိုင်ဝန်က လုံလောက်တဲ့အခြေအနေမရှိသေးဘူးဖြစ်နေတယ်။ ဒါက အရင်နဲ့မတူတဲ့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှု၊ အရင်ကထက်လူဦးရေ သိပ်သည်းစွာနေထိုင်မှုအပေါ်မှာလည်း မူတည်တယ်။ ဒါကို ပြုပြင်ပြောင်းလဲဖို့ ကမ္ဘာ့ဘဏ်ကနေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း အကူအညီရဖို့ သဘောတူထားပါတယ်။ လာမယ့်ပွင့်လင်းရာသီမှာ ရေကြီးရေလျှံဖြစ်နေတဲ့ မြောင်းတွေကို ပြင်ဆင်ဖို့ ရေတွေကိုလမ်းတွေပေါ်ကနေ

စာမျက်နှာ ၅ ကော်လံ ၃ ❖



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်မြို့ လမ်းမကြီးများပေါ် ရေလျှံခဲ့သည့်မြင်ကွင်း

